# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခု ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 2 June 2021 ၁၀၃၆၂


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သံလွင်တံတား(ချောင်းဆုံ) ဆိုင်းဘုတ်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

## ယခုတံတားအမည်ပြောင်းလဲသတ်မှတ်မှုသည် ဗိုလ်ချုပ်အောင်ဆန်း လိုလားတောင့်တခဲ့သည့် တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိစေရေးကို ခိုင်ခိုင်မာမာ ဖြစ်စေမည်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သံလွင်တံတား(ချောင်းဆုံ) ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဇွန် ၁**

သံလွင်တံတား(ချောင်းဆုံ)ဆိုင်းဘုတ်ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်နှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာဗညားအောင်မိုး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား ဒေသခံတိုင်းရင်းသားပြည်သူများက ရိုးရာအကအလှများဖြင့် ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


## ကြေးမုံ ယနေ့ဖတ်စရာ



**ဘယ်သူဖျက်ဖျက် တို့မပျက် ပြုံးပန်းဝေစည် ကျောင်းတက်ကြပြီ**


စာမျက်နှာ » ၁၁


**ပန်းကလေးများပွင့်တော့မည် ဖူးတံဝင့်လို့ချီ နေခြည်မှာ ရွှေရည်လောင်း ငါတို့စာသင်ကျောင်း . . .**


စာမျက်နှာ » ၁၆




**နေရစ်တော့ ရွှေခေတ်**


စာမျက်နှာ » ၁၈


**ဆရာ နွမ်ဂျာသိုင်း ၏ အခန်းဆက်ဝတ္ထုရှည်**

**ဒေါင်းယာဉ်ပျံ ဘုံနံဘေးမှာ စာရေးလို့ ထားချင်တယ်**


စာမျက်နှာ » ၂၁


## အနောက်တောင် မုတ်သုံလေ ဝင်ရောက်ပြီ

**နေပြည်တော် ဇွန် ၁**

လွန်ခဲ့သည့် ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

မိုး/ဇလ

ကြေးမုံ

# လောကပါလတရားထွန်းကားမှ လောကချမ်းသာငြိမ်းချမ်းသာယာ

တစ်ပါးသူတို့အား ချီးမြှင့်ခြင်းကို သင်္ဂဟတရားဟုခေါ်သည်။ ဤသင်္ဂဟတရားထွန်းကားမှ လောကကြီးသည် ငြိမ်းချမ်းသာယာဝပြောမည်ဖြစ်သည်။ အခြေအနေအားလျော်စွာ သင်္ဂဟတရားတို့ကို ကျင့်သုံးသောပုဂ္ဂိုလ်တို့သည် ကြီးပွားချမ်းသာကြသည်။ တစ်ဦးနှင့်တစ်ဦး ဆက်ဆံကြရာ၌ ဤသင်္ဂဟတရားများသည် အလွန်အရေးကြီးသော တရားများ ဖြစ်ပါသည်။

ချီးမြှင့်ခြင်းဟူသော သင်္ဂဟတရားမှာ လေးမျိုးရှိပါသည်။ ဒါန – ပေးကမ်းထောက်ပံ့ချီးမြှင့်ခြင်း၊ ပေယျဝဇ္ဇ – ချစ်စဖွယ်စကားတို့ကို ပြောဆိုခြင်းဖြင့် ချီးမြှင့်ခြင်း၊ အတ္ထစရိယာ – သူ့အကျိုးပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ချီးမြှင့်ခြင်း၊ သမာနတ္တတာ – ကိုယ်နှင့်ထပ်တူ ပြုမူဆက်ဆံခြင်းအားဖြင့် ချီးမြှင့်ခြင်းတို့ဖြစ်ပါသည်။ ယခုအချိန်ကာလတွင် ဤသင်္ဂဟတရားလေးပါးနှင့်အညီ နိုင်ငံတော်အစိုးရက ပြည်သူပြည်သားများအား ပြုလုပ်ပေးလျက်ရှိ၏။ ယင်းအမှုသည် ပုံမှန်လုပ်ရိုးလုပ်စဉ်အမှုသာဖြစ်သော်လည်း ယနေ့အချိန်အခါတွင် အထူးအလေးအနက်ထား ချီးမြောက်ရမည့် အခါကာလဖြစ်ပေသည်။

ဒါနဟူသည့် ပစ္စည်းဥစ္စာပေး၍ ချီးမြှင့်ခြင်းဖြစ်သည့် ကျောင်းသား ကျောင်းသူအားလုံးတို့အား ပညာသင်ကြားခြင်းနှင့် သက်ဆိုင်ရာ လိုရာကိစ္စအဝဝတို့ကို ထောက်ပံ့ဖြည့်ဆည်းပေးလျက်ရှိသည်။ ပေယျဝဇ္ဇဟူသည့် ကျောင်းသား ကျောင်းသူကလေးသူငယ်များနှင့် ပြောဆိုဆက်ဆံရာတွင် နားဝင်ချိုသာသော အခေါ်အပြောမျိုးဖြစ်သည့် သားငယ်၊ သမီးငယ်၊ သားလေး၊ သမီးလေးများ စသည်ဖြင့် ခင်ခင်မင်မင်ခေါ်ပြောဆက်ဆံခြင်းဖြင့် ရင်းနှီးချစ်ခင်အောင် ဆက်ဆံခြင်းဖြစ်၏။ အတ္ထစရိယာသူ့အကျိုးပြီးမြောက်အောင် ဆောင်ရွက်ပေးရာတွင် ပညာသင်ကြားရေးကိစ္စများဆောင်ရွက်ရာတွင် မည်သည့်အကျိုးမျှ မမျှော်ကိုးဘဲ ကိစ္စပြီးစီးအောင် ဆောင်ရွက်ပေးခြင်းဖြစ်၏။

သမာနတ္တတာ ကိုယ်နှင့်ထပ်တူပြုမူဆက်ဆံရာတွင် အမျိုးဥစ္စာ ရာထူးဂုဏ်သိမ်ခံယူချက်တို့ မညီမျှသော်လည်း အားလုံးသည် ကျောင်းသား ကျောင်းသူ ကလေးသူငယ်များဖြစ်ကြသည်ဟု အတူသိမှတ်ထားပြီး အတူတကွတန်းတူထား၍ ပေါင်းသင်းဆက်ဆံနေထိုင်ကြသည်။ ထိုသို့ သင်္ဂဟတရားလေးပါးနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လူတိုင်းလူတိုင်း ပြည့်စုံကြွယ်ဝရေး လိုက်နာဆောင်ရွက်အပ်သည့် “သမ္ပဒါတရား” အရည်အချင်းများနှင့်အညီ အားထုတ်လျက်ရှိသည်။

ဥဋ္ဌာနသမ္ပဒါ ဤလောကတွင် လူတို့သည် အသက်မွေးဝမ်းကျောင်း တစ်မျိုးမျိုးဖြင့် အသက်မွေးနေကြရ၏။ အသက်မွေးမှုမရှိဘဲ လူပေါ်ကြော့၊ လူတေလေလုပ်နေ၍မရပေ။ မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ ကျွမ်းကျင်မှု၊ လုံ့လဝီရိယရှိမှု၊ စူးစမ်းနှိုင်းချိန်တတ်သော ဉာဏ်စွမ်းရှိမှု၊ စီမံခန့်ခွဲတတ်မှုတို့နှင့်ပြည့်စုံစွာ ဆိုင်ရာအလုပ်များကို မနေမနားလုပ်ကိုင်လျက်ရှိ၏၊ အာရက္ခသမ္ပဒါ လုံခြုံစွာထိန်းသိမ်းစောင့်ရှောက်လျက်ရှိ၏။ လုံ့လဝီရိယကြောင့် တရားသဖြင့်ရလာသည့် စီးပွားဥစ္စာပစ္စည်းတို့ကို ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်အောင် လုံခြုံစွာထိန်းသိမ်းစောင့်ရှောက်လျက်ရှိ၏။

ကလျာဏမိတ္တသမ္ပဒါ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံလျက်ရှိ၏။ မြို့ရွာများ၌ သဒ္ဓါ၊ သီလ စသော မိတ်ဆွေကောင်းအရည်အချင်းနှင့်ပြည့်စုံသည့်သူများ၊ ကြီးပွားရေး၊ စီးပွားရေးကို လိုလားသောသူများ၊ ထိုမိတ်ဆွေကောင်းတို့နှင့်အတူလိုက်၍ မိမိလည်း သဒ္ဓါတရားကောင်းသူ၊ သီလရှိသူ၊ ကြီးပွားအောင် လုပ်နိုင်သူ၊ အသိအလိမ္မာ တိုးပွားသူ ထိုမိတ်ဆွေကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံအပ်၏။ သမဇီဝိတသမ္ပဒါ အကုန်နှင့်အရ မျှတအောင် အသက်မွေးမှုဖြစ်၏။ မိမိတို့ရရှိသော ပစ္စည်းဥစ္စာတို့၏ အရ၊ အကုန်၊ ဝင်ငွေ၊ ထွက်ငွေတို့ကို စနစ်တကျမှတ်သားပြီး အကုန်နှင့်အရ မျှတအောင် အသက်မွေးခြင်းဖြစ်၏။

ဤသို့ သင်္ဂဟတရား လေးပါး၊ သမ္ပဒါတရားလေးပါးတို့နှင့်အညီ မင်းအစိုးရ၊ ပြည်သူလူထုတို့က တက်ညီလက်ညီ ကြိုးပမ်းအားထုတ်လျက်ရှိပါသဖြင့် လောကကြီးသည် ငြိမ်းချမ်းသာယာဝပြောလာမည်မှာ အမှန်ဖြစ်၏။ လောကီလူ့ဘောင်တွင် နေထိုင်ကြကုန်သော အများသူငါတို့သည် ဤဘဝ၌ စီးပွားဥစ္စာ ချမ်းသာပြည့်စုံကြွယ်ဝနိုင်၍ နောက်ဘဝ၌လည်း အေးချမ်းသာယာ ပြည့်စုံကြွယ်ဝနိုင်မည်ဖြစ်ရာ သင်္ဂဟတရားများနှင့် သမ္ပဒါတရားများတွင် ဖော်ပြထားသည့်အတိုင်း ကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ ဤလူ့ဘောင်တွင် လောကကောင်းကျိုးကို လိုလားကြသူများနှင့် မလိုလားကြသူများလည်းရှိရာ လောကပါလတရားများနှင့်အညီ လောကကောင်းကျိုးကို အားထုတ်ကြသူများက ငြိမ်းအေးချမ်းသာမှုများကို ဧကန်ရရှိကြမည်ဖြစ်ပြီး လောကကောင်းကျိုးကို မလိုလားကြသူများသည် မိမိပြုသည့်ကံ အကုသိုလ်အကျိုးပေး အမှန်အတိုင်း မလွဲမသွေခံစားကြရမည်ဖြစ်ပါကြောင်း။ ။




## တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲ အခမ်းအနားကျင်းပမည်

**နေပြည်တော် ဇွန် ၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၃) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ၁၃၈၃ ခုနှစ် နယုန်လပြည့်ကျော် ၂ ရက် ဇွန် ၂၆ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များအပါအဝင် ပင့်သံဃာ ၃၃ ပါး၊ ယခုနှစ်တွင် အောင်မြင်တော်မူကြသော ဒီဃနိကာယကောဝိဒ သုံးပါး၊ ဝိနယကောဝိဒ သုံးပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ငါးပါး၊ စာအောင်သံဃာ ၁၁ ပါး စုစုပေါင်း သံဃာတော် ၄၄ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်မည်ဖြစ်ပါသဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးစာမေးပွဲ ဌာနခွဲ ၀၉-၈၈၀၅၆၀၇၉၀၊ ၀၁-၆၆၄၅၇၈ သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၁ - ၆ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၀၀၀ | ၉၄ | ၈၄၇,၀၀၀ |
| MTSH | ၃,၄၅၀ | ၃,၅၀၀ | ၄၁၄ | ၁,၄၃၄,၇၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၁၇ | ၃၂၃,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၄၂ | ၁၁၅,၅၀၀ |
| EFR | ၃,၀၅၀ | ၃,၁၀၀ | ၅၀၇ | ၁,၅၀၈,၃၅၀ |
| AMATA | ၀ | ၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၁

ရန်ကုန်(ရွှေဈေး) ၁၅၈၀၀၀၀

မန္တလေး(ရွှေဈေး) ၁၅၇၅၀၀၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၈၆.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၄၀.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၄၈.၈၆ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၀.၉၁၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၈၄.၃၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၇၉၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၃၀.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၀၁.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၄၇.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၃.၂၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သံလွင်(တံတား)ဆိုင်းဘုတ် ဖွင့်လှစ်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ **ရှေ့ဖုံးမှ**

ထို့နောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် တံတားအမည် ပြောင်းလဲသတ်မှတ်ခြင်းအခမ်းအနားသည် မိမိတို့နိုင်ငံတွင် လိုအပ်နေသည့် ငြိမ်းချမ်းရေး၏အခြေခံစည်းလုံးညီညွတ်ခြင်း သဘောတရား၊ ဒီမိုကရေစီစနစ်၏ အခြေခံ ဒေသခံပြည်သူလူထုဆန္ဒသဘောထားများကို လက်တွေ့ဖော်ဆောင်ပေးသည့် အခမ်းအနားတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ယခုတံတားကို ဒေသခံပြည်သူများ၏ စိတ်သဘောဆန္ဒနှင့်အညီ စည်းလုံးညီညွတ်ရေးကိုရှေးရှုပြီး မူလအမည် သံလွင်တံတား(ချောင်းဆုံ) အဖြစ် အမည်နာမ ပြန်လည်ပြောင်းလဲသတ်မှတ်ခြင်းဖြစ်ကြောင်း။

**အမည်သတ်မှတ်ပြီး တည်ဆောက်ခဲ့ခြင်းဖြစ်**

သံလွင်မြစ်ပေါ်တွင် တည်ဆောက်ထားသည့် မြစ်ကူးတံတားများအနက် ယခုမြင်တွေ့နေရသည့် သံလွင်တံတား(ချောင်းဆုံ)သည် စတင်တည်ဆောက်စဉ်ကတည်းကပင် သံလွင်မြစ်ကူးတံတား(ချောင်းဆုံ) အဖြစ် အမည်သတ်မှတ်ပြီး တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ စတင်တည်ဆောက်စဉ်ကတည်းက ထိုကဲ့သို့ အမည်ပေးထားခြင်းသည် ဒေသခံတိုင်းရင်းသားများ၏ သဘောထားဆန္ဒအပါအဝင် ဒေသနှင့်ကိုက်ညီသင့်လျော်သည့် အမည်နာမဖြစ်သည့်အတွက် သတ်မှတ်ခေါ်ဝေါ်စေခဲ့ခြင်းဖြစ်ပါကြောင်း။

ဒေသတစ်ခု စီးပွားရေးတိုးတက်ကောင်းမွန်စေရန်အတွက် လုံလောက်သည့် လျှပ်စစ်ဓာတ်အားရရှိမှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ ဆက်သွယ်ရေးစနစ် ကောင်းမွန်မှုနှင့် လူ့စွမ်းအား အရင်းအမြစ်များမွေးထုတ်ပေးနိုင်မှုတို့သည် အဓိကကျပါကြောင်း၊ ချောင်းဆုံမြို့အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသော အချက်အလက်များ သင့်တင့်ပြည့်စုံမှုရှိနေသော်လည်း လမ်းပန်းဆက်သွယ်ရေးအရ ရေကြောင်းလမ်းကိုသာ အဓိကထားသုံးစွဲနေရသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုတွင် မျှော်မှန်းသလောက်မရရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထို့အပြင်အဓိကထား အသုံးပြုနေရသည့်သံလွင်မြစ်ကြောင်းသည်လည်း ရေစီးသန်သည့်မြစ်တစ်ခုဖြစ်သည့်အပြင် ပင်လယ်ရေပြင်နှင့် ထိစပ်နေသည့်အတွက် ဒီရေအတက်အကျများကြောင့် ရေကြောင်းဆက်သွယ်သွားလာမှုတွင်လည်း ဘေးအန္တရာယ်အခက်အခဲများစွာနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါကြောင်း၊ ယင်းအခက်အခဲများကို ကျော်လွှားပြီး ဒေသနှင့်မြို့နယ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်လျက်ရှိသည့် ကွက်လပ်ကို ဖြည့်ဆည်းပေးနိုင်ရေး ဒီမိုကရေစီပထမအစိုးရသစ်(၂၀၁၀-၂၀၁၅) ခုနှစ်တွင် တံတားတည်ဆောက်ရေးအတွက် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆင့်ဆင့်ဆောင်ရွက်မှုများအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၃၇၀၀ သန်းဖြင့် ချဉ်းကပ်လမ်းများ ဖောက်လုပ်ခြင်း၊ မြေသားရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၂၀၀၀၀ ကိုအသုံးပြုပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၃၁၃၆၀ သန်းသုံးစွဲပြီး တံတားအား တည်ဆောက်ပြီးစီးဖွင့်လှစ်နိုင်သည်အထိ လျာထားဆောင်ရွက်ခဲ့ပါကြောင်း။

**စုစုပေါင်းတံတားအရှည် ၁၅၈၆ မီတာ**

ယခုတံတားကြီးကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများပြီးစီးပြီး တံတားကို စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၁၇ ခုနှစ် မေ ၉ ရက်အထိ စီမံကိန်းကာလ နှစ်နှစ်နှင့်သုံးလကျော်အထိ အချိန်ယူတည်ဆောက်ခဲ့ရပါကြောင်း၊ မော်လမြိုင်မြို့နှင့်ချောင်းဆုံမြို့ကို ဖြတ်သန်းဖောက်လုပ်ထားသည့် တံတားအရှည်အနေဖြင့် ချဉ်းကပ်လမ်း စုစုပေါင်း မီတာ ၁၀၅၀၊ ပင်မတံတား အရှည် ၅၃၆ မီတာရှိသည့်အတွက် စုစုပေါင်းတံတားအရှည် ၁၅၈၆ မီတာ ရှည်လျားပါကြောင်း။

တစ်ဆက်တည်းအနေဖြင့် ဒီမိုကရေစီပထမအစိုးရသစ် (၂၀၁၀-၂၀၁၅)ခုနှစ် လက်ထက်တွင် ချောင်းဆုံမြို့နယ်နှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး အလေးပေး ဆောင်ရွက်ခဲ့သည်ကိုလည်း ထည့်သွင်းပြောကြားလိုပါကြောင်း၊ ယခုအမည် ပြန်လည်ပြောင်းလဲသည့်တံတားတည်ဆောက်နိုင်ရေးသာမကဘဲ ချောင်းဆုံမြို့နယ်အတွက် လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားရရှိစေရေးအတွက်ကိုလည်း ဟန်ချက်ညီဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေး ၆၆ KVA မဟာလျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းနိုင်ရေးကို ဆောင်ရွက်ခဲ့ပြီး စီမံကိန်းတန်ဖိုးငွေကျပ်သန်း ၃၄၀၀ အထိ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း။

**လွှတ်တော်သို့တင်ပြ မဲခွဲအတည်ပြုခဲ့ရ**

ယခုတံတားကြီး တံတားတည်ဆောက်ပြီးစီးချိန် ယခင်အစိုးရလက်ထက်တွင် ဖွင့်လှစ်ခဲ့ပြီး တံတားဖွင့်လှစ်စဉ်တွင် ၎င်းတို့ပါတီပုံရိပ်အတွက် မူလသတ်မှတ်ထားသည့် အမည်အစား ဗိုလ်ချုပ်အောင်ဆန်းတံတားအဖြစ်အမည်ပေးပြီး ဖွင့်လှစ်နိုင်ရေး ဦးတည်လုပ်ဆောင်လာခဲ့သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ထိုသို့ လုပ်ဆောင်လာမှုများအပေါ် ကန့်ကွက်မှုများ ပေါ်ပေါက်လာချိန်တွင် မြန်မာ့နိုင်ငံရေးသမိုင်းတွင် မရှိခဲ့သည့် တံတားအမည်ပေးအပ်ခြင်းကို လွှတ်တော်သို့ တင်ပြမဲခွဲအတည်ပြုခဲ့ရသည်အထိ မှတ်တမ်းဝင်ခဲ့ပါကြောင်း၊ ထိုသို့ လွှတ်တော်တွင် အဆိုတင်မဲခွဲစဉ်ကလည်း ဒေသနှင့် တိုင်းရင်းသား ကိုယ်စားပြုပါတီကိုယ်စားလှယ်များ၊ ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များက ဒေသခံပြည်သူလူထု၏အသံကို ထင်ဟပ်စေသည့် မူလပေးအပ်ထားသည့် အမည်ကိုသာပေးအပ်ရန် ဆွေးနွေးဆောင်ရွက်ခဲ့ပါကြောင်း၊ သို့သော်လည်း အာဏာရပါတီအနေဖြင့် ကိုယ်စားလှယ်အင်အားသာလွန်မှုနှင့် ဒီမိုကရေစီစနစ်ကို လက်တစ်လုံးခြားပြုလုပ်ပြီး တံတားအမည်ပေးအပ်မှုကို ရှေ့တိုးဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ထိုကဲ့သို့ တံတားအမည်ပေးအပ်ခဲ့မှုအပေါ် ပြည်သူလူထု၏ကန့်ကွက်ဆန္ဒပြမှုများ၊ ဆန့်ကျင်သည့်လှုပ်ရှားမှုများ ပေါ်ပေါက်ခဲ့ရပြီး ကန့်ကွက်လက်မှတ်ရေးထိုးကောက်ယူမှု ဆောင်ရွက်ခဲ့သည့်နေရာတွင်လည်း လက်မှတ်ပေါင်း တစ်သိန်းခွဲခန့်အထိရရှိခဲ့သည်ဟု သိရှိရပါကြောင်း၊ ထို့အပြင် တံတားအမည်ပေးအပ်မှုကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူမပြုသည့်အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေနိုင်သည့်အတွက် ပြန်လည်သုံးသပ်ပေးနိုင်ရေး နိုင်ငံရေးပါတီ ၁၄ ခုက ကြေညာချက် ထုတ်ပြန်ခဲ့သည်ကိုလည်း မှတ်သားမိပါကြောင်း။

ဗိုလ်ချုပ်အောင်ဆန်းသည် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးဖခင် အမျိုးသားခေါင်းဆောင်ဖြစ်သကဲ့သို့ တပ်မတော်၏ဖခင်လည်း ဖြစ်ပါကြောင်း၊ မိမိတို့သည် မိမိတို့ လေးစားကြည်ညိုရသူများ၏ ပုံရိပ်ဆိုခြင်းထက် ၎င်းတို့၏လမ်းစဉ်၊ ၎င်းတို့၏စကားများကို ပို၍အလေးထားလိုက်နာဆောင်ရွက်ခြင်းသည် ၎င်းတို့၏ ဂုဏ်ကို မြှင့်တင်ရာရောက်မည်ဖြစ်ပါကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းဆိုသည့် အမည်သည် မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် အထင်ကရတည်တံ့နေမည့်အမည်ဖြစ်သကဲ့သို့ ယခုတံတားအမည်ပြောင်းလဲသတ်မှတ်မှုသည်လည်း ဗိုလ်ချုပ်အောင်ဆန်း လိုလားတောင့်တခဲ့သည့် တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိစေရေးကို ခိုင်ခိုင်မာမာ ဖြစ်စေမည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူလူထုအနေဖြင့် မလိုလားသော်လည်း ယခင်အစိုးရသည် ၎င်းတို့ပါတီပုံရိပ်အတွက် ဗိုလ်ချုပ်အောင်ဆန်း တံတားအဖြစ် အမည်ပေးအပ်ခဲ့သည့်အတွက် ယနေ့တွင် ဒေသခံပြည်သူလူထု၏ လိုအင်ဆန္ဒအတိုင်း တံတား၏ မူလအမည်ဖြစ်သည့် သံလွင်တံတား(ချောင်းဆုံ) အဖြစ် ပြန်လည်သတ်မှတ်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း။

စာမျက်နှာ ၄ သို့ ☆

- **ဗိုလ်ချုပ်အောင်ဆန်းသည် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးဖခင် အမျိုးသားခေါင်းဆောင်ဖြစ်သကဲ့သို့ တပ်မတော်၏ဖခင်လည်း ဖြစ်**
- **မိမိတို့သည် မိမိတို့လေးစားကြည်ညိုရသူများ၏ ပုံရိပ်ဆိုခြင်းထက် ၎င်းတို့၏လမ်းစဉ်၊ ၎င်းတို့၏စကားများကို ပို၍အလေးထား လိုက်နာဆောင်ရွက်ခြင်းသည် ၎င်းတို့၏ဂုဏ်ကို မြှင့်တင်ရာရောက်မည်ဖြစ်**
- **ဗိုလ်ချုပ်အောင်ဆန်းဆိုသည့်အမည်သည် မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် အထင်ကရတည်တံ့နေမည့် အမည်ဖြစ်သကဲ့သို့ ယခုတံတားအမည်ပြောင်းလဲသတ်မှတ်မှုသည်လည်း ဗိုလ်ချုပ်အောင်ဆန်း လိုလားတောင့်တခဲ့သည့် တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိစေရေးကို ခိုင်ခိုင်မာမာ ဖြစ်စေမည်ဖြစ်**

# ရပ်နားထားရသည့် နိုင်ငံပိုင်စက်ရုံ အလုပ်ရုံများ ပြန်လည် လည်ပတ်နိုင်အောင် ဆောင်ရွက်ကြရမည်

ပြည်တွင်း စီးပွားရေးလုပ်ငန်းများကို အားပေးကြရမည်ဖြစ်ကြောင်း၊ စီမံခန့်ခွဲမှု ညံ့ဖျင်းပါက တိုင်းပြည်ဆင်းရဲသွားမည်ဖြစ်ကြောင်း၊ အဆင်းရဲဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်နိုင်ရန် အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းပြည်အတွက် ရသင့်ရထိုက်သည့် အခွန်အခများရရှိအောင် ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပြည်သူ နှစ်ဦးနှစ်ဖက်အကျိုးရှိအောင် လုပ်ဆောင်ရန်လိုကြောင်း၊ နိုင်ငံတော်မှရရှိသည့် အခွန်အခများဖြင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍများတွင် ထိရောက်စွာ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရပ်နားထားရသည့် နိုင်ငံပိုင် စက်ရုံအလုပ်ရုံများ ပြန်လည် လည်ပတ်နိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြည်တွင်းထုတ်ကုန်များ လုံလောက်အောင်ထုတ်လုပ်၍ ပြည်ပသွင်းကုန်များကို လျှော့ချကာ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
၂၀-၅-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

☆ စာမျက်နှာ ၃ မှ

မွန်ပြည်နယ်သည် ခရိုင်နှစ်ခု၊ မြို့နယ်ပေါင်း ၁၀ မြို့နယ်ဖြင့် ဖွဲ့စည်းထားပြီး ယခုဘီလူးကျွန်းပေါ်တွင် တည်ထားသည့် ချောင်းဆုံတစ်မြို့နယ်တည်းသာလျှင် ကားလမ်းနှင့် တစ်ဆက်တစ်စပ်တည်း သွားလာ၍မရဘဲ ရေလမ်းခရီးကိုသာ အဓိကထားသွားလာရသည့်မြို့ဖြစ်ပါကြောင်း၊ ကျေးရွာပေါင်း ၇၂ ရွာနှင့် ဖွဲ့စည်း တည်ဆောက်ထားသည့် ကျွန်းမြို့ကလေးတစ်မြို့သာဖြစ်သော်လည်း ကမ္ဘာမှာပါထင်ရှားကျော်ကြားခဲ့သည့် ကျေးရွာများဖြင့် ပါဝင်ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါကြောင်း၊ ကမ္ဘာကျော်ခဲ့သည့် ဆေးတံထွက်ရှိရာ ဒေသဖြစ်သည့်အပြင် ကျောက်သင်ပုန်း၊ လက်မှုပညာရပ်များသာမက မြေဆီမြေဩဇာထက်သန်ကောင်းမွန်မှုကြောင့် မြန်မာနိုင်ငံတွင် အကောင်းဆုံး ဆန်စပါးထွက်ရှိရာ မြို့နယ်များအနက် တစ်မြို့နယ်အဖြစ် ပါဝင်လျက်ရှိသည်ကို မှတ်တမ်းတင်ဂုဏ်ပြုပြောကြားလိုပါကြောင်း၊ မြေအနေအထားကောင်းမွန်မှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု၊ လျှပ်စစ်မီးရရှိနိုင်မှု၊ လူသားအရင်းအမြစ်ကောင်းမွန်မှုများကြောင့် ချောင်းဆုံဒေသတွင် စက်မှုလုပ်ငန်းဆောင်ရွက်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင် အခွင့်အလမ်းရရှိမှုတို့တွင် များစွာအကျိုးရှိနိုင်မည်ဟု ပြောလိုပါကြောင်း။

### ဦးစားပေးအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယာယီသမ္မတ၏ တာဝန်ပေးအပ်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ နိုင်ငံတော်ကို အရေးပေါ်အခြေအနေအဖြစ် ကြေညာပြီး ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ နိုင်ငံတော်တာဝန်များကို ခေတ္တတာဝန်ယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို ချမှတ်ကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံသူ နိုင်ငံသားများ၏ လိုအပ်ချက်များကို တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဦးစားပေးအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ **တပ်မတော်အနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ခိုင်ခိုင်မာမာအာမခံထားပြီးဖြစ်**ပါကြောင်း၊ ဒေသခံများ၏ လိုအင်ဆန္ဒနှင့်အညီ အမည်ပြန်လည်ပြောင်းလဲသတ်မှတ်ခဲ့သည့် သံလွင်တံတား(ချောင်းဆုံ)ကို အကျိုးရှိစွာ အသုံးချပြီး ဒေသတွင်း စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အစရှိသည့် နယ်ပယ်ပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ ထို့အပြင် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်လာစေရေးအတွက် “We Are Myanmar” “ငါတို့အားလုံး မြန်မာ”ဆိုသည့် စိတ်ကိုထားရှိပြီး နိုင်ငံအကျိုး၊ တိုင်းပြည်ကောင်းကျိုးအတွက် နိုင်ရာတာဝန်များကို ကြိုးပမ်းဆောင်ရွက်သွားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် ချောင်းဆုံမြို့နယ်သည် ယခင်က ရေလမ်းတစ်ခုတည်းကိုသာ အသုံးပြုသွားလာနေရခြင်းဖြစ်သဖြင့် သွားလာမှုခက်ခဲခဲ့ကြောင်း၊ ယခင် ဒီမိုကရေစီပထမအစိုးရလက်ထက် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ခရီးစဉ်၌ ချောင်းဆုံမြို့နယ်အတွင်း သွားလာမှုအဆင်ပြေစေရန်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ၏ဆန္ဒနှင့်အညီ သံလွင်တံတား(ချောင်းဆုံ) အမည်ဖြင့် အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ချောင်းဆုံမြို့နယ်အတွင်း လျှပ်စစ်မီးရရှိရေးအတွက်လည်း ဆောင်ရွက်ပေးခဲ့သဖြင့် ဒေသခံတိုင်းရင်းသားများ၏ တစ်ပိုင်တစ်နိုင် စက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တံတား ဆောက်လုပ်ပြီးစီးသည့်အချိန်တွင် ယခင်အစိုးရမှ တံတား၏အမည်အား ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကန့်ကွက်မှုများကို အလေးမထားဘဲ ၎င်းတို့၏သဘောဆန္ဒနှင့်အညီ ပြောင်းလဲသတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဒေသခံပြည်သူများ၏ သဘောထားဆန္ဒနှင့်အညီ တံတားအမည်အား မူလအမည်ဖြစ်သည့် သံလွင်တံတား(ချောင်းဆုံ)ဟု ပြန်လည်သတ်မှတ်ဆောင်ရွက်ပေးသည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သံလွင်တံတား(ချောင်းဆုံ)ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ သံလွင်တံတား(ချောင်းဆုံ)ပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြစဉ်။

### ဖြတ်သန်းကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး တံတားကြီးအား ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ အခမ်းအနားမှ ပြန်လည်ထွက်ခွာရာ ဒေသခံတိုင်းရင်းသားပြည်သူများက ရိုးရာအကအလှများဖြင့် ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား မော်လမြိုင်မြို့ရှိ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ရုံး၌ သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။

### တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီ ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာ ဗညားအောင်မိုး၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ရဲထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် များနှင့် ဌာနဆိုင်ရာ တာဝန်ရှိများ တက်ရောက်ကြသည်။

ဦးစွာ အစည်းအဝေးခန်းမတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက ပြည်နယ်အတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ COVID –19 ရောဂါ ကာကွယ်ဆေး ထိုးနှံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အထွေထွေ အချက် အလက်များကိုလည်းကောင်း၊ ပို့ဆောင် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မော်လမြိုင်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက် သင့်သည့် အစီအမံများနှင့် မော်လမြိုင် လေဆိပ်အဆင့်မြှင့်တင်ရေးဆိုင်ရာ ကိစ္စ ရပ်များကိုလည်းကောင်း ရှင်းလင်း တင်ပြသည်။

### မှာကြား

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မိမိတို့နိုင်ငံ၏ စက္ကူလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စစ်တောင်း စက္ကူစက်ရုံအား အသစ်ပြန်လည် တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက် ရန်လိုအပ်ကြောင်း၊ စက္ကူထုတ်လုပ်ရန် အတွက် လိုအပ်သည့် ကုန်ကြမ်းဖြစ်သည့် ဝါးနှင့် ယူကလစ်များအပြင် မန်ကျန်ရှား စသည့် ကြီးမြန်သစ်ပင်ကိုလည်း စနစ်တကျဖြင့် စိုက်ပျိုးရန်လိုအပ်ကြောင်း၊ မော်လမြိုင်လေယာဉ်ကွင်းအား အဆင့် မြှင့်တင်မှုများ ပြုလုပ်ရာတွင် ရေရှည် အတွက် ထည့်သွင်းစဉ်းစား တည်ဆောက် ရန်လိုကြောင်း၊ မော်လမြိုင်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ခြင်း ဖြင့် ရေထွက်ပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက် နိုင်မည်ဖြစ်သဖြင့် ရေတိုရေရှည်စီမံကိန်း များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း မှာကြား သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်က အမှာစကားပြောကြား ရာတွင် ၁၉၉၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက် ရာခိုင်နှုန်းတွင် မွန်ပြည်နယ်သည် ပြည်နယ်များတွင် အမြင့်ဆုံးဖြစ်သည်ကို အားရဖွယ်တွေ့ရှိရကြောင်း၊ ပညာရေး၌ ကြိုးစားအားထုတ်မှု ကောင်းသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ရှိပြီးသား အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ပိုမိုကောင်းမွန် အောင်ဆောင်ရွက်၍ အကျိုးရှိစွာ အသုံးချ နိုင်ပါက ပြည်နယ်အတွက် များစွာ အကျိုးရှိမည်ဖြစ်ကြောင်း၊ ကျောင်းသား များအားလုံး ပညာသင်ကြားရေးကိုသာ ဂရုစိုက်ဆောင်ရွက်ကြစေလိုပြီး မိဘများ နှင့် တာဝန်ရှိသူများအနေဖြင့်လည်း ပညာရေးကို အားပေးဆောင်ရွက်ကြရန် လိုကြောင်း၊ တက္ကသိုလ်ပညာရပ်များကို သင်ကြားခြင်းသည် မိမိတို့ အထူးပြုသည့် ဘာသာရပ်အပေါ် ကျယ်ပြန့်စွာလေ့လာ သင်ကြားခြင်းပင် ဖြစ်ကြောင်း၊ တက္ကသိုလ်ပညာ ပြီးဆုံးသူတိုင်း ပညာရှင်မဖြစ်နိုင်သော်လည်း လေ့လာ ခဲ့သည့် ပညာရပ်၊ သင်ယူခဲ့သည့် ဘာသာရပ်များအလိုက် အသိပညာ အတတ်ပညာများရရှိပြီး အဆိုပါပညာရပ် များကို အသုံးချ၍ မိမိတို့၏ဘဝ တိုးတက် ရေးအတွက် ဆောင်ရွက်နိုင်သဖြင့် တက္ကသိုလ်ပညာရေးကို အားပေးသင့် ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း များဆောင်ရွက်ရာတွင် ဒေသတွင်း ပညာတတ်များ ပေါ်များရန်လိုကြောင်း၊ အသိပညာ အတတ်ပညာများ မရှိဘဲ အဆင့်မြင့်ထုတ်ကုန်များ၊ အဆင့်မြင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်း များအတွက် အဓိကလိုအပ်သည့် ပညာရပ်များ တတ်မြောက်စေရေး စိုက်ပျိုးရေးသိပ္ပံနှင့် မွေးမြူရေးသိပ္ပံများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအတွင်း ထွက်ရှိသည့် စိုက်ပျိုး မွေးမြူရေးထုတ်ကုန်များအား ပြည်တွင်း၌ပင် အဆင့်မီစွာဖြင့် လုံလုံလောက်လောက် ထုတ်လုပ်နိုင်ရေးဆောင်ရွက်၍ ပြည်တွင်း ထုတ်လုပ်မှုကို အားပေးရန်လိုကြောင်း၊ မွန်ပြည်နယ်အတွင်း နိုင်ငံအတွက် လိုအပ်သည့် ထုတ်လုပ်၍ရသည့် ပစ္စည်း များထုတ်လုပ်၍ ပြည်ပသွင်းကုန်များကို အစားထိုး ဆောင်ရွက်နိုင်ပါက များစွာ အကျိုးရှိမည်ဖြစ်ကြောင်း။

### အထွက်နှုန်း ကောင်းမွန်စေရန်

မြေအသုံးချမှုနှင့်ပတ်သက်၍ စိုက်ပျိုး ရေးလုပ်ငန်းများကို အသက်မွေးဝမ်း ကျောင်းလုပ်ငန်းအဖြစ် အဓိက ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရ ကြောင်း၊ စပါးစိုက်ပျိုးထုတ်လုပ်မှုမှာ ပြည်နယ်အတွက် ဆန်ဖူလုံမှုရှိသော်လည်း တစ်ဧကချင်း စိုက်ပျိုးထွက်ရှိမှုနှုန်း နည်းပါးလျက်ရှိသည်ကို တွေ့ရှိရသဖြင့် အထွက်နှုန်း ကောင်းမွန်စေရန်အတွက် မျိုးကောင်းရန်၊ မြေနှင့် ရေကောင်းရန်၊ စိုက်နည်းစနစ် မှန်ကန်ရန်နှင့် လိုအပ် သည့် သွင်းအားစုများကိုလည်း ပြည့်ပြည့် ဝဝဖြင့် ထည့်သွင်းအသုံးပြုရန်လိုကြောင်း၊ အထွက်နှုန်းတိုးအောင် ဆောင်ရွက် နိုင်ပါက ဒေသခံတောင်သူများ၏ လူမှု စီးပွားဘဝကို တိုးတက်စေမည်ဖြစ် ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် ပတ်သက်၍ တာဝန်ရှိသူများက တစ်ဧက အထွက်နှုန်း တိုးတက်ရေးအတွက် ဝိုင်းဝန်း အားပေးဆောင်ရွက်ရန် လိုကြောင်း၊

စာမျက်နှာ ၆ သို့ ✪

- **ကျောင်းသားများအားလုံး ပညာသင်ကြားရေးကိုသာ ဂရုစိုက်ဆောင်ရွက်ကြစေလိုပြီး မိဘများ နှင့် တာဝန်ရှိသူများအနေဖြင့်လည်း ပညာရေးကို အားပေးဆောင်ရွက်ကြရန်လို**
- **ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသတွင်း ပညာတတ်များ ပေါ်များ ရန်လို**
- **လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ် ထုတ်လုပ်ခြင်းလုပ်ငန်းများကို ပိုမိုအားပေးဆောင်ရွက်သင့်**
- **ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေး အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရာမညဘောလုံးကွင်း အဆင့်မြှင့်တင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

✪ စာမျက်နှာ ၅ မှ

အလားတူ ရော်ဘာ၊ ဒူးရင်း၊ ကြက်မောက်၊ အုန်း၊ ကျွဲကော၊ သရက်၊ သီဟိုဠ်စသည့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရာတွင်လည်း ရှိပြီးသား ကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ အပေါ်တွင်မူတည်၍ အထွက်နှုန်းကောင်းမွန်ရန်နှင့် အသီးအနှံများ၏ အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်စေရန် သုတေသနပြု ဆောင်ရွက်နေရန်လိုကြောင်း၊ ထွက်ရှိသည့် သီးနှံများ အရည်အသွေး ကောင်းမွန်ပါက ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခြင်းကြောင့် နိုင်ငံခြားငွေများ ရရှိမည်ဖြစ်သဖြင့် ဒေသခံ စိုက်ပျိုးတောင်သူများအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည် ဖြစ်သဖြင့် ဒေသတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်နိုင်ပါက အောင်မြင်မှု ရရှိနိုင်သည့် အလားအလာကောင်းများ ရှိကြောင်း၊ ရေပေါသည့်ဒေသဖြစ်သဖြင့် ဘဲမွေးမြူရေး လုပ်ငန်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်သင့်ကြောင်း၊ အသားစားနွားများ၊ ကြက်၊ ဝက်နှင့် ငါးပုစွန်များအား နည်းပညာအသုံးပြု အဆင့်မြင့် မွေးမြူ၍ အေးခဲအသားများ ပြုလုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရန် လိုကြောင်း၊ မွန်ပြည်နယ်သည် အချက်အချာကျသည့် နေရာတွင်တည်ရှိခြင်းကြောင့် ရှိပြီးသားအခြေခံများကို အသုံးချ၍ပြည်နယ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်း လုပ်ငန်းများကို ပိုမိုအားပေးဆောင်ရွက်သင့်ကြောင်း၊ ပြည်နယ်အတွင်း ဖြစ်နိုင်သည့် ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက ပြည်နယ်နှင့် နိုင်ငံအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

တပ်မတော်သည် ပြည်သူကလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် ၂၀၁၈ ခုနှစ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် တတိယအကြိမ် နှစ်ပတ်လည်နေ့အခမ်းအနား၌ သန့်ရှင်းသည့် ဒီမိုကရေစီ၊ ရိုးသားသည့် ဒီမိုကရေစီစနစ်ကို သွားချင်သည်ဟု ပြောကြားခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် ထူးခြားသည့် ဝိသေသလက္ခဏာများ များစွာရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) အခြေခံမူများနှင့် အခန်း(၈)နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို လေ့လာကြည့်ပါက နိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံးအား တူညီသည့်အခွင့်အရေးများ ပေးထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေး အရတည်ငြိမ်အေးချမ်းမှုကိုသာ လိုလားခဲ့ကြောင်း၊ စစ်ဘက်အရပ်ဘက် ဆက်ဆံရေး ပိုမိုအဆင်ပြေစေရေး ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲ ပြုလုပ်ခဲ့ချိန်တွင်လည်း တပ်မတော်မဲရုံများ တပ်ပြင်ပတွင် ဖွင့်လှစ်ရန် ပြောကြားခဲ့သည့်အတွက် ခွင့်ပြုပေးခဲ့ကြောင်း၊ မိမိကိုယ်တိုင်လည်း ကြိုတင်မဲမပေးဘဲ တပ်မိသားစုများနှင့်အတူ ဆန္ဒမဲပေးခဲ့ကြောင်း၊ ထို့နောက် မဲစာရင်းမှားယွင်းမှုများကို တွေ့ရှိရသဖြင့် ပြန်လည်စိစစ်နိုင်ရန်အတွက် ရွေးကောက်ပွဲကော်မရှင်သို့ မဲဆန္ဒရှင်စာရင်းများ တောင်းခံခဲ့သော်လည်း ပေးအပ်ခဲ့ခြင်း မရှိသည့်အပြင် ဖြေရှင်းဆောင်ရွက်မှုလည်း မရှိခဲ့ကြောင်း၊ ယခု အသစ်ဖွဲ့စည်းထားသည့် ရွေးကောက်ပွဲကော်မရှင်မှ ပြန်လည်စိစစ်သည့် အချိန်တွင်လည်း မှားယွင်းမှုများ များစွာဖြစ်ပေါ်ခဲ့သည်ကို ထပ်မံစစ်ဆေး တွေ့ရှိရကြောင်း၊ အောက်ခြေမှစ၍ နိုင်ငံတော်အဆင့်အထိ မရိုးမသား ဆောင်ရွက်ထားသည်များ ကိုပါ စိစစ်တွေ့ရှိရသဖြင့် တွေ့ရှိချက်များကို အချိန်ကာလတစ်ခုတွင် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအရ မရိုးမသား ဆောင်ရွက်၍မရကြောင်း၊ ဒီမိုကရေစီစနစ်ဖြင့် လျှောက်လှမ်းချိန်တွင် ရွေးကောက်ပွဲသည် အဓိကအရေးကြီးကြောင်း၊ မိမိတို့အနေဖြင့် မဲစာရင်းမှားယွင်းမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်များအား ခေတ္တတာဝန်ယူထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ လွတ်လပ်ပြီး မျှတသည့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တက်ရောက်လာကြသည့် ကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ရှိ ရာမညဘောလုံးကွင်း အဆင့်မြှင့်တင်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ အဆင့်မြှင့်တင်မှုများ လုပ်ဆောင်ရာတွင် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သမားရိုးကျ စိုက်ပျိုးသည့်ပုံစံမှ ဈေးကွက်ဝင်သည့် သီးနှံပုံစံဖြစ်အောင် စိုက်ပျိုးထုတ်လုပ်ရန်လို

**နေပြည်တော် ဇွန် ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် မေ ၂၉ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးသည်။

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် နဘဲကုန်းကျေးရွာအုပ်စု ကိုရံ(တောင်)ကျေးရွာ ကွင်းအမှတ် (၁၃၈၃) တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် စက်မှုလယ်ယာဦးစီးဌာနက စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဧက ၁၅၀ ဖော်ထုတ်ပေးလျက်ရှိသည်။ တောင်သူ ၈၆ ဦး ပိုင်ဆိုင်သည့် အဆိုပါလယ်မြေများသည် ဆဒ္ဒန်ဆည် လက်တံအမှတ်(၁၂)မှတစ်ဆင့် ဆည်ရေသောက်ပြီး ကုန်ထုတ်လမ်း ပေ ၁၆၀၀၀၊ ကန်သင်း ပေ ၄၇၀၀၀၊ ရေသွင်းမြောင်း ၁၆၆၈၅ ပေ၊ ရေနုတ်မြောင်း ၁၈၆၂၇ ပေ ပါဝင်သဖြင့် စိုက်ပျိုးရေကို အကျိုးရှိထိရောက်စွာ စီမံအသုံးပြုနိုင်ကြမည် ဖြစ်ပြီး လယ်ယာသုံးစက်ကိရိယာများ ဝင်ထွက်ခြင်းနှင့် ရိတ်သိမ်းပြီးသည့် သီးနှံများ အဆင်ပြေလွယ်ကူစွာ သယ်ယူနိုင်ကြမည်ဖြစ်သည်။

ထို့နောက် မြို့သစ်မြို့နယ် တောင်သူ ဦးမိုးသစ်၏ ယာမြေ၌ မြေအောက်ရေနှင့် ရိုးပိတ်ဆည်ရေကို နေရောင်ခြည်စွမ်းအင် အသုံးပြု၍ ရေပေးဝေသည့် ရေတင်စက်ဖြင့် စိုက်ခင်းဖြည့်စွက်ရေပေးစနစ် စံပြစိုက်ခင်းကိုလည်းကောင်း၊ မကွေးမြို့ရှိ နို့စားနွားမွေးမြူရေး ပုဂ္ဂလိကခြံ၌ နွားစာ နေပီယာမြက် စိုက်ပျိုးထားရှိမှုနှင့် နွားနို့များ ထုတ်လုပ်နေမှုကိုလည်းကောင်း၊ ကမ်းနီလျှပ်စစ်မြစ်ရေတင် ရေသောက်မြေပဲစိုက်ခင်းတွင် စက်မှုလယ်ယာဦးစီးဌာနက ကျင်းပသည့်အချိန်တိုအတွင်း ထိရောက်စွာ ပက်ဖျန်းနိုင်သော ဆေးဖျန်းစက်ဖြင့် ပိုးသတ်ဆေးများ ပက်ဖျန်းပြသမှု တောင်သူကွင်း သရုပ်ပြပွဲကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ဒေသနေတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေး၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးနှင့် အသေးစား အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်နိုင်ရေး၊ သဘောဆန္ဒညီညွတ်သူများအချင်းချင်း စုပေါင်းဆောင်ရွက်သည့် ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်ရေးအတွက် သမဝါယမအသင်းများ ဥပဒေနှင့်အညီ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို လည်းကောင်း၊ ဈေးကွက် လိုအပ်ချက်များ သိရှိနားလည်ရန် လိုအပ်ချက်များ၊ သမားရိုးကျ စိုက်ပျိုးသည့်ပုံစံမှ ဈေးကွက်ဝင်သည့် သီးနှံပုံစံဖြစ်အောင် စိုက်ပျိုးထုတ်လုပ်ရေးနှင့် GAP ကျင့်စဉ်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ နိုင်ငံရေးအခြေအနေများနှင့်ပတ်သက်၍ အရာရှိ၊ စစ်သည် မိသားစုများအနေဖြင့် သိရှိနေရမည်ဖြစ်ပြီး နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ ဖြစ်စေရေး၊ ခိုင်မာသည့် ဒီမိုကရေစီစနစ် ဖြစ်စေရေး နိုင်ငံတော်၏တာဝန်ကို တပ်မတော်မှ ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်ပြီး ရွေးကောက်ပွဲတွင် မဲမသမာမှုပြုလုပ်ခြင်းကို မည်သည့်နိုင်ငံတွင်မှ လက်ခံ၍ ရနိုင်မည်မဟုတ်ကြောင်း။

**မှန်ကန်သည့်မဲရလဒ်များဖြစ်ရန် လိုအပ်**

မိမိတို့နိုင်ငံ၏ ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်ပွဲတွင် မဲပမာဏပိုမိုများပြားစွာရရှိသူက အနိုင်ရရှိသည်ဖြစ်သော်လည်း မှန်ကန်သည့်မဲရလဒ်များဖြစ်ရန် လိုအပ်မည်ဖြစ်သကဲ့သို့ မဲဆန္ဒရှင်များအနေဖြင့် ရာနှုန်းပြည့်ပါဝင်မဲပေးရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များသည် မိမိတို့ကိုယ်စား နိုင်ငံတော်အကြီးအကဲများကို မဲပေးရွေးချယ်ကြမည့်သူများဖြစ်သဖြင့် ပြည်သူ့ကိုယ်စားလှယ် အစစ်အမှန်ဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မဲမသမာမှုများပြုလုပ်ပြီး ရွေးကောက်ပွဲတွင် အနိုင်ရရှိလာမည့်သူများသည် ပြည်သူ့ကိုယ်စားလှယ် အစစ်အမှန် မည်သို့မျှမဖြစ်နိုင်သည်ကို စဉ်းစားသုံးသပ်ကြစေလိုကြောင်း။

တပ်မတော်အနေဖြင့် မဲစာရင်းမှားယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် မည်သို့ပင် ပြောဆိုခဲ့သော်လည်း တာဝန်ရှိသူများအနေဖြင့် ဖြေရှင်းပေးခြင်းမရှိသည့်အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ကာ နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန် ဆောင်ရွက်ခဲ့သောကြောင့် ယခုအခြေအနေသို့ ရောက်ရှိခဲ့ရခြင်းဖြစ်ကြောင်း၊ တပ်မတော်မှ တာဝန်ယူပြီး အစောပိုင်းကာလများတွင် ငြိမ်းချမ်းခဲ့သော်လည်း နောက်ပိုင်းတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများ၏ နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူမှု၊ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့နောက် ဆူပူဆန္ဒပြသည့်အဆင့်၊ မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှုအဆင့်များမှတစ်ဆင့် အဖျက်အမှောင့်လက်နက်များကို ကိုင်စွဲ၍ နိုင်ငံတော်အုပ်ချုပ်ရေးအဆောက်အအုံများ၊ ရဲစခန်းများ၊ တရားရေးဆိုင်ရာ အဆောက်အအုံများအပြင် ရိုးသားအေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်းများ၊ ဝင်ရောက်စီးနင်းရန် ကြိုးပမ်းအားထုတ်မှုများ စသည့် လက်နက်ကိုင်အကြမ်းဖက်သည့် အဆင့်သို့ ကူးစက်အသွင်ပြောင်းလာခဲ့သည်ကို တွေ့ရှိလာရကြောင်း၊ ထိုသို့အကြမ်းဖက်မှုများကို လုံလောက်သည့် ဟန့်တားမှုများ ပြန်လည်လုပ်ဆောင်ရမည်ဖြစ်ပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်ကြောင်း။

**စဉ်းစားလုပ်ဆောင်ကြစေလို**

ထို့ပြင် အချို့သော နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့၏ လုပ်ငန်းခွင်များမှ အကြောင်းမဲ့ပျက်ကွက်၍ အဖျက်အမှောင့်သမားများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မည်သူမည်ဝါဖြစ်သည်ကို ခွဲခြားနေ၍မရဘဲ ကျား၊ မ မရွေး၊ အသက်အရွယ်မရွေး ကုသပေးရန် တာဝန်ရှိသည်ဖြစ်သော်လည်း လုပ်ငန်းတာဝန်များမှ ပျက်ကွက်လျက်ရှိနေကြကြောင်း၊ ပညာရေးဝန်ထမ်းများအနေဖြင့်လည်း ကျောင်းနေအရွယ်ကလေးငယ်များကို အခြေခံပညာသင်ကြားပြသပေးရမည့် တာဝန်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့တစ်ဦးတစ်ယောက်၏ စိတ်ခံစားချက်များနှင့် လုပ်ငန်းတာဝန်များကို ခွဲခြားသိမြင်ရန်လိုပြီး နိုင်ငံတော်အတွက် စဉ်းစားလုပ်ဆောင်ကြစေလိုကြောင်း။

ထိုကဲ့သို့ လုပ်ဆောင်မှုများ ရှိနေသည်ဖြစ်သော်လည်း မိမိတို့တိုင်းပြည်တွင် လုပ်ဆောင်ရန် များစွာရှိနေသောကြောင့် တတ်နိုင်သရွေ့ ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်ပျက်ကွက်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ၏ နေရာတွင် အစားထိုးခန့်ထားနိုင်ရေး လိုအပ်သည်များ လုပ်ဆောင်လျက်ရှိကြောင်း၊ ယနေ့ ဇွန် ၁ ရက်တွင် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် ကျောင်းသား ကျောင်းသူများ ကျောင်းစတင်တက်ရောက်လျက်ရှိပြီ ဖြစ်ကြောင်း၊ အရေးပေါ်ကာလတာဝန်များ ပြီးမြောက်အောင်ဆောင်ရွက်ပြီးပါက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို ပြန်လည်ပြုလုပ်ကာ တာဝန်လွှဲပြောင်းမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်လမြိုင်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများအား ကြည့်ရှုအားပေးစဉ်။

စာမျက်နှာ ၈ သို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာရှိ ပဒုမ္မာဆပ်ပြာစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပဒုမ္မာစက်ရုံအတွင်း ဆပ်ပြာထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာ ဗညားအောင်မိုး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာညွန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေပိုင်းတွင် မွန်ပြည်နယ် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာရှိ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် ပဒုမ္မာ ဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးနှင့် စက်ရုံမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး စက်ရုံအစည်းအဝေးခန်းမတွင် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး က စက်ရုံမှ ကိုယ်တိုက်ဆပ်ပြာနှင့် အဝတ်လျှော်ဆပ်ပြာခဲများ ထုတ်လုပ်နေမှုအခြေအနေ၊ လုပ်ငန်းလည်ပတ်နေမှု အခြေအနေများနှင့် အင်းတကော် မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ရေး စက်ရုံမှ SKD စနစ်နှင့် CKD စနစ်များဖြင့် မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပဒုမ္မာဆပ်ပြာစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**မှာကြား**

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်တွင်းဆပ်ပြာလိုအပ်ချက်များအား အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပြီး ပြည်ပသွင်းကုန် အစားထိုးဆောင်ရွက်ရန် လိုကြောင်း၊ ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်း အရည်အသွေး ကောင်းမွန်ရမည်ဆိုသည့် အတိုင်း ပြည်သူများ ပစ္စည်းအရည်အသွေး ကောင်းမွန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးနိုင်ရန်လိုအပ်ကြောင်း၊ မိမိတို့စက်ရုံမှ ထုတ်လုပ်သည့် ဆပ်ပြာများ၏ အရည်အသွေးကောင်းမွန်စေရေး အမြဲမပြတ် ဆောင်ရွက်နေရန် လိုကြောင်းနှင့် ပြည်တွင်းလိုအပ်ချက်ကို ရာခိုင်နှုန်း တစ်ခုအထိ ဖြည့်ဆည်းပေးနိုင်ရေး ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံမှ ထုတ်လုပ်သည့် ဆပ်ပြာများနှင့် ဈေးကွက်အတွင်း အသုံးပြုလျက်ရှိသည့် ဆပ်ပြာခဲများအား ကြည့်ရှုကြပြီး စက်ရုံအတွင်း ဆပ်ပြာထုတ်လုပ်နေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကာ စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်သည်။

အဆိုပါ ပဒုမ္မာဆပ်ပြာစက်ရုံကို စစ်မှုထမ်းဟောင်းမိသားစုများနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ ပြည်သူများ ဈေးနှုန်းချိုသာစွာအသုံးပြုနိုင်ရန်နှင့် ပြည်တွင်းသုံးကုန်ပစ္စည်းလိုအပ်ချက်ကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ၂၀၁၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ PADONMAR အမှတ်တံဆိပ်ဖြင့် အဝတ်လျှော်ဆပ်ပြာများအပြင် ကိုယ်တိုက်ဆပ်ပြာများကိုလည်း ဂရမ်မျိုးစုံ၊ အရောင်၊ အနံ့စုံလင်စွာဖြင့် ထုတ်လုပ်လျက်ရှိပြီး သက်သာသောဈေးနှုန်းများဖြင့် ဈေးကွက်အတွင်း ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❒ စာမျက်နှာ ၇ မှ

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ခေတ်အဆက်ဆက် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ယခုကဲ့သို့ ဆက်လက်ထိန်းသိမ်းလုပ်ဆောင်ပေးနေရခြင်းဖြစ်ကြောင်း၊ တပ်မတော်သားဘဝကို ခံယူခဲ့ကြသူများဖြစ်သည့်အတွက် တပ်မတော်သားကောင်းပီသစွာဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏ တာဝန်များကို ကြိုးပမ်းထမ်းဆောင်ကြစေလိုကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးဖြစ်သည်နှင့်အညီ အမိန့်နာခံတတ်ပြီး စည်းကမ်းရှိရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်မှုအခန်းကဏ္ဍသည် အရေးကြီးသဖြင့် ညီညွတ်မျှတသည့် အုပ်ချုပ်မှုနှင့် ဆင့်ကဲကွပ်ကဲမှုစနစ်ရှိရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်များအနေဖြင့် မိမိလက်အောက်ငယ်သားများ၏ အခက်အခဲ အကျပ်အတည်းများကို တော်တည့်မှန်ကန်စွာဖြင့် ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အသိ၊ သတိ ရှိစွာဖြင့် တာဝန်ထမ်းဆောင်နိုင်ရေးကို အခြေခံသင်တန်းများ တက်ရောက်စဉ်ကပင် လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်သဖြင့် သင်ကြားပေးလိုက်သည့် ပညာရပ်များကို မှန်မှန်ကန်ကန် အသုံးချစေလိုကြောင်း၊ မိမိတို့၏ တိုင်းပြည်ကာကွယ်ရေးတာဝန်ထမ်းဆောင်မှုများကို ဂုဏ်ယူကြရန်နှင့် အနာဂတ်ကို ကြိုတင်မြော်တွေးစဉ်းစားကာ မိမိဘဝတိုးတက်ရန် မိမိကိုယ်မိမိ တည်ဆောက်နေကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက မိခင်နှင့်ကလေးထောက်ပံ့ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းတာဝန်ပျက်ကွက်မှုများကြောင့် တပ်မတော်ဆေးရုံ၌ ဖေဖော်ဝါရီလမှ ယနေ့အထိ ရိုးရိုးမီးဖွားလူနာ ၅၄၀၊ ခွဲစိတ်မီးဖွားလူနာ ၃၀၉ ဦး၊ အကြီးစားခွဲစိတ်လူနာ ၄၈၅ ဦး၊ ပုံမှန်ခွဲစိတ်လူနာ ၄၉၆ ဦးအပါအဝင် စုစုပေါင်း ဆေးရုံတက်အရပ်သားလူနာ ၄၂၆၅ ဦးကို လက်ခံကုသပေးနိုင်ခဲ့ကြောင်းနှင့် လက်ရှိတွင်လည်း အရပ်သားလူနာ ၅၂ ဦးကို လက်ခံကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ သီလဝါအထူးစီးပွားရေးဇုန်တွင် စီးပွားဖြစ်လည်ပတ်နေသည့် စက်ရုံပေါင်း ၂၀၂၂ ခုနှစ် မတ်လအထိ ဇုန် (A) တွင် ၉၆ ခု၊ ဇုန် (B) တွင် ၂၆ ခု စုစုပေါင်း ၁၂၂ ခုဖြင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၃၂ သန်းကျော်ရရှိပြီးဖြစ်

❖ သီလဝါအထူးစီးပွားရေးဇုန်သည် နိုင်ငံ၏ပုံရိပ်အဖြစ် ရပ်တည်နေသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို ဆက်လက်ထိန်းသိမ်းသွားကြရမည်ဖြစ်

❖ အဆိုပါဇုန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စိတ်ချလက်ချ ဆက်လက်ရင်းနှီးမြှုပ်နှံနိုင်ရေးနှင့် ကုမ္ပဏီအသစ်များ ထပ်မံလာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် လုပ်ငန်းများချောမောစွာလည်ပတ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်

❂ ကျောဖုံးမှ
ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ချမှတ်ဆောင်ရွက်ခဲ့**

အစည်းအဝေးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန် စတင်ထမ်းဆောင်ခဲ့သည့် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ နိုင်ငံရေးဦးတည်ချက် (၃)ရပ်၊ စီးပွားရေးဦးတည်ချက် ( ၃) ရပ်၊ လူမှုရေးဦးတည်ချက်(၃)ရပ်တို့ကို ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ တာဝန်ယူဆောင်ရွက်ခဲ့သည့်လေးလတာကာလအတွင်း နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး ဆောင်ရွက်မှုများနှင့်အတူ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများကဲ့သို့ အထူးစီးပွားရေးဇုန်များသည် အလုပ်အကိုင်အခွင့်အလမ်း နည်းပညာရရှိမှုနှင့်အတူ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးကြောင်း၊ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အထူးစီးပွားရေးဇုန်ဥပဒေကို ၂၀၁၄ ခုနှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဗဟိုအဖွဲ့အနေဖြင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် အထူးစီးပွားရေးဇုန်များ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အဆိုပါ စီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရန် ဗဟိုအဖွဲ့၊ ဗဟိုလုပ်ငန်းအဖွဲ့များ ပြန်လည်ဖွဲ့စည်းပြီးဖြစ်သကဲ့သို့ စီမံခန့်ခွဲမှုကော်မတီများကိုလည်း ပြန်လည်ဖွဲ့စည်းပြီး ဖြစ်သည့်အတွက် ဇုန်များ၏ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အင်တိုက်အားတိုက် စနစ်တကျဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အထူးစီးပွားရေးဇုန် သုံးခုရှိသည့်အနက် ဂျပန်နိုင်ငံနှင့် အဓိကထားဆောင်ရွက်သည့် သီလဝါအထူးစီးပွားရေးဇုန်တစ်ခုသာ လုပ်ငန်းများ ချောမွေ့အောင်မြင်စွာ လည်ပတ်လျက်ရှိသည်ကို တွေ့ရပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည်ကို တွေ့ရကြောင်း၊ လက်ရှိ သီလဝါအထူးစီးပွားရေးဇုန်တွင် စီးပွားဖြစ်လည်ပတ်နေသည့် စက်ရုံပေါင်း ၂၀၂၂ ခုနှစ် မတ်လအထိ ဇုန် (A) တွင် ၉၆ ခု၊ ဇုန် (B) တွင် ၂၆ ခု စုစုပေါင်း ၁၂၂ ခုဖြင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၃၂ သန်းကျော်ရရှိပြီးဖြစ်ပါကြောင်း၊ ကျန်နေသေးသည့် မြေနေရာများကို တည်ဆောက်ရေးအပိုင်းတွင် ဆက်လက်ဆောင်ရွက်နေပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်သည် နိုင်ငံ၏ပုံရိပ်အဖြစ် ရပ်တည်နေသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို ဆက်လက် ထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း၊ အဆိုပါဇုန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စိတ်ချလက်ချ ဆက်လက်ရင်းနှီးမြှုပ်နှံနိုင်ရေးနှင့် ကုမ္ပဏီအသစ်များ ထပ်မံလာရောက် ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် လုပ်ငန်းများ ချောမောစွာလည်ပတ်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် ( ၃ ) ရပ်တွင် ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးသည် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ရည်မှန်းချက်များ အောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏လုပ်ထုံးလုပ်နည်း SOP များကို လက်တွေ့ကျကျ လုပ်ကိုင်နိုင်ရေးအတွက် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဇုန်များတွင် ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးရန် လိုအပ်ကြောင်း၊ သို့မှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ထပ်မံဖိတ်ခေါ်နိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်များကို ကောင်းမွန်စွာ ဦးဆောင်နိုင်ရေးအတွက် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များကို ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည့်အတွက် လက်ရှိအခြေအနေထက် ပိုမိုတိုးတက်ရေးနှင့် ပို့ကုန်တိုးမြှင့်ရေးအတွက် စီးပွားရေးဇုန်များရှိ One Stop Service Centre များတွင် ထိရောက်သည့်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

**ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ပြီး**

ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် ရေနက်ဆိပ်ကမ်းစီမံကိန်း မူဘောင်သဘောတူညီချက်ကို ရေးထိုးနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် Shareholder Agreement သဘောတူညီချက်နှင့် နိုဝင်ဘာလတွင် Concession Agreement သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ထို့ကြောင့်ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းကို ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ စီမံကိန်း၏ရလဒ်အနေဖြင့် ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ရေနက်ဆိပ်ကမ်းစီမံကိန်းတွင် ESIA၊ PGTS Suvy ဆိုင်ရာတင်ဒါလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် အောင်မြင်နေသည့် သီလဝါအထူးစီးပွားရေးဇုန်၏ အောင်မြင်မှု အတွေ့အကြုံကောင်းများကို နမူနာယူ၍ စီမံကိန်းအောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် မြန်မာ - တရုတ် စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းကို ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်စေနိုင်ပါကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းသည် တရုတ်နိုင်ငံ Belt and Road စီမံကိန်းနှင့် များစွာဆက်စပ်မှုရှိသည့်အတွက် နှစ်နိုင်ငံအကျိုးပြုမှုများရရှိပြီး ဒေသတွင်းဖွံ့ဖြိုးမှုကို များစွာအထောက်အကူရရှိစေမည်ဖြစ်ကြောင်း။

ထားဝယ် အထူးစီးပွားရေးဇုန်အနေဖြင့် ထိုင်းနိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးမှုများဖြင့် စဉ်ဆက်မပြတ်တိုးတက်မှုရှိရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ထားသည်ကိုတွေ့ရပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်မှ ထီးခီး၊ ထိုမှတစ်ဆင့် ထိုင်းနိုင်ငံ ဖူနမ်ရွှမ်အထိ ဆက်သွယ်ထားသည့် နှစ်လမ်းသွားကားလမ်း အဆင့်မြှင့်တင် ဖောက်လုပ်ရေး စီမံကိန်းကို ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန်ရှိကြောင်း၊ မိမိတို့ တာဝန်ယူဆောင်ရွက်ရမည့် အချိန်ကာလအတွင်း မူလရည်မှန်းချက်များအတိုင်း ဆက်လက်ဆောင်ရွက်ပြီး တိုးတက်မှုများရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နှစ်လမ်းသွားစီမံကိန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းစဉ်များအတိုင်း မြန်မြန်ဆန်ဆန် ပေါင်းစပ်ဆောင်ရွက်ပေးစေလိုကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံ ပါဝင်နိုင်ရေး အဆိုပြုချက်များကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုကြောင်းကို ပြန်လည်အကြောင်းပြန်ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံပူးပေါင်း၍ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုအလားအလာကောင်းများ ပိုမိုရရှိစေနိုင်မည်ဟု မျှော်လင့်ကြောင်း၊ အလားတူ ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိုင်း-ဂျပန်တို့နှင့် ပူးပေါင်းဆောင်ရွက်ပြီး အကျိုးရှိသည့် ရလဒ်ကောင်းများအမြန်ဆုံးရရှိရန် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ အထူးစီးပွားရေးဇုန်များ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာမှသာ တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အထူးစီးပွားရေးဇုန်များ အောင်မြင်တိုးတက်အောင် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ပြီး တာဝန်ယူစဉ်ကာလအတွင်း ရလဒ်ကောင်းများ အမြန်ဆုံးရရှိနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန် အခြေအနေများနှင့် အမှာစာများကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်များ ရယူကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးဝင်းရှိန်၊ ဦးကိုကိုလှိုင်၊ ဦးခင်မောင်ရီ၊ ဦးတင်ထွဋ်ဦး၊ ဦးမြင့်ကြိုင်နှင့် ဦးအောင်သန်းဦး၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦး၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်၊ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း၊ ဒုတိယဝန်ကြီး ဦးမင်းထိန်တို့က မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ဗဟိုအဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက်ဗဟိုအဖွဲ့ဥက္ကဋ္ဌနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အထူးစီးပွားရေးဇုန်များ၏ စာချုပ်စာတမ်းကိစ္စရပ်များနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းရန်လိုအပ်သကဲ့သို့ ကျန်ရှိသည့် အထူးစီးပွားရေးဇုန် နှစ်ခုတွင် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကိုလည်း အမြန်ဆုံး ဆက်လက်ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းပိုင်းနှင့်ပတ်သက်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာမည်မှန်သော်လည်း သက်ဆိုင်ရာလုပ်ငန်းခွင် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လိုအပ်မည်ဖြစ်သည့်အတွက် လိုအပ်သည့် လေ့ကျင့်သင်ကြားမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် ရေနက်ဆိပ်ကမ်းစီမံကိန်း မူဘောင်သဘောတူညီချက်ကို ရေးထိုးနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် Shareholder Agreement သဘောတူညီချက်နှင့် နိုဝင်ဘာလတွင် Concession Agreement သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့

❖ စီမံကိန်း၏ရလဒ်အနေဖြင့် ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်တော့မည်ဖြစ်

❖ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းကို ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်စေနိုင်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မွန်ပြည်နယ်အတွင်း ပြည်ထောင်စုဝန်ကြီးများ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် သီးခြားစီလိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁**
မွန်ပြည်နယ် မော်လမြိုင်မြို့တွင်ရောက်ရှိနေသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်တက္ကသိုလ်သို့ သွားရောက်၍ တက္ကသိုလ်ဘက်စုံခန်းမတွင် ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများကို တွေ့ဆုံကာ သင်ကြားရေးဆရာ၊ဆရာမများအားဘွဲ့ဒီဂရီအဆင့်အလိုက် ချီးမြှင့်ပေးအပ်သွားရေး၊ ရေမီးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် ပညာရေးကဏ္ဍမြင့်တင်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည်လည်း မော်လမြိုင်မြို့ ပြည်သူ့ကျန်းမာရေးခေတ်ခွဲဌာနသို့ သွားရောက်၍ ကိုဗစ် -၁၉ ခေတ်ခွဲစမ်းသပ်စစ်ဆေးနေမှုများနှင့် ခုတင် -၅၀၀ ပြည်သူ့ဆေးရုံကြီးသို့သွားရောက်၍ ကျန်းမာရေးဝန်ထမ်းများကိုတွေ့ဆုံကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားကြရန် လိုအပ်သည်များကို မှာကြားသည်။

အလားတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် မော်လမြိုင်မြို့ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ ပြည်နယ်ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများကို တွေ့ဆုံအမှာစကားပြောကြားခဲ့ပြီး ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ သုံးထပ်အဆောက်အအုံ ဆောက်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ အခြေခံပညာကျောင်းများဖွင့်လှစ်မှု လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၁**
မြန်မာနိုင်ငံရှိ အခြေခံပညာကျောင်းများကို ယနေ့မှစတင်၍ တစ်ပြိုင်တည်း ပြန်လည်ဖွင့်လှစ်ရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဦးဇော်ဝင်းတို့သည် ယနေ့နံနက် ၉နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းနှင့် ပျဉ်းမနားမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းတို့သို့ သွားရောက်ကာ သင်ကြားသင်ယူမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကား ပြောကြားကြသည်။



**အခမဲ့ဖြန့်ဝေ**
ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေး စည်းမျဉ်း စည်းကမ်းများနှင့်အညီ နိုင်ငံတော်က ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား မျက်နှာအကာနှင့် နှာခေါင်းစည်းများကို လည်းကောင်း၊ ကျောင်းသုံး ဖတ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်၊ ခဲတံများကိုလည်းကောင်း အခမဲ့ဖြန့်ဝေကာ ယနေ့မှစတင်၍ နိုင်ငံတစ်ဝန်းရှိ ကျောင်းများကို ပြန်လည်ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်ချမ်းမြေ့စွာ ကျောင်းတက်ရောက်လျက်ရှိကြပြီး ဆရာ ဆရာမများကလည်း ကျောင်းနှင့် တစ်နှစ်ကျော် ကြာအောင် ဝေးကွာခဲ့ရသော အတန်းများနှင့် ယမန်နှစ်က တစ်လကျော်ကြာ သင်ယူခဲ့ရသော အထက်တန်းများတွင်ပါ ကျောင်းသင်ခန်းစာများကို အစမှ စတင်သင်ကြားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးများ ဒုတိယအကြိမ် ဖြန့်ဖြူးရောင်းချ

**ထားဝယ် ဇွန် ၁**
စိုက်ပျိုးရေးထုတ်ကုန်များကို သမဝါယမစနစ်ဖြင့် တိုက်ရိုက်ရောင်းချရာတွင် ဒေသခံ သီးနှံစိုက်တောင်သူများ၏ အကျိုးဖြစ်ထွန်းစေရန်အတွက် ဒုတိယအကြိမ်အဖြစ် တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်သည် ရှမ်းပြည်နယ်(တောင်/ရှေ့)သမဝါယမအသင်းစုချုပ်နှင့်ပူးပေါင်း၍ ရှမ်းဒေသမှ ထွက်ရှိသော ကြက်သွန်ဖြူပိဿာချိန် ၃၅၀၀ နှင့် အာလူးပိဿာချိန် ၅၀၀ ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် ပူးပေါင်း၍ ဆိပ်ဖြူမြို့နယ်မှ ထွက်ရှိသော ကြက်သွန်နီပိဿာချိန် ၆၅၀၀ ကိုလည်းကောင်း ဝယ်ယူ၍ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်၊ မြိတ်ခရိုင်အတွင်းရှိ မြို့နယ်သမဝါယမအသင်းစုများ မှတစ်ဆင့် သမဝါယမအသင်းသားများနှင့် အများပြည်သူများသို့ သမဝါယမမူတစ်ရပ်ဖြစ်သော No Profit, No Loss အစီအစဉ်ဖြင့် မေ ၂၇ ရက်က ကြက်သွန်နီ တစ်ပိဿာ လျှော်ငွေကျပ် ၄၈၀၊ အာလူးတစ်ပိဿာလျှော်ငွေကျပ် ၅၅၀၊ ကြက်သွန်ဖြူ တစ်ပိဿာလျှော်ငွေကျပ် ၁၄၅၀ ဖြင့် သမဝါယမလမ်းကြောင်းမှတစ်ဆင့် ဖြန့်ဖြူးရောင်းချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၁၀ ခုတို့ရှိ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် လစ်လပ်ရာထူး ၁၉၅ နေရာအတွက် ရေးဖြေစာမေးပွဲများ ကျင်းပမည်

**နေပြည်တော် ဇွန် ၁**
၂၀၂၀ ပြည့်နှစ်အတွင်း ကြော်ငြာခေါ်ယူခဲ့ပြီး ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ အခြေအနေအရ စာမေးပွဲကျင်းပရန် ဆိုင်းငံ့ထားခဲ့သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြော်ငြာစာအမှတ်၊ ၃/၂၀၂၀ပါ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း ၁၀ ခုမှ လစ်လပ်ရာထူး ၁၉၅ နေရာအတွက် ရေးဖြေစာမေးပွဲကို ဇွန် ၂၆ ရက် (စနေနေ့)တွင် မြန်မာစာဘာသာရပ်ကို နံနက် ၉ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ အင်္ဂလိပ်စာဘာသာရပ်ကို မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ လည်းကောင်း၊ ဇွန် ၂၇ ရက် (တနင်္ဂနွေနေ့)တွင် သုတရေးရာဘာသာရပ်ကို နံနက် ၉ နာရီမှ ၁၁နာရီအထိ လည်းကောင်း၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင် စာစစ်ဌာနငါးခု၌ သတ်မှတ်နေ့ရက်၊ အချိန်များတွင် တစ်ပြိုင်တည်း ကျင်းပစစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

**အသိပေးကြေညာမည်**

ဖြေဆိုသူများအတွက် စာမေးပွဲခုံအမှတ်စာရင်း၊ စာစစ်ဌာန၊ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူရမည့်နေ့ရက်နှင့် နေရာများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website, Myanmar National Web Portal ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇) နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့များရှိ တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီရုံးများတွင် ဇွန် ၃ ရက်မှစ၍ အသိပေးကြေညာမည်ဖြစ်ပြီး ဖြေဆိုသူများအနေဖြင့် မိမိတို့၏ ခုံအမှတ်နှင့် စာစစ်ဌာနကို သိရှိပြီးဖြစ်ကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (ဖုန်း ၀၆၇-၃၄၀၉၀၅၂၊ ၀၆၇ -၃၄၀၉၄၃၀၊ ၀၉ -၄၂၄၄၀၈၉၅၄၊ ၀၉ -၄၂၀၇၀၆၆၀၅၊ ၀၉ -၄၂၀၇၀၆၆၀၆၊ ၀၉-၂၆၂၅၀၂၉၈၈၊ ၀၉-၇၉၇၇၂၇၆၉၆နှင့် ၀၉-၇၈၁၂၈၆၇၇၈)တို့သို့ ဇွန် ၃ ရက်မှ ၁၄ ရက်အတွင်း မပျက်မကွက်(မပျက်မကွက်) ဆက်သွယ်ဆောင်ရွက်ပေးရန် အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဘယ်သူဖျက်ဖျက် တို့မပျက် ပြုံးပန်းဝေစည် ကျောင်းတက်ကြပြီ

မောင်နိုင်

မြန်မာနိုင်ငံရဲ့ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်တဲ့ ဇွန်လ ၁ ရက်နေ့မှာ အေးချမ်းပျော်ရွှင်စွာ ကျောင်းတက်ကြတဲ့ သတင်းတွေကို အွန်လိုင်းစာမျက်နှာတိုင်းလိုလိုမှာ မြင်တွေ့ဖတ်ရှုရတာ လွန်စွာမင်္ဂလာရှိလှပါဘိ။

ဖတ်ရှုမိတာတွေအထဲက ကောက်နုတ်ဖော်ပြရရင် တိုက်ကြီးမြို့မှ မူလတန်းပြဆရာတစ်ဦးက "ခုအချိန်မှာ ကိုယ့်ကိုယ်ကိုယ် ရှေ့တန်းရောက်နေတဲ့ စစ်သည်တော်လို ခံစားရတယ်။ အဖွင့်ဂိုးကိုတော့ လှလှပပသွင်းခဲ့ပါပြီ။ ရှေ့လျှောက် တာဝန်ကျေပွန်တဲ့၊ ဆရာပီသတဲ့၊ ကလေးတွေအတွက် စိတ်ခတ်စံပြဖြစ်စေမယ့် ဆရာတစ်ယောက်ဖြစ်အောင် ကြိုးစားမယ်လို့ နှလုံးသွင်းရင်း ကျောင်းဖွင့်ရက်အစကို ဂုဏ်ပြုလိုက်ပါရစေခင်ဗျာ"ဟု ရေးသားထားမှုကို ဖတ်ရှုလိုက်ရတဲ့ မိဘတိုင်းအတွက် ယုံကြည်အားကိုးမှုကို ဖြစ်စေတဲ့အပြင် ဆရာတစ်ဦးရဲ့ တက်ကြွတဲ့ စိတ်နေစိတ်ထားက လေးစားဂုဏ်ယူစရာပင် ဖြစ်ပါတယ်။

"ဇွန်လ ၁ ရက်နေ့ ကြောက်ကြောက်နဲ့ပဲ ကျောင်းသွားပို့ခဲ့တယ်။ ကိုယ့်လိုပဲ သားသမီးပညာရေးအတွက် အရဲစွန့်ပြီး ကျောင်းလာပို့တဲ့ မိဘတွေကို တွေ့ရတော့လည်း အားရှိခဲ့ရပြန်တယ်။ အခြေအနေကြည့်ပြီး ကျောင်းအပ်ကြမယ်ဆိုတဲ့ မိဘတွေရှိတာ သိခဲ့ရပြန်တော့လည်း ဝမ်းသာမိရပြန်တယ်။ "ကလေးတွေကို စိတ်ချလက်ချထားခဲ့ပါ၊ ကျွန်မတို့ တာဝန်ယူပါတယ်ဆိုတဲ့ ဆရာမတွေနဲ့ တွေ့ခဲ့ရပြန်တော့လည်း စိတ်အေးရပြန်တယ်"ဟု ရေးသားထားသည့် အင်းစိန်မြို့နယ်မှ မိခင်တစ်ဦးရဲ့ သားသမီးကို ကျောင်းပို့ခဲ့ရသည့် စိတ်ခံစားချက်ကလည်း ကျောင်းပို့ဖို့မဝံ့မရဲဖြစ်နေတဲ့ အခြားမိဘတွေအတွက် အားဖြစ်စေမှာ အမှန်ပါပဲ။

### ရဲဝံ့စွာ လိပ်ပြာလုံစွာ ကျောင်းတက်ပါမည်

"လုပ်သက် ၁၃ နှစ်ရှိခဲ့ပြီ။ ညကတည်းက အိပ်တစ်ဝက် နိုးတစ်ဝက်နဲ့ သတင်းတွေဖတ်ပြီး ရင်တထိတ်ထိတ်နဲ့ ကြောက်နေခဲ့မိတာ။ ကျောင်းရောက်တော့ ကျောင်းလာတဲ့ ကလေးလေးတွေနဲ့ အတူ ကိုယ်ပါ စိတ်ပေါ့ပါး အေးချမ်းသွားတယ်။ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ဆရာ ဆရာမများ၊ ဖြူစင်တဲ့ကလေးများနဲ့တစ်ကွ ကျရာတာဝန်ထမ်းဆောင်နေကြသူများအားလုံး ဘေးအန္တရာယ်ကင်းရှင်းပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာကြပါစေ"ဟု ဆရာမလေးရဲ့ ရေးသားထားမှုက စိုးရွံ့စိတ်တွေကို တပည့်ကျောင်းသားတွေနဲ့အတူ ဖျောက်ဖျက်နိုင်ခဲ့တာကို ပေါ်လွင်စေပါတယ်။

"အပြုံးမပျက် ကျောင်းတက်ခဲ့ပြီနော်။ နောက်နေ့တွေလည်း Uniform နဲ့ပဲ အိမ်ကနေသွားမယ်။ ကျောင်းမတက်ရလို့ ငိုနေတဲ့ ကလေးတွေရဲ့မျက်နှာ၊ ကျောင်းတက်ရလို့ ပျော်ရွှင်နေတဲ့ကလေးတွေရဲ့မျက်နှာ ဒါတွေကိုမြင်နေရလို့ ဒီဆရာမ



နေပြည်တော် အထက(၅)တွင် ပညာဆည်းပူးရန် လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများကို ဇွန် ၁ ရက်က တွေ့ရစဉ်။

ဘာကိုမှမကြောက်၊ ရဲဝံ့စွာ လိပ်ပြာလုံစွာ ကျောင်းတက်ပါမည်"ဟု မကွေးမှ ဆရာမလေးကလည်း ကလေးတွေကို စာသင်ကြားဖို့ မိမိကိုယ်ကိုယ် အားပေးရေးသားထားမှုကလည်း ချီးကျူးစရာပါပဲ။

"မနက် ၇ နာရီအရောက် ကျောင်းသွားဖို့ ပြင်ဆင်ရင်း လမ်းမှာများ ဘာဖြစ်မလဲ။ ကျောင်းမှာများ ဘာဖြစ်မလဲ။ ဘယ်လိုသတင်းတွေများ ကြားရဦးမလဲ။ အတွေးပေါင်းများစွာနဲ့ ဒီနေ့လိုခံစားချက်မျိုး တစ်ခါမှ မကြုံဖူးဘူး။ ကျောင်းရောက်တော့ အဖြူအစိမ်း ဝတ်ထားတဲ့ ကလေးတွေ၊ သားသမီးကို စာတတ်စေချင်လို့ ကိုယ်တိုင်ကျောင်းပို့တဲ့ မိဘတွေမြင်ရတော့ ဘာပဲပြောပြော အားတက်သွားပါတယ်"လို့ ဧရာဝတီတိုင်းဒေသကြီးမှ ဆရာမတစ်ဦးရဲ့ ရေးသားထားမှုဟာ မိဘ၊ ဆရာ၊ ကျောင်းသား သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက်မှ အောင်မြင်နိုင်တဲ့ ပညာရေးစနစ်ကို ထင်ဟပ်စေပါတယ်။

"ကိုယ်တွေကျောင်းကတော့ လခွဲကျောင်းမလို့ မနှစ်ကတော့ လူသုံးရာကျော်ပေမယ့် ဒီနှစ် တစ်ရာကျော်တော့ ရှိလေရဲ့။ ဆရာမဦးရေ မလောက်တာလေးကလွဲရင် ကျန်တာအားလုံး အဆင်ပြေတယ် ပြောရမယ်။ ဒီဒေသမှာရှိတဲ့ ကိုးကန့်နဲ့ ရှမ်းအများစုက နိုင်ငံရေးထက် စီးပွားရေးကို ပိုစိတ်ဝင်စားတာကိုပဲ ကျေးဇူးတင်ရမယ်။ ဘယ်လိုပြောပြော နည်းနည်းတော့ စိတ်ချမ်းသာမိပါရဲ့"ဟု ကွမ်းလုံမြို့က ဆရာမလေးရဲ့ ရေးသားထားမှုဟာ အားလုံးတော့ အဆင်ပြေပေမယ့် ဆရာအင်အား လိုအပ်မှုကို နှိုင်းဆသိရှိနိုင်ပါတယ်။

### တစ်ပြိုင်နက် နိုင်ငံတော်သီချင်း သီဆို

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်မှာ နေထိုင်တဲ့ ဒေသခံတစ်ဦးကတော့ "အထကခွဲ၊ တောင်ခင်ကျေးရွာမှာ ယနေ့ကျောင်းစဖွင့်ပါပြီ။ ကျောင်းအုပ်ဆရာကြီးရယ်၊ ဆရာ ဆရာမတွေရယ်၊ ကျောင်းသား ကျောင်းသူတွေအားလုံး မနက် ၉ နာရီမှာ ကျောင်းတက်ခေါင်းလောင်းထိုးတာနဲ့ တစ်ပြိုင်နက် နိုင်ငံတော်သီချင်းသီဆိုနေတဲ့ မြင်ကွင်းဟာ မြင်တွေ့ ကြားသိရသူအားလုံးကို ဝမ်းသာပီတိဖြစ်စေတာ အမှန်ပါပဲ။ ကျွန်တော့်မှာ သားသမီးမရှိပေမယ့် ဒီနေ့ အဆင်ပြေပြေ ကျောင်းစတင်တက်ကြတဲ့အတွက်ကြောင့် ကလေးတွေရဲ့ မိဘတွေနဲ့ ထပ်တူပျော်ရွှင်ရပါတယ်"ဟု ကျောင်းစဖွင့်တဲ့ရက်အတွက် ခံစားချက်ကို ကြည်နူးစွာ ရေးသားထားပါတယ်။

"ဒီနေ့ ကျောင်းစတက်ပါပြီ။ သူငယ်ချင်းတွေနဲ့ တွေ့ရလို့ သားသားပျော်နေပါတယ်။ ကျောင်းမှာ လုံခြုံရေးအပြည့်ရှိလို့ အေးအေးဆေးဆေးပါပဲ။ နောက်ရက်တွေလည်း အပြုံးမပျက် ကျောင်းဆက်တက်ပါမယ်"ဟု Grade (6) ကျောင်းသားလေးက သူ့မိခင်ဖြစ်သူရဲ့ အွန်လိုင်းစာမျက်နှာမှတစ်ဆင့် ရေးသားထားမှုကို ဖတ်ရှုလိုက်ရတာကလည်း ချစ်စဖွယ်ပါပဲ။

သဘာဝအားဖြင့် လူသားတွေဟာ အမှားလုပ်တတ်ကြသူတွေချည်းပါပဲ။ လူသားတွေ အမှားပြုလုပ်ခြင်းကနေ ရှောင်ကြဉ်နိုင်ဖို့နဲ့ အမှားပြုလုပ်ခြင်းမှ ကင်းဝေးစေဖို့အတွက် ထိန်းကျောင်းသွန်သင်ရာနေရာကတော့ စာသင်ကျောင်းပဲ ဖြစ်ပါတယ်။ ကျောင်းဆိုတဲ့နေရာဟာ လူ့တန်ဖိုးတွေ ပေါ်ထွက်လာအောင် လေ့ကျင့်ပေးသည်သာမကဘဲ "လူပီသဖို့" ပညာရှာမှီးရာနေရာလည်း ဖြစ်ပါတယ်။ လူငယ်လူရွယ်တွေကို လိမ္မာယဉ်ကျေးအောင်၊ စာရိတ္တကောင်းမွန်အောင်၊ နိုင်ငံသားကောင်းစိတ်ဓာတ်ကြွယ်ဝအောင် လေ့ကျင့်သင်ကြားပေးတဲ့နေရာဟာလည်း ကျောင်းပါပဲ။ "ပညာရွှေအိုး လူမခိုး" ဆိုတဲ့အတိုင်း စာသင်ကျောင်းတွေဆိုတာက လူငယ်တွေအတွက် ဖွံ့ဖြိုးတိုးတက်ဖို့ အကောင်းဆုံးနေရာပဲဖြစ်ပါတယ်။

### အတန်းအသီးသီးအတွက် အခမဲ့ပညာရေးစနစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းကို အရောက်ပို့ဆောင်ပေးရမယ့် တာဝန်ဟာ မိဘဖြစ်လာသူတိုင်းမှာ ရှိပါတယ်။ နိုင်ငံတော်ကလည်း ကျောင်းအပ်နှံရာမှာ အတန်းအသီးသီးအတွက် အခမဲ့ပညာရေးစနစ် သတ်မှတ်ပေးထားပြီး သူငယ်တန်း (KG) အတွက် ကျောင်းဝတ်စုံတစ်စုံ (အခမဲ့)၊ မူလတန်းအဆင့်အတွက် ကျောင်းဝတ်စုံတစ်စုံ၊ ဗလာစာအုပ် ခြောက်အုပ်နှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံ (အခမဲ့)၊ အလယ်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံ (အခမဲ့) (ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနဲ့ စာကြည့်တိုက်ကြေး ကင်းလွတ်ခွင့်)၊ အထက်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံ (အခမဲ့) (ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနဲ့ စာကြည့်တိုက်ကြေး ကင်းလွတ်ခွင့်) တွေကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ဒီလိုတန်ဖိုးရှိအားထားရတဲ့ ကျောင်းတွေဖြစ်ဖို့ တစ်တပ်တစ်အား မြှုပ်နှံတစ်စက်မျှ ပါဝင်ကူညီခြင်း မရှိခဲ့ဖူးတဲ့ အကြမ်းဖက်သမား လူရမ်းကားတွေဟာ လက်ရှိကာလမှာ ကျောင်းတွေကို မီးရှို့၊ ဖျက်ဆီး၊ ဗုံးခွဲ စတဲ့ မိုက်မဲတဲ့လုပ်ရပ်မျိုးစုံကို ဆင်ခြင်တုံတရားမဲ့စွာ ပြုလုပ်နေကြတာကို တည်ငြိမ်အေးချမ်းမှုကို လိုလားတဲ့ အများပြည်သူက ရှုတ်ချလျက်ရှိနေပါတယ်။

ဒါ့အပြင် အကြမ်းဖက်သမား လူရမ်းကားတွေဟာ ကျောင်းရှေ့မှာ ဆဲရေးတိုင်းထွာတဲ့ စာရေးသားခြင်း၊ အမှိုက်တွေ၊ အတားအဆီးတွေချထားခြင်း၊ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် စော်ကားပြောဆို အရှက်ခွဲခြိမ်းခြောက်ခြင်း စသည့် နည်းလမ်းမျိုးစုံကို ပြုလုပ်နေတဲ့အပြင် ကျောင်းပြန်တက်မယ့် ကျောင်းသားတွေကိုလည်း "ကျောင်းမတက်နဲ့ ကျောင်းထွက်" လို့ လှုံ့ဆော်မှုတွေက ပြည်သူအများစု မကြားချင်၊ မမြင်ချင်တဲ့ အမင်္ဂလာသတင်းတွေပဲ ဖြစ်ပါတယ်။

### နိုင်ငံအား ဖျက်ဆီးနေကြသူများ

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်တွေ မွေးထုတ်ပေးနေတဲ့ ကျောင်းတွေမဖွင့်နိုင်ရေး၊ ကျောင်းမတက်နိုင်ရေး စတဲ့ အဖျက်လုပ်ရပ်တွေကို လုပ်ဆောင်နေကြသူတွေဟာ နိုင်ငံကို ဖျက်ဆီးနေကြသူတွေပဲ ဖြစ်ပါတယ်။ အဖျက်သမားတွေ၊ အကြမ်းဖက်သမားတွေအနေနဲ့ နိုင်ငံမှာ ပညာတတ်ပေါများလာမှာကို မလိုလားဘဲ ပြည်သူလူထုအများဒုက္ခရောက်အောင် လုပ်ဆောင်နေခြင်းသာ ဖြစ်ပါတယ်။ ကိုယ်တိုင်က ဉာဏ်မဲ့တဲ့လုပ်ရပ်တွေကို လုပ်နေတဲ့အပြင် တိုင်းပြည်နဲ့လူမျိုး တိုးတက်မှုမရှိဖို့၊ လူငယ်တွေ ပညာမတတ်ဖို့၊ လူဖျင်းလူညံ့တွေ ပေါများစေဖို့ အဖျက်သမား၊ လူရမ်းကားတွေက ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေခြင်းသာ ဖြစ်ပါတယ်။

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်တွေ မွေးထုတ်ပေးနေတဲ့ ကျောင်းတွေမဖွင့်နိုင်ရေး၊ ကျောင်းမတက်နိုင်ရေး စတဲ့ အဖျက်လုပ်ရပ်တွေကို လုပ်ဆောင်နေကြသူတွေဟာ နိုင်ငံကို ဖျက်ဆီးနေကြသူတွေပဲ ဖြစ်ပါတယ်။ အဖျက်သမားတွေ၊ အကြမ်းဖက်သမားတွေအနေနဲ့ နိုင်ငံမှာ ပညာတတ်ပေါများလာမှာကို မလိုလားဘဲ ပြည်သူလူထု အများဒုက္ခရောက်အောင် လုပ်ဆောင်နေခြင်းသာဖြစ်ပါတယ်။ ကိုယ်တိုင်က ဉာဏ်မဲ့တဲ့လုပ်ရပ်တွေကို လုပ်နေတဲ့အပြင် တိုင်းပြည်နဲ့လူမျိုး တိုးတက်မှုမရှိဖို့၊ လူငယ်တွေ ပညာမတတ်ဖို့၊ လူဖျင်းလူညံ့တွေ ပေါများစေဖို့ အဖျက်သမား၊ လူရမ်းကားတွေက ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေခြင်းသာ ဖြစ်ပါတယ်။**

လွန်စွာမှ စက်ဆုပ်ရွံရှာဖွယ်ရှိတဲ့ စိတ်ဓာတ်များနဲ့ မကျေနပ်ချက်တွေကို ရှေ့တန်းတင်ပြီး ကလေးလူငယ် ကျောင်းသားတွေ ပညာသင်ကြားဖို့ အရေး နည်းမျိုးစုံနဲ့ နှောင့်ယှက်မှုမှန်သမျှကို မိဘ၊ ဆရာ၊ ရပ်ရွာလူထုနဲ့ သက်ဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ရှိသူအသီးသီးက ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးကြရမှာ ဖြစ်ပါတယ်။ မိဘတိုင်းကလည်း ကျောင်းနေအရွယ် သားငယ် သမီးငယ်တွေကို ဘယ်သူဖျက်ဖျက် မပျက်ဘဲ ကျောင်းသို့ ပို့ပေးကြဖို့ လိုပြီး ကျောင်းသား ကျောင်းသူ လူငယ်တွေကလည်း ဘယ်သူဖျက်ဖျက် မပျက်ဘဲ အပြုံးပန်းတွေနဲ့ ကျောင်းတက်ကာ ပညာသင်ကြားကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ စဉ်းစားတွေးခေါ်နိုင်စွမ်းရှိတဲ့ ပညာတတ် လူတော်လူကောင်းများ နိုင်ငံမှာ ပြည့်ဝလာမှာ ဖြစ်ပါတယ်။

လူတော်လူကောင်းများနဲ့ နိုင်ငံရဲ့ အနာဂတ်ကို အကောင်းဆုံး ခြယ်မှုန်းနိုင်ဖို့ ကျောင်းမှန်မှန်တက်ခြင်းဖြင့် စာမခက်အောင် ကြိုးစားကြပါစေကြောင်းနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအားလုံး ကျန်းမာရွှင်လန်းပြီး ဘေးဘယာ ဝေးကွာကာ ပညာတတ်ကြီးများဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ရေးသားလိုက်ရပါတယ်။ ။

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာအဆင့်ကျောင်းများ စတင်ဖွင့်လှစ် ကျောင်းအပ်နှံမှုများကို ကျောင်းဖွင့်ချိန်ကာလအတွင်း ဆက်လက်လက်ခံသွားမည်

ရန်ကုန် ဇွန် ၁

ကိုဗစ်-၁၉ ကူးစက်ကပ်ရောဂါကြောင့် မြန်မာနိုင်ငံရှိ အခြေခံပညာကျောင်းများကို ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ပညာသင်ကြားမှုများ ရပ်နားခဲ့ရာမှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာအဆင့်ကျောင်းများကို နိုင်ငံတော်က ယနေ့ ပြန်လည်ဖွင့်လှစ်ခဲ့ရာ ကျောင်းသားကျောင်းသူများ စတင်ပညာသင်ကြားလျက်ရှိသည်။

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လေ့ကျင့်ရေးအထက်တန်းကျောင်းတွင် ပုံမှန်ကျောင်းသား ကျောင်းသူဦးရေ ၆၀၀၀ ကျော် လက်ခံသင်ကြားနိုင်သည့်အနက် လက်ရှိတွင် ကျောင်းအပ်သူဦးရေ ၂၀၀၀ ကျော်၊ ရာခိုင်နှုန်းအားဖြင့် ၃၀ ရာခိုင်နှုန်းကျော် အပ်နှံထားကြောင်း သိရသည်။ ကျောင်းအပ်နှံမှုကို ကျောင်းဖွင့်ချိန်ကာလအတွင်း ဆက်လက်လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြင်ဆင်ထား**

အဆိုပါကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းနွယ်က "ကျောင်းတက်ဖို့ ဌာနဆိုင်ရာရဲ့ ညွှန်ကြားချက်နဲ့အညီ ပြင်ဆင်ထားတယ်။ ကျောင်းအပ်နှံရေးကာလဖြစ်တဲ့ မေ ၂၄ ရက်ကနေ ၃၁ ရက်အထိ ကျောင်းသားတွေကို လက်ခံပြီးဖြစ်ပါတယ်။ ကျန်တဲ့ ကျောင်းသားတွေကိုလည်း ကျောင်းတက်နေရင်းပဲ လက်ခံသွားမှာပါ။ ကျောင်းကို အရင်တစ်နှစ်က ပြင်ဆင်ထားပြီးဖြစ်တဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ပြင်ဆင်ထားပါတယ်။ ဒီနှစ်ကတော့ အထူးလုံခြုံရေးအနေနဲ့ ထပ်တိုးပြီး ပြင်ဆင်ထားရှိပါတယ်။ ကျောင်းက အမှန်တကယ် ကျောင်းသားဦးရေ ၆၀၀၀ ကျော်ရှိပါတယ်။ အခု ၂၀၀၀ ကျော် အပ်ပြီးဖြစ်တဲ့အတွက် ၃၀ ရာခိုင်နှုန်း အပ်နှံပြီးဖြစ်ပါတယ်။ ကျန်တဲ့ကျောင်းသားတွေလည်း လာရောက်အပ်နှံမယ်လို့ သတင်းကြားပါတယ်။ ကိုဗစ်ကာလဖြစ်တဲ့အတွက် ကျောင်းသားတွေကို သတ်မှတ်အကွာအဝေးအတိုင်း ထားရှိသင်ကြားပေးမှာ ဖြစ်ပါတယ်။ တစ်ခန်းကို အခန်းကျယ်မှာ အယောက် ၅၀ ထားရှိပြီး အချို့အခန်းတွေမှာ အယောက် ၄၀ ထားရှိပါတယ်။ ကျောင်းသားတွေရဲ့ လုံခြုံရေးကိစ္စကိုတော့ ဆရာ ဆရာမတွေလည်း ဂျူတီရှိပါတယ်။ အရင်က ဆရာမတို့ကျောင်းမှာ တံခါးပေါက် ရှစ်ပေါက်ကို ဖွင့်ထားတာပါ။ အခုကာလမှာတော့ နှစ်ပေါက်ပဲ ဖွင့်ထားပြီး ဆရာ ဆရာမတွေ ဂျူတီစောင့်တယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နဲ့ ရပ်ကွက် ရပ်မိရပ်ဖတွေလည်း စောင့်ပါတယ်။

" ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး စတင်ကျောင်းအပ်နှံစဉ်ကတည်းက အစိုးရကနေ နှာခေါင်းစည်းတွေ၊ မျက်နှာအကာတွေ ဝေထားပါတယ်။ ကျောင်းမအပ်နှံခင်ကတည်းက ကျောင်းရဲ့ နံရံတွေမှာ ကိုဗစ် -၁၉နဲ့ ပတ်သက်ပြီး သတိပေးစာတွေ၊ ကြေညာချက်တွေ၊ ဗီနိုင်းတွေ ပတ်ချာလည် ချိတ်ထားပေးပါတယ်။ စာသင်ချိန်မှာ လိုက်နာရမယ့်အချက်တွေကိုလည်း အတန်းတိုင်းမှာ ချိတ်ဆွဲထားပါတယ်။ လက်ဆေးဘေစင်ကိုလည်း တစ်ခန်းကို နှစ်လုံးထားရှိပါတယ်။ ကျောင်းမှာ လက်ဆေးဘေစင်ပေါင်း ၂၅၀ ထားရှိပေးပါတယ်။ အမှိုက်ပုံးတွေကိုလည်း အရင်က အခန်းတစ်ခန်းမှာ အမှိုက်ပုံး တစ်ပုံးထားရှိရာကနေ နှစ်ပုံးထားရှိပြီး တစ်ပုံးက ကိုဗစ်စွန့်ပစ်ပစ္စည်း စွန့်ပစ်ဖို့အတွက် စနစ်တကျထားရှိပေးပါတယ်။ ဒီနှစ်က သူငယ်တန်းကနေ ဆယ်တန်းအထိ တစ်ချိန်ကျောင်းပါပဲ။ နံနက် ၈ နာရီကနေ မွန်းလွဲ ၂ နာရီအထိ ကျောင်းတက်ရမှာပါ။ ဒါက ပုံမှန်နေ့စဉ်တက်ရမှာပါ။ ကျောင်းသားမိဘတွေကို ပြောချင်တာက အခြားဘာကိစ္စကိုမှ မစဉ်းစားဘဲ မိမိသားသမီးတွေရဲ့ ပညာရေးကိုပဲ စဉ်းစားပြီးတော့ ကျောင်းလာအပ်နှံစေချင်ပါတယ်" ဟု ပြောသည်။

ယခုနှစ် ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသားတစ်ဦးက "အခု ကျောင်းရောက်တော့ တစ်နှစ်ကျော် ကွဲကွာခဲ့တဲ့ ဆရာမတွေနဲ့ သူငယ်ချင်း ကျောင်းသား ကျောင်းသူတွေကို ရင်းရင်းနှီးနှီးပြန်တွေ့ရတော့ အတိုင်းမသိဝမ်းသာရပါတယ်။ ကျောင်းမတက်ရတဲ့ တစ်နှစ်ကျော်ကာလအတွင်း ကျောင်းပညာရေးအတွက် ကျောင်းစာတွေကို လေ့လာထားပါတယ်"ဟု ပြောသည်။

ကျောင်းသူတစ်ဦးကလည်း "အခု ကျောင်းပြန်တက်ရတော့ ဝမ်းသာပါတယ်။ သူငယ်ချင်းတွေနဲ့လည်း တွေ့ရတော့ အတိုင်းမသိပါပဲ။ တစ်နှစ်ကျော် ကျောင်းပိတ်ထားတဲ့ ကာလအတွင်း အိမ်မှာ မိဘကို ဝိုင်းကူလုပ်ပေးပြီး ကျောင်းစာတွေကို လေ့လာခဲ့ပါတယ်" ဟု ပြောသည်။

အလားတူ အထက (၂) လသာမှ ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဒေါ်စန်းစန်းမော်က " ဒီလို ကျောင်းတွေဖွင့်ဖို့ အစ်မတို့က မျှော်လင့်နေတာပါ။ မနှစ်က ကိုဗစ်ဖြစ်လို့ ကလေးတွေ အသက်တစ်နှစ်ကြီးခဲ့ပြီ။ သမီးဖြစ်သူကို သူငယ်တန်းကနေ ဆယ်တန်းအထိ ပညာလိုချင်လွန်းလို့ ဒီကျောင်းမှာလာထားတာ ကျောင်းအပ်လက်ခံတဲ့ ၂၄ ရက်နေ့မှာ



ဘဒ္ဒန္တပညာသာမိ



ဒေါ်ဟသာ်ဝေ



ဒေါ်စန်းစန်းမော်



မဇင်မာမျိုး

အပ်ခဲ့တယ်။ ကျောင်းစတက်ရမယ်ဆိုတော့လည်း ကနေ့လာတက်ခဲ့တာ။ ကလေးရဲ့ကျောင်းပညာရေးကိုတော့ ဘယ်လိုနည်းနဲ့မှ အထိခိုက်မခံနိုင်ဘူး။ မိဘတစ်ယောက်အနေနဲ့ သားသမီးကို ပညာတတ်ဖြစ်စေချင်တယ်။ ပညာရေးသာအဓိကပါပဲ"ဟု ပြောသည်။

**အမျိုးသားပညာရေး ညွှန်းတမ်းအတိုင်း**

အထက (၂) လသာမှ မူလတန်းပြ ဆရာမ ဒေါ်ဟသာ်ဝေ ကလည်း " ကျွန်မ သင်ရမယ့်အတန်းက Grade- 1 ပါ။ ကျောင်းချိန်က မနက် ၈ နာရီ ကနေ ၁၁ နာရီခွဲ အထိပါ။ ကလေးတွေ ကိုဗစ်-၁၉ စည်းကမ်းနဲ့အညီ ကျောင်းတက်ရမယ်။ မိဘ၊ ဆရာ ၊ ကျောင်းသားတွေ အားလုံးအတွက် ကျောင်းစည်းကမ်းတွေ ပြဋ္ဌာန်းထားပါတယ်။ အခု သင်ကြားမယ့် သင်ရိုးညွှန်းတမ်းက အမျိုးသားပညာရေး ညွှန်းတမ်းအတိုင်းပါပဲ။ လူဦးရေနည်းသေးတဲ့အတွက် အပတ်စဉ်တက်ရမယ်။ စာသင်ချိန်က တစ်ရက် ငါးချိန်နဲ့ တစ်ပတ်ကို စာသင်ချိန် ၂၅ ချိန်သင်ပါမယ်။ အရင်ပြဋ္ဌာန်းထားတဲ့ သင်ရိုးအတိုင်း သင်ကြားပေးသွားမှာပါ" ဟု ပြောသည်။

အထက(၂) လသာ၌ သတ္တမတန်း ပညာသင်ကြားမည့် မဇင်မာမျိုးက "ကျောင်းတွေ ပြန်ဖွင့်လို့ပျော်ပါတယ်။ စာအလွန်သင်ချင်တယ်။ အနာဂတ်မှာ သမီး ဆရာဝန်တစ်ယောက် ဖြစ်ချင်လို့ပါ။ အခုလို ကျောင်းတွေပြန်ဖွင့်တော့ စာသင်ရမှာမို့ ဝမ်းသာပါတယ်" ဟု ပြောသည်။

ယနေ့ ဖွင့်လှစ်လိုက်သည့် အခြေခံပညာကျောင်းများနှင့်အတူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများလည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ပေါင်း ၄၅ မြို့နယ်တွင် ၃၇ မြို့နယ်၌ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ဖွင့်လှစ်ထားရှိပြီး မူလတန်းအဆင့် ၁၃၃ ကျောင်း၊ မူလွန်အဆင့် ၈၈ ကျောင်း၊ အလယ်တန်းအဆင့် ကိုးကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ဇွန်လပထမပတ်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် ပညာသိပ္ပံဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ကျောင်းအုပ်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိက "ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးကိုယ်တိုင် လာလျှောက်ပြီး အစည်းအဝေးခေါ်တယ်။ ဘကကျောင်းတွေကို အကုန်လုံးညွှန်ကြားပြီးဖြစ်ပါတယ်။ ဒီနှစ်လည်း ပညာသင်ကြားရေးကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှာ ကျောင်းဖွင့်ခါစ ကျောင်းသားဦးရေက ကျောင်းတိုင်းနည်းနည်း အားနည်းပါတယ်။ ဘုန်းဘုန်းတို့ကလည်း ရှိတဲ့ကျောင်းသားနဲ့ပဲ ပညာသင်ကြားရေးကို ဆက်လက်ဆောင်ရွက်သွားမှာပါ။ ပညာသင်ကြားတဲ့ နေရာမှာလည်း ဆရာ ဆရာမတွေ အားလုံးကို တိုက်တွန်းနှိုးဆော်ထားတယ်။ ပြန်ဖွင့်တဲ့နေရာမှာ အခြေခံပညာကျောင်းများနည်းတူ နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းစာအုပ်တွေရော၊ စာရေးကိရိယာတွေရော၊ သင်ထောက်ကူပစ္စည်းတွေပါ ထောက်ပံ့ထားတဲ့ အပြင် အခု ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်တဲ့ ကျန်းမာရေးအထောက်အပံ့ပစ္စည်းတွေလည်း အားလုံးလက်ခံရရှိပြီးဖြစ်ပါတယ်။ ဒီနှစ်လည်းပဲ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအားလုံးကို ပညာသင်ကြားရေးလုပ်ငန်း ဆက်လက်ဆောင်ရွက်ကြဖို့ ဘုန်းဘုန်းကိုယ်တိုင် တိုက်တွန်းခဲ့ပြီးဖြစ်ပါတယ်။

"ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေဟာ ကိုယ့်အားကိုယ်ကိုး၊ ကိုယ်ထူ ကိုယ်ထ၊ ကိုယ့်ကျောင်းကိုယ်ဆောက်၊ ကိုယ့်စာကိုယ်သင် စနစ်နဲ့ သွားတာဖြစ်ပါတယ်။ စေတနာရှင် အလှူရှင် အနီးအဝေးတွေရဲ့ ပံ့ပိုးမှု၊ နိုင်ငံတော်က ကူညီထောက်ပံ့မှုတွေကြောင့် ဒီနေ့ ယခင်ထက်စာရင် ပိုမိုပြည့်စုံသင့်သလောက် ပြည့်စုံနေပါပြီ။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရဲ့ အဓိကလိုအပ်ချက်က နိုင်ငံတော်အစိုးရက ဆက်လက်အားပေးဖို့ဖြစ်ပါတယ်။ အစိုးရအခြေခံကျောင်းများနည်းတူ ပြဋ္ဌာန်းစာအုပ်များ၊ စာရေးကိရိယာများ၊ သင်ထောက်ကူပစ္စည်းများ၊ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်တဲ့ ကျန်းမာရေးအထောက်အကူရတဲ့ ပစ္စည်းများ ဒါတွေလည်းလိုအပ်ပါတယ်။ ဒီရပ်ကွက်အနီးနားမှာရှိတဲ့ အကြောင်းအမျိုးမျိုးကြောင့် ပညာမသင်ကြားနိုင်တဲ့ ကလေးတွေကိုလည်း ပြုစုစောင့်ရှောက်ပေးနေပါတယ်။ ဆရာ ဆရာမ ၁၀ ဦးရှိပါတယ်။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေက ပညာရေးကို တကယ်မြှင့်တင်ပေးနေပါတယ်။ ကလေးတွေကို ယဉ်ကျေးလိမ္မာအောင် သင်ကြားပေးနေပါတယ်။ တိုင်းပြည်အတွက် တစ်ဖက်တစ်လမ်းက စောင့်ရှောက်ပေးနေပါတယ်။ ရှေးအစဉ်အလာသမိုင်းကြောင်းကို ဆက်လက်ထိန်းသိမ်းနေပါတယ်။ ကောင်းမှု မကောင်းမှု၊ ကုသိုလ်အကုသိုလ်သိအောင် ကလေးဘဝကစပြီး လူကြီးဘဝရောက်တဲ့ထိအောင် အလင်းဓာတ်တွေ ပေးနေပါတယ်။ တိုင်းပြည်ရဲ့ သားကောင်း သမီးမွန်များ မွေးထုတ်ပေးနေပါတယ်။ ပညာတတ်လူမျိုးတွေ တိုးပွားပေးနေပါတယ်။ ပညာရေးလုပ်ငန်းတွေနဲ့ ဆက်လက်ကူညီပေးနေပါတယ်" ဟု မိန့်ကြားသည်။

**အစိုးရပြဋ္ဌာန်းစာအုပ်နဲ့အညီ သင်ကြားပေး**

ပညာသိပ္ပံ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ တာဝန်ခံ ဒေါ်နီနီထွန်းက "ဒီနှစ် နှစ်စမှာ ကျောင်းသားဦးရေ နည်းပါတယ်။ နှစ်စဉ်ကျောင်းသားဦးရေ ၄၀၀ ကျော်ရှိတယ်။ ဆရာ ဆရာမ ၁၀ ဦးနဲ့ ကျောင်းကို ဖွဲ့စည်းထားပါတယ်။ သူငယ်တန်းကနေ သတ္တမတန်းအထိ ကျောင်းသား ကျောင်းသူအားလုံးကို အစိုးရပြဋ္ဌာန်းစာအုပ်နဲ့အညီ သင်ကြားပေးပါတယ်။ နယ်စပ်တောင်တန်းဒေသကလေး ၁၁၀ ကို ကျောင်းအိပ် ကျောင်းစားအဖြစ် လက်ခံထားပါတယ်။ ကလေးတွေရဲ့ ပညာရေး၊ ကျန်းမာရေးကို ထောက်ပံ့ကူညီပေးပါတယ်။ အခုပညာသင်နှစ်မှာ ၂၆ ရက် နေ့ကစပြီး ယနေ့အထိ လက်ခံတာ ကျောင်းသား ၁၀၀ ကျော် ရှိပါပြီ။ အရင်တုန်းက ကျွန်မတို့ ကျောင်းက တစ်ချိန်ကျောင်းဖြစ်ပါတယ်။ အခု ကိုဗစ်စည်းကမ်းနဲ့အညီ နှစ်ချိန်တက်ကျောင်းအဖြစ် ဖွင့်လှစ်မှာဖြစ်ပါတယ်။ အရင်တုန်းက စာသင်ခန်းမှာ ကျောင်းသား ၄၀ ကျော် ၊ ၅၀ ရှိပါတယ်။ အခုဆိုရင် တစ်ခန်းကို ၂၄ ယောက်နှုန်းနဲ့ စီထားပါတယ်။ ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံနဲ့ အခြားထောက်ပံ့ပစ္စည်းတွေကို အစိုးရကျောင်းများနည်းတူ ပံ့ပိုးပေးထားပါတယ်။ ကလေးတွေအတွက် လိုအပ်တာမှန်သမျှကို ကျောင်းက ဘုန်းဘုန်းက ဆက်လက်ပြီးပံ့ပိုးပေးပါတယ်"ဟု ပြောသည်။

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနသည် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် နိုင်ငံတစ်ဝန်း အခြေခံပညာဦးစီးဌာနအောက်ရှိ ထက်/လယ်/မူ ကျောင်းများကို ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ၂၀၂၁ ခုနှစ် မေ ၂၄ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ် မေ ၂၄ ရက်မှ ဇွန် ၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းသားဦးရေ ၃၅၅၇၇၁ ဦး ကျောင်းအပ်လက်ခံခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း လေးကျောင်း အပါအဝင် အခြေခံပညာကျောင်း ၂၇၅၈ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းပေါင်း ၂၃၀ ၊ ကိုယ်ပိုင်ကျောင်း ၂၇၃ ကျောင်းရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဂျပန်နိုင်ငံရှိ လုပ်ငန်းခွင်များနှင့် တက္ကသိုလ်ကျောင်းများ၌ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံရေးလုပ်ငန်း ဇွန် ၂၁ရက်တွင် စတင်မည်




**တိုကျို ဇွန် ၁**

ဂျပန်နိုင်ငံရှိ လုပ်ငန်းခွင်များနှင့် တက္ကသိုလ်ကျောင်းများ၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ဇွန်၂၁ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့၏ အတွင်းရေးမှူးချုပ် ကာတိုကက်ဆူနိုဘူက သတင်းထောက်များအား ယနေ့တွင်ပြောကြားသည်။

ယခုဆောင်ရွက်မှုသည် နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းအား အရှိန်မြှင့်တင် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

**ထိုးနှံပေးနေ**

နိုင်ငံအတွင်း ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ထမ်းများအား ပထမဦးစားပေးထိုးနှံပေးပြီး လက်ရှိအချိန်တွင် သက်ကြီးရွယ်အိုများအား ကာကွယ်ဆေးထိုးနှံပေးနေကြောင်း သိရသည်။ သက်ကြီးရွယ်အိုများကို ကာကွယ်ဆေးထိုးနှံပြီးစီးပါက ဂျပန်နိုင်ငံရှိ လုပ်ငန်းခွင်များနှင့် တက္ကသိုလ်ကျောင်းများ၌ ကာကွယ်ဆေးထိုးနှံရေးကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုဆောင်ရွက်မည့်အစီအစဉ်အရ ဂျပန်နိုင်ငံရှိ လုပ်ငန်းခွင်များနှင့် တက္ကသိုလ်ကျောင်းများအနေဖြင့် မိမိတို့၏ ကျောင်းသားများနှင့် ဝန်ထမ်းများအား ကာကွယ်ဆေးအရေအတွက် အများအပြား ထိုးနှံပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ကာတိုက ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# ဆားဘီးယားနိုင်ငံ၌ ကိုဗစ်-၁၉ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများ ဖြေလျှော့

**ဘဲလ်ဂရိတ် ဇွန် ၁**

ဆားဘီးယားနိုင်ငံ၌ ကိုဗစ်-၁၉ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို ဖြေလျှော့ရန် မေ ၃၁ ရက်တွင် တာဝန်ရှိသူများက ဆုံးဖြတ်ခဲ့သည်။

နိုင်ငံသားများအနေဖြင့် စားသောက်ဆိုင်များ၌ ညစာစားခြင်းနှင့် ရုပ်ရှင်အပန်းဖြေကြည့်ရှုခြင်းများကို ဇွန် ၁ ရက်မှစတင်၍ ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ယခုချမှတ်လိုက်သော ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းဖြေလျှော့မှုများအရ စီးပွားရေးဆိုင်ရာအခမ်းအနားများနှင့် သိပ္ပံပညာရပ်ဆိုင်ရာ ဟောပြောပွဲကဲ့သို့သော အခမ်းအနားများတွင် ပရိသတ်အရေအတွက် ၁၀၀ မှ ၂၀၀ အထိ တက်ရောက်ခွင့်ပြုကြောင်း သိရသည်။

လူဦးရေ ၇သန်းခန့်ရှိသော ဆားဘီးယားနိုင်ငံတွင် နိုင်ငံသား ၂၀၆၂၁၂၈ ဦးမှာ ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပြီးစီးခဲ့ကြောင်း သိရသည်။ ယမန်နှစ် ဒီဇင်ဘာမှစတင်၍ နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ရန် အခွင့်အလမ်းများသည့် ပြည်သူများအား Pfizer ကာကွယ်ဆေးဖြင့် စတင်ထိုးနှံပေးခဲ့သည်။

ယခုနှစ် ဇန်နဝါရီအတွင်း တရုတ်နိုင်ငံမှ လှူဒါန်းသော Sinopharm ကာကွယ်ဆေးများလက်ခံရရှိသဖြင့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းကို နိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာသည်။ ဆားဘီးယားနိုင်ငံအား ကာကွယ်ဆေးအလုံးရေ ၄ ဒသမ ၂ သန်းလှူဒါန်းသော တရုတ်နိုင်ငံအား ကျေးဇူးတင်ရှိကြောင်း ဝန်ကြီးချုပ် အေနာဘာနာဘက်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**




# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နိုင်ငံတစ်ဝန်း အသွားအလာကန့်သတ်မှု ဒုတိယအကြိမ်ချမှတ်

**ကွာလာလမ်ပူ ဇွန် ၁**

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု မြင့်တက်လာသည့်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နိုင်ငံတစ်ဝန်း အသွားအလာကန့်သတ်မှုကို ဒုတိယအကြိမ်ချမှတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။




မလေးရှားနိုင်ငံ၌ နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည် မေလလယ်ပိုင်းမှစတင်ကာ လျင်မြန်စွာ မြင့်တက်လာလျက်ရှိပြီး မကြာသေးသည့် ရက်ပိုင်းအတွင်းက နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်သူ ၉၀၀၀ အထိမြင့်တက်ခဲ့သည်။ ထို့ပြင် မလေးရှားနိုင်ငံ၌ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်သည်လည်း ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် မလေးရှားနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများကို ဇွန် ၁ ရက်မှ စတင်ကာ ဇွန် ၁၄ ရက်အထိ ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်းနှင့် စူပါမားကတ်များနှင့် ဘဏ်များအပါအဝင် မရှိမဖြစ် လိုအပ်သည့် စီးပွားရေးလုပ်ငန်းများကိုသာ ဖွင့်လှစ်ခွင့် ပြုမည်ဖြစ်ကြောင်း သိရသည်။

မလေးရှားပြည်သူများအား နေ့စဉ်လိုအပ်ချက်များဝယ်ယူခြင်းနှင့် ဆေးရုံများသို့ သွားရောက်ခြင်းကဲ့သို့သော မရှိမဖြစ်လိုအပ်သည့် ကိစ္စရပ်များမှ လွဲ၍ အပြင်ထွက်ခြင်းကို တားမြစ်ထားကြောင်း သိရသည်။ မလေးရှားနိုင်ငံသည် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နိုင်ငံတစ်ဝန်းအသွားအလာကန့်သတ်မှုကို ပြီးခဲ့သည့်နှစ် မတ်လမှ မေလအထိ ချမှတ်ခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

**ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၇၁၅၄၀၁၀၄ ဦး**

**သေဆုံးသူ ၃၅၆၆၆၃၄ ဦး**

**ပြန်လည်ကျန်းမာလာသူ ၁၅၃၈၆၁၅၇၀ ဦး**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် မိဘမဲ့ဖြစ်ခဲ့ရသည့် ကလေးငယ် ၁၇၀၀ ကျော်ရှိ

**နယူးဒေလီ ဇွန် ၁**

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ရောဂါဖြစ်ပွားမှုကြောင့် မိဘတစ်ဦးဆုံးရှုံးသည့် ကလေးငယ် ၇၄၆၄ ဦးရှိပြီး မိဘနှစ်ဦးစလုံးဆုံးရှုံးသည့် ကလေးငယ် ၁၇၄၂ ဦးရှိကြောင်း အိန္ဒိယနိုင်ငံ၏ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အကာအကွယ်ပေးရေးအဖွဲ့က ထုတ်ဖော်ပြောကြားသည်။

၂၀၂၀ ပြည့်နှစ် မတ်လနောက်ပိုင်းမှစတင်ကာ အိန္ဒိယနိုင်ငံ၌ ကလေးငယ် ၁၄၀ မှာ နည်းလမ်းအမျိုးမျိုးဖြင့် စွန့်ပစ်ခြင်းခံခဲ့ရကြောင်း ကလေးသူငယ်အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မရှင်က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဒုတိယလှိုင်းဖြစ်ပွားမှုကြောင့် နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၀၀၀၀ ကျော်နှင့် နေ့စဉ် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၄၀၀၀ ကျော်ဖြင့် ရက်ပေါင်းများစွာဖြစ်ပွားခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ လူဦးရေအများဆုံး ပြည်နယ်ဖြစ်သည့် ဥတ္တာပရာဒေ့ရှ်ပြည်နယ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် မိဘတစ်ဦးဆုံးရှုံးခဲ့ရသည့် ကလေးငယ်အရေအတွက် စံချိန်တင်မြင့်တက်ခဲ့ကြောင်း သိရသည်။



လက်ရှိတွင် ဥတ္တာပရာဒေ့ရှ်ပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကြောင့် မိဘတစ်ဦးသေဆုံးခဲ့ရပြီးနောက် မိဘတစ်ဦးတည်းသာရှိသည့် အိမ်ထောင်စုများတွင် နေထိုင်နေရသည့် ကလေးငယ် ၁၈၃၀ ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် နိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု ပုံရိပ်များ

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများအားလုံးကို ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဇွန် ၁ ရက် နံနက်မှစတင်၍ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ပုံရိပ်များအား စုစည်းဖော်ပြလိုက်ပါသည် -


ဒက္ခိဏသီရိမြို့နယ်
ထွန်းထွန်းဝင်း(ပြန်/ဆက်)


နေပြည်တော်၊ အထက(၆)
သတင်းစဉ်


ကျောင်းကုန်းမြို့နယ်
ဝင်းကြိုင်(ပြန်/ဆက်)


ရွှေကျင်မြို့နယ်
ထွန်းထွန်းဇော်(ပြန်/ဆက်)


လသာမြို့နယ်၊ အမှတ်(၂) အလက
ဇော်မင်းလတ်


စစ်တွေမြို့
တင်ထွန်း(ပြန်/ဆက်)


ရန်ကင်းမြို့နယ်
လှလှထွေး(ပြန်/ဆက်)


ပဲခူးမြို့
တင်စိုး(ပဲခူး)


ဘိုကလေးမြို့နယ်
မိုးစက်(ဘိုကလေး)

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် နိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု ပုံရိပ်များ

၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများအားလုံးကို ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဇွန် ၁ ရက် နံနက်မှစတင်၍ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ပုံရိပ်များအား စုစည်းဖော်ပြလိုက်ပါသည် -


ကမာရွတ်မြို့နယ်
ဇော်မင်းလတ်


ရမည်းသင်းမြို့နယ်
ခရိုင်(ပြန်/ဆက်)



ဖယာန်းမြို့နယ်
အောင်မြင့်(ပြန်/ဆက်)


ဇမ္ဗူသီရိမြို့နယ်
မောင်ယဉ်ဦး


ပုဏ္ဏားကျွန်းမြို့နယ်
နီထွန်းအောင်(ပြန်/ဆက်)


မင်္ဂလာဒုံမြို့နယ်
ဇော်မင်းလတ်


ဝေါမြို့နယ်
အောင်မြတ်လင်း(ပြန်/ဆက်)

# ပန်းကလေးများပွင့်တော့မည် ဖူးတံဝင့်လို့ချီ နေခြည်မှာ ရွှေရည်လောင်း ငါတို့စာသင်ကျောင်း . . .

မောင်ငြိမ်းအေး

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာ စာသင်ကျောင်းများ စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ မင်္ဂလာရှိသော အခါသမယဖြစ်ပါသည်။ စာသင်ကျောင်းများသည် ကျောင်းသား ကျောင်းသူ၊ ကလေးသူငယ်၊ လူငယ်လူရွယ်များ ပညာရင်နို့သောက်စို့ရာ ဥယျာဉ်တစ်ခု ဖြစ်သည်။ ပညာဥယျာဉ်လေးများ စတင်ပေါ်ထွန်းလာပြီဖြစ်၍ ကျောင်းသား၊ ကျောင်းသူလေးများ၏ နှလုံးသားတွင် **"ပန်းကလေးများပွင့်တော့မည် ဖူးတံဝင့်လို့ချီ နေခြည်မှာ ရွှေရည်လောင်း ငါတို့စာသင်ကျောင်း"** ဟူ၍ ခွန်းဆင့်ဆိုတေးသီ ကြွေးနေကြမည်ဟု မျှော်လင့်ပါသည်။

**အမျိုးသားပညာရေး**

လူရယ်လို့ဖြစ်လာသည်နှင့် ပညာသင်ကြားရမည်မှာ အဓိကအလုပ်ဖြစ်သည်။ ပညာသင်ကြားသည်မှာလည်း အတန်းအောင်ရေးအတွက်သာမဟုတ်။ အသိပညာ ဗဟုသုတများကို ဖွေရှာရန်ဖြစ်သည်။ ထိုအသိပညာများကို အခြေခံ၍ ဆင်ခြင်ပိုင်းခြား ဆုံးဖြတ်နိုင်သည့် အသိဉာဏ်များ တိုးပွားလာရေးဖြစ်သည်။ ထိုဉာဏ်ပညာဖြင့် ဘဝအဆင့်ဆင့်ကို မြင့်သည်ထက်မြင့်အောင် တက်လှမ်းနိုင်ရေးဖြစ်သည်။ ထိုပညာသည်ကား အမျိုးသားပညာရေးဖြစ်သည်။ စစ်ကျွန်ပညာရေး မဟုတ်ပေ။ ယနေ့မြန်မာ့ပညာရေး သင်ရိုးများသည် ကလေးငယ်များ အနာဂတ်ကို မြော်တွေး၍ ဂျပန်အစိုးရနှင့် ယခင်အစိုးရများ ပူးပေါင်းရေးဆွဲထားသည့် အမျိုးသားပညာရေးဖြစ်သည်။

ထိုပညာဖြင့် ကလေးသူငယ်၊ လူငယ်လူရွယ်များ အနာဂတ်ကို တောက်ပြောင်အောင် သင်ကြား၊ သင်ယူကြရမည်ဖြစ်သည်။ ယနေ့ကမ္ဘာကို ပညာဖြင့်တည်ဆောက်နေသည်။ အချိန်နှင့်အမျှ တိုးတက်နေမှုများကို ပညာဖြင့် အမှီလိုက်နေရသည်။ အချိန်နှင့်အမျှ တရံမလပ် ပညာဆည်းပူးနေရသည်။ ဆည်းပူးနေမှ တစ်နေ့တခြား တိုးတက်လာမည်ဖြစ်သည်။ ပညာရှာချိန်အရွယ်တွင် ပညာမရှာပါက အရွယ်လွန်မှ နောင်တရတတ်သည်။ ပညာမရှာ၊ ပညာမဲ့ပါက အကျိုးရလဒ်ကို လောကဓံ၌ ဒိဋ္ဌမမွကြုံရတတ်သည်။ ပညာရှိခြင်း/ ပညာမဲ့ခြင်း အကျိုးရလဒ်များမှာ များလှ၏။ ပညာရှိများ သတိပေးဆုံးမစကား အမျိုးမျိုးရှိသည့်အနက် မန်လည်ဆရာတော်ဘုရားကြီး၏ ဆုံးမစကားမှာ မှတ်သားစရာဖြစ်၏။



ဇွန် ၁ ရက်က ရမည်းသင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၏ ကျောင်းဆင်းအပြန်မြင်ကွင်းကို တွေ့ရစဉ်။ ဓာတ်ပုံ-မင်းထက်

**အသိပညာကင်းမဲ့သူ**

ပညာမသင်၊ ပညာသင်လျှင်လည်း ပညာမဆင်ခြင်၊ ပညာမတွေးတော၊ ပညာမဲ့သူတို့သည် ရှေ့နောက်မဆင်ခြင်၊ မြော်မြင်မတွေးတောဘဲ ပြုလုပ်တတ်ပုံကို ဆင်ကန်းတောတိုးကဲ့သို့ ဖြစ်တတ်ကြောင်း **"ပညာမဲ့မျိုး၊ ဆင်ကန်းတောတိုးသို့"** သတိပေးညွှန်ပြထားသည်။ အသိပညာ ကင်းမဲ့သူတို့သည် အချိန်ကာလ၊ နေရာဒေသကို မကြည့်ဘဲ ထင်မိထင်ရာ ပြုမူတတ်ပုံကို မြို့ပြပြည်ရွာနှင့် ဝေးကွာသော တောကြက်တို့သည် နေ့ညအချိန်အခါ မသိဘဲ မိမိတွန်လိုသည့်အချိန်တွင် အတောင်ပံရိုက်ခတ် တွန်တတ်ကြပုံနှင့် ခိုင်းနှိုင်းကာ **"ပြည်ရွာမနီး၊ ကြီးသည့်ကြက်ကို၊ နေ့ညကိုလျှင်၊ ဗဟိုရ်မသိ၊ တွန်မိ တွန်ရာ၊ တွန်တတ်စွာသို့"** ဟုရေးဖွဲ့၍ အသိပညာကင်းမဲ့သူ၏ ပြုမူတတ်ပုံကို အသိပေးခဲ့သည်။

ယနေ့ပညာရေးသည် တွေးတောဆင်ခြင်တတ်မှုကို အခြေခံသည့် ပညာရေးစနစ်သစ်ဖြစ်သည်။ ပညာသင်ကြားခဲ့ကြသော်လည်း တွေးတောဆင်ခြင်ဉာဏ်နည်းလျှင် အကျိုးမဲ့ဖြစ်တတ်သည်။ ပညာမသင်ကြားလျှင်မူ ဆိုဖွယ်ရာမရှိပြီ။ ယခုအခါ နိုင်ငံရေးကို အကြောင်းခံ၍ ပညာမသင်ကြားနိုင်အောင် နှိုးဆော်နေကြသည်။ ဖျက်ဆီးနေကြသည်။ မျိုးဆက်သစ်လူငယ်များ၏ ပညာအညွန့်ကို ချိုးနေကြသည်။ တွေးတော ဆင်ခြင်ဉာဏ်ကို အခြေခံသည့် ပညာမသင်ကြားပါက အချိန်အခါမသိ၊ လေလွင့်သည့်နယ်၊ တောရောက်တောင်ရောက် ဖြစ်ကြလိမ့်မည်။ ထင်မိထင်ရာ ဆင်ကန်းတောတိုး ပြုလုပ်ကြပေလိမ့်မည်။ အနာဂတ်အတွက် ရင်လေးဖွယ်ဖြစ်သည်။

**မြန်မာနိုင်ငံပညာရေး**

**ပညာသင်ကြားခြင်းသည် ကလေးသူငယ်၊ လူငယ်လူရွယ်များအတွက် အခွင့်အရေးဖြစ်သည်။ တာဝန်ဖြစ်သည်။ ကုလသမဂ္ဂက ချမှတ်ထားသော ကလေးသူငယ်များ အခွင့်အရေးတွင် ကျန်းမာရေးနှင့် ပညာသင်ကြားခွင့်သည် ထိပ်ဆုံးမှ ပါဝင်သည်။ ကျောင်းမတက်ရေး တားမြစ်ခြင်းသည် ကုလသမဂ္ဂ၏ ကလေးသူငယ်အခွင့်အရေး Article 28, 29 ကို ချိုးဖောက်ခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံ အမျိုးသားပညာရေးစနစ်သစ်ကို UNICEF တွင် မှတ်ပုံတင်ထားသည်။ UNICEF ကိုယ်တိုင်ကလည်း မြန်မာနိုင်ငံ၏ ပညာရေးတွင် ပါဝင်ကူညီခဲ့သည်။**

NLD သည် အစိုးရဖြစ်ခဲ့စဉ် မကြာသေးမီ ၂၀၁၉ ခုနှစ်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းထားသည်။ ၎င်းအစိုးရဟောင်းကိုယ်တိုင် ပြဋ္ဌာန်းထားခဲ့သည့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဥပဒေ အခန်း (၁၃) တွင် ပညာရေးနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းထားသည်။ ကမ္ဘာ့ကုလသမဂ္ဂကလည်း ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက် UNCRC ကို ယခင်မြန်မာအစိုးရကိုယ်တိုင် လက်မှတ်ရေးထားသည်။ ကုလသမဂ္ဂသဘောတူညီချက်နှင့်အညီ ကလေးသူငယ်များအား ပညာသင်ကြားရေးနှင့် ပတ်သက်၍ နှစ်စဉ် အစီရင်ခံစာတင်ပြရသည်။ ပညာသင်ကြားခွင့်မပေးပါက အရေးယူခွင့်ရှိသည်။

**ကလေးသူငယ်အရေး**

ကလေးသူငယ် အခွင့်အရေးများအနက် ထောက်ပံ့မှုတွင် ကလေးသူငယ်များ၌ ပြည့်စုံလုံလောက်သော နေထိုင်မှု၊ အဆင့်အတန်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာသင်ကြားရေး ဝန်ဆောင်မှုများနှင့် ဆော့ကစားခွင့်တို့ ရရှိရန် အခွင့်အရေးများရှိသည်။ သင့်တင့်မျှတသော စားသောက်မှု၊ နွေးထွေးသော အိပ်ရာနှင့် ကျောင်းတက်ရန် အခွင့်အလမ်းများရှိသည်။ ကာကွယ်မှုတွင် ကလေးသူငယ်များအား မတော်မတရားပြုခြင်း၊ လျစ်လျူရှုခြင်း၊ အသုံးချအမြတ်ထုတ်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းတို့မှ ကာကွယ်ရန် အခွင့်အရေးရှိသည်။ ပါဝင်မှုတွင် စာကြည့်တိုက်များနှင့် လူမှုအဖွဲ့အစည်း အစီအစဉ်များ၊ လူငယ့်အသံ လှုပ်ရှားမှုများတွင် ကလေးသူငယ်များ ပါဝင်လှုပ်ရှားမှုနှင့် ကလေးသူငယ်များသည် ဆုံးဖြတ်ချက်ချသူများအဖြစ် ပါဝင်ပတ်သက်သည်။

ထို့ကြောင့် **ကျောင်းနေအရွယ် ကလေးသူငယ် အခွင့်အရေးများကို ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ ကလေးသူငယ်များ ပညာသင်ကြားရေးမှအစ ကလေးသူငယ်များ ဖွံ့ဖြိုးရေးကိစ္စအဝဝတို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်သည်။ လက်တွေ့လည်း ဖြည့်ဆည်းပေးလျက်ရှိသည်။ ကုလသမဂ္ဂသာမက နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် ကလေးသူငယ်များ ပညာသင်ကြားရေး၊ ဖွံ့ဖြိုးရေးကို အားပေးနေသည့်အချိန်တွင် ကလေးသူငယ်များ အသိဉာဏ်ပညာသာမက အစစအရာရာဖွံ့ဖြိုးလာရေးတွင် အဓိကကျသည့် ပညာသင်ကြားရေးကို အားမပေးသည့်အပြင် နှောင့်ယှက် ဖျက်ဆီးနေမှုများကို တားဆီးကြရမည်ဖြစ်သည်။ အသိပညာနုံနည်းပြီး အနာဂတ်ပျက်စီးမည့်နိုင်ငံအဖြစ်သို့ မရောက်ရှိရေးမှာ အားလုံးတွင်တာဝန်ရှိသည်။**

**ဘေးရန်ကာဆီးပေး**

ကလေးသူငယ်၊ လူငယ်လူရွယ်များ ပညာသင်ကြားရေးကို နှောင့်ယှက် ဖျက်ဆီးခြင်းသည် ကလေးသူငယ်၊ လူငယ်လူရွယ်များ၏ အနာဂတ်၊ နိုင်ငံ၏ အနာဂတ်ကို ဖျက်ဆီးခြင်းသာဖြစ်သည်။ အဓမ္မဝါဒီသမားများ၏ ဖျက်ဆီးမှုကြောင့်

စာမျက်နှာ ၁၇ သို့ ❍

**ကျောင်းနေအရွယ် ကလေးသူငယ်အခွင့်အရေးများကို ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ ကလေးသူငယ်များပညာသင်ကြားရေးမှအစ ကလေးသူငယ်များ ဖွံ့ဖြိုးရေးကိစ္စအဝဝတို့ကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်သည်။ လက်တွေ့လည်း ဖြည့်ဆည်းပေးလျက်ရှိသည်။ ကုလသမဂ္ဂသာမက နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် ကလေးသူငယ်များ ပညာသင်ကြားရေး၊ ဖွံ့ဖြိုးရေးကို အားပေးနေသည့်အချိန်တွင် ကလေးသူငယ်များ အသိဉာဏ်ပညာသာမက အစစအရာရာဖွံ့ဖြိုးလာရေးတွင် အဓိကကျသည့် ပညာသင်ကြားရေးကို အားမပေးသည့်အပြင် နှောင့်ယှက်ဖျက်ဆီးနေမှုများကို တားဆီးကြရမည်ဖြစ်သည်။ အသိပညာနုံနည်းပြီး အနာဂတ်ပျက်စီးမည့် နိုင်ငံအဖြစ်သို့ မရောက်ရှိရေးမှာ အားလုံးတွင် တာဝန်ရှိ**

❒ ၂၀၂၀-၂၀၂၁ ခုနှစ် ပညာသင်နှစ်မှ

ထို့အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အခြေခံပညာကျောင်းများသည်လည်း ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ အခြေခံပညာကျောင်းပေါင်း ၇၅၇ ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းပေါင်း ၂၈ ကျောင်း၊ ကိုယ်ပိုင်ကျောင်းပေါင်း ၇၄ ကျောင်း စုစုပေါင်း ၈၅၉ ကျောင်း ရှိကြောင်း သိရှိရသည်။

**ဆောင်ရွက်ပေး**

၂၀၂၀ - ၂၀၂၁ ပညာသင်နှစ်အတွက် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်ပွားစေရန်နှင့် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ကျ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား နှာခေါင်းစည်းများနှင့် မျက်နှာအကာများ စနစ်တကျတပ်ဆင်စေခြင်း၊ ကျောင်းအတွင်းသို့မဝင်မီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ကျောင်းအတွင်းထားရှိပေးထားသော လက်ဆေးဘေစင်များတွင် စနစ်တကျ လက်ဆေးစေခြင်းများ ဆောင်ရွက်ပေးကြသည်။

နေပြည်တော် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးက " ဒီနေ့က ကျောင်းစတင်ဖွင့်လှစ်တဲ့နေ့ ဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူတွေ သက်ဆိုင်ရာအတန်းကို ဝင်ရောက်နိုင်ဖို့ ဆရာ ဆရာမတွေက နေရာချထားပေးပါတယ်။ ဒီနှစ်စာသင်ကြားရေးအပိုင်းအနေနဲ့ နံနက်ပိုင်းတစ်သုတ်နဲ့ ညနေပိုင်းတစ်သုတ်ခွဲပြီး သင်ကြားပေးသွားမှာဖြစ်ပါတယ်။ စာသင်ကြားချိန်ကိုတော့ အဓိကဘာသာရပ်တွေနဲ့ တွဲဖက်ဘာသာရပ်တွေအားလုံးကို သင်ကြားပေးသွားမှာပါ။ ဆရာ ဆရာမတွေအနေနဲ့ သင်ကြားပေးဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ကျွန်တော်တို့ကျောင်းအနေနဲ့ ဒီနေ့အထိ ကျောင်းတက်ရာခိုင်နှုန်းကတော့ ၉၀ ဒသမ ၃ ရာခိုင်နှုန်းအထိ ရှိနေပါပြီ။ ကျောင်းစဖွင့်တဲ့နေ့ကနေ စာသင်နှစ်တစ်နှစ်လုံးကို စည်းကမ်းကောင်းပြီး လိမ္မာယဉ်ကျေးတဲ့ ကလေးတွေဖြစ်အောင် မွေးထုတ်ပေးဖို့ ကျွန်တော်တို့ ကျောင်းက ဆရာ ဆရာမတွေနဲ့ ဝန်ထမ်းတွေက ကြိုးစားနေပါတယ် " ဟု ပြောသည်။



နေပြည်တော် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းတက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျန်းမာရေးစစ်ဆေးစဉ်။

**ပံ့ပိုးထောက်ပံ့ပေး**

၂၀၂၀ - ၂၀၂၁ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာယာစွာဖြင့် ပညာသင်ကြားနိုင်ရန်အတွက် နိုင်ငံတော်က မူလတန်းအဆင့်တွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံ လေးချောင်းစီ၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံနှစ်ချောင်းနှင့် ဘောပင်နှစ်ချောင်းစီ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများတစ်ဦးလျှင် ပြန်လည်အသုံးပြုနိုင်သည့် နှာခေါင်းစည်း နှစ်ခုစီ၊ မျက်နှာအကာတစ်ခုစီတို့ကို ပံ့ပိုးထောက်ပံ့ပေးကြောင်း သိရသည်။

နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် တတိယတန်း တက်ရောက်မည့် ကျောင်းသားမိခင်တစ်ဦးက "ကျောင်းတွေဖွင့်ဖို့ သေချာစီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ကျောင်းမဖွင့်ခင်မှာတော့ အဆင်ပြေပါ့မလားဆိုပြီး စိုးရိမ်စိတ်ဖြစ်ခဲ့ပေမယ့် အခုကျောင်းရောက်တဲ့အခါမှာ ကလေးတွေ ပျော်ရွှင်စွာနဲ့ ကျောင်းစာတွေ သင်ကြားနိုင်အောင် ဆောင်ရွက်ပေးထားတာကို တွေ့ရပါတယ်။ ကိုဗစ် - ၁၉ ရောဂါကလည်း ဖြစ်ပွားနေတဲ့အချိန်ကာလဖြစ်တဲ့အတွက် ကျောင်းမှာ ကိုဗစ်-၁၉ ရောဂါတားဆီးရေး စည်းမျဉ်း စည်းကမ်းတွေနဲ့အညီ စနစ်တကျဆောင်ရွက်ထားတာကိုလည်း တွေ့မြင်ရတော့ ကလေးတွေအတွက် စိတ်ချရပါပြီ။ ကျောင်းအပ်တဲ့အခါမှာလည်း မည်သည့် အခကြေးငွေမှ မယူတဲ့အပြင် ဗလာစာအုပ်တွေ၊ ကျောင်းဖတ်စာအုပ်တွေ၊ ကျောင်းသုံးပစ္စည်းတွေကိုနိုင်ငံတော်ကထောက်ပံ့ပေးတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်" ဟုပြောသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် ကိုဗစ် - ၁၉ စည်းကမ်းများနှင့်အညီ စာသင်ခုံများ နေရာချထားခြင်း၊ စာသင်ချိန်များအား စနစ်တကျ စီမံထားခြင်း၊ ကျောင်းကြို/ ပို့ယာဉ်များ စီစဉ်ထားခြင်း၊ ကျောင်းများအတွင်း ကိုဗစ် – ၁၉ ရောဂါကြိုတင်ကာကွယ်ရေး အစီအမံများ စီစဉ်ထားခြင်းနှင့် ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေး ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

**ထောက်ပံ့**

နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် ပဉ္စမတန်း တက်ရောက်မည့် ကျောင်းသားမိခင်တစ်ဦးက "ကလေးတွေအတွက် ကျောင်းတွေပြန်ဖွင့်ဖို့ မျှော်လင့်နေခဲ့တာ ကြာနေပါပြီ။ အခုလိုကျောင်းတွေ ပြန်ဖွင့်ပေးတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ ကျောင်းမှာလည်း ကိုဗစ်–၁၉ ရောဂါကာကွယ်တားဆီးရေးနည်းလမ်းတွေနဲ့အညီ စနစ်တကျ စီစဉ်ထားတာကို မြင်တွေ့ရပါတယ်။ ဒီနေ့က ကျောင်းစဖွင့်တဲ့နေ့ဆိုတော့ ကလေးတွေ သူငယ်ချင်းတွေနဲ့ ပြန်ဆုံတွေ့ခွင့်ရတာပေါ့။ နိုင်ငံတော်ကလည်း ခဲတံတွေ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တွေ၊ နှာခေါင်းစည်းနဲ့ မျက်နှာအကာတွေကို ထောက်ပံ့ပေးပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ကျောင်းပတ်ဝန်းကျင်မှာ လုံခြုံရေးဆောင်ရွက်ပေးနေတာကိုတွေ့ရတော့ ကလေးတွေအတွက် စိတ်ချရပါပြီ" ဟု ပြောသည်။

ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ရွာအခြေပြုပြည်သူလူထု လုံခြုံရေးအဖွဲ့များပူးပေါင်း၍ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

**သတင်း – လုလင်ငယ်**

**ဓာတ်ပုံ– အေးနော်**

---

❍ စာမျက်နှာ ၁၆ မှ

ပျက်စီးခဲ့သည့် အဆောက်အအုံများကို ပြန်လည်အစားထိုးဖြည့်ဆည်းနိုင်သော်လည်း ပညာသင်ကြားရေး ဆုံးရှုံးမှုမှာ အစားထိုးမရနိုင်၍ နစ်နာလှသည်။ နိုင်ငံရေးမှိုင်းမိ၍ပညာရေးကို ကျောခိုင်းသွားသော ဆရာ ဆရာမများအနေဖြင့် ဆရာ့ကျင့်ဝတ်ကို သတိရစေချင်ပါသည်။ "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပ မချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ" ဆိုသကဲ့သို့ တပည့်များအပေါ်တွင် ပညာသင်ကြားရေးသာမက ကောင်းရာညွှန်ပြ ဘေးရန်ကာဆီးပေးရန်လည်း လိုအပ်ပါသည်။

**ပညာရေးနှင့်မဝေး**

နိုင်ငံရေးလွှမ်းမိုးမှု၊ နိုင်ငံရေးလှည့်ဖြားမှုဖြင့် ဆရာ့ဂုဏ်ရည်ကို ပစ်ပယ်ခဲ့ကြ၊ ကျောင်းသား ကျောင်းသူလေးများကို ပစ်ပယ်ခဲ့ကြသည့်အတွက် စိတ်မကောင်းဖြစ်ရပါသည်။ ပညာကို ချက်ချင်းတည်ဆောက်၍မရဘဲ အချိန်များစွာ၊ အခါမလပ် ကြိုးပမ်း တည်ဆောက်ရပါသည်။ ဆင်ခြင်တုံတရား၊ အမြော်အမြင် မြင့်မားသောပညာကို မတည်ဆောက်နိုင်ခဲ့သည့် အတွက် ယခုလိုအဖြစ်မျိုး ကြုံရသည်ဟုလည်း မှတ်ယူပါသည်။ ယနေ့ဖြစ်ပျက်ခဲ့ကြသည်မှာ လောကဓံတရားဟု မှတ်ယူသင့်အပ်ပေသည်။ အပြစ်ကင်းစင်သော ပညာသင်ကြားကြရမည့် ကျောင်းသူ ကျောင်းသားလေးများ ပညာရေးနှင့်မဝေးအောင် အားထုတ်အပ်ပေသည်။

**နိုင်ငံရေးလွှမ်းမိုးမှု၊ နိုင်ငံရေးလှည့်ဖြားမှုဖြင့် ဆရာ့ဂုဏ်ရည်ကို ပစ်ပယ်ခဲ့ကြ၊ ကျောင်းသား ကျောင်းသူလေးများကို ပစ်ပယ်ခဲ့ကြသည့်အတွက် စိတ်မကောင်းဖြစ်ရပါသည်။ ပညာကို ချက်ချင်းတည်ဆောက်၍မရဘဲ အချိန်များစွာ၊ အခါမလပ်ကြိုးပမ်းတည်ဆောက်ရပါသည်။ ဆင်ခြင်တုံတရား၊ အမြော်အမြင် မြင့်မားသောပညာကို မတည်ဆောက်နိုင်ခဲ့သည့်အတွက် ယခုလိုအဖြစ်မျိုးကြုံရသည်ဟုလည်း မှတ်ယူပါသည်။ ယနေ့ဖြစ်ပျက်ခဲ့ကြသည်မှာ လောကဓံတရားဟု မှတ်ယူသင့်အပ်ပေသည်။ အပြစ်ကင်းစင်သော ပညာသင်ကြားကြရမည့် ကျောင်းသူ ကျောင်းသားလေးများ ပညာရေးနှင့်မဝေးအောင် အားထုတ်အပ်ပေ။**

ဆရာ ဆရာမများသည် မိမိတို့၏ အာစရိယဂုဏ်ကိုထိန်း၍ တပည့်များအပေါ် စေတနာ၊ မေတ္တာ၊ အကြင်နာ၊ ကရုဏာမိုးများ ရွာသွန်းဖြိုး၍ အသိဉာဏ် ဆင်ခြင်ဉာဏ်မြင့်မားပြီး အေးချမ်းစွာ ပညာသင်ကြားရေးကို ဆောင်ကြဉ်းပေးရပေလိမ့်မည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ဘေးရန်ကာဆီးပေးပေလိမ့်မည်။ အေးချမ်းစွာ ပညာသင်ကြားရေးကို နှောင့်ယှက်ထိပါးသော အတွင်းရန်၊ အပြင်ရန်တို့ကို မမိုတ်မသုန် ဝိုင်းဝန်းတားဆီးကာကွယ်ပေးမှ နိုင်ငံ့သားကောင်းပီသပေမည်။ ကျောင်းမနေရန် အားပေးခြင်းသည် မိမိကလေးငယ်ဘဝကို မိမိကိုယ်တိုင် ဖျက်ဆီးခြင်းပင်ဖြစ်သည်။ စိုးရိမ်ပူပန်နေသော မိဘများကိုလည်း နားလည်စာနာပါသည်။

**ပထမအရွယ်ပညာရှာ**

လူမှုဘဝနယ်ပယ်တွင် ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာဟူသော ရှေးလူကြီးသူမများ၏ ဆိုရိုးစကားနှင့်အညီ ပညာသင်ကြားရေးဆိုသည်မှာ ပထမအရွယ်တွင်ပင် အချိန်အခါမလင့်အောင် ဆောင်ရွက်ရမည့် အရေးကိစ္စဖြစ်ပါသည်။ ပညာရေးတွင် မိဘအုပ်ထိန်းသူများမှာ အဓိကဖြစ်ပါသည်။ ကလေးသူငယ်၊ လူငယ်လူရွယ်များမှာ ပတ်ဝန်းကျင်၏ လှုံ့ဆော်မှုအတိုင်း လိုက်ပါကြရပါသည်။ ကလေးငယ်များမှာ မွန်းကျပ်နေသောဘဝမှ လွတ်မြောက်ကာ ကျောင်းတက်ချင်နေကြသည်ကို တွေ့ရပါသည်။ သူငယ်ချင်း၊ အပေါင်းအသင်း၊ ဆရာ ဆရာမများနှင့်အတူ ကျောင်းတော်ကြီးတွင် ပျော်ရွှင်စွာ ပညာသင်ကြားနေကြပြီဖြစ်ရာ "**ပန်းကလေးများ ပွင့်တော့မည် ဖူးတံဝင့်လို့ချီ နေခြည်မှာ ရွှေရည်လောင်း ငါတို့စာသင်ကျောင်း**" ဆီသို့ တူပြိုင်ပြိုင်ဆိုကြတော့မည်ဖြစ်ပါကြောင်း။ ။

# နေရစ်တော့ ရွှေခေတ်

စာချစ်သူ

**"မြန်မာနိုင်ပြီ ... တို့မြန်မာနိုင်ပြီ ... တိုင်းပြည်က ပေး... ပေးအပ်လိုက်တဲ့တာဝန်များ ကျေပွန်ပါပြီ... တကယ့်ကိုကျေပွန်ပြီ ... သောင်းသောင်းဖြဖြ ကြိုဆိုလို့အတည် ... ပြည်သူများ ဂုဏ်ပြုကြလေပြီ"**

မြန်မာတို့ ယခုတိုင် ပြန်ပြောင်းတမ်းတ အမှတ်တရ ဂုဏ်ယူဝင့်ကြွားခဲ့ကြရသည့် မြန်မာ ဘောလုံးအသင်း၏ရွှေခေတ်ကို လေ့လာစေ့ငု ကြည့်ပါလျှင် ၁၉၆၃ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ဆယ်စုနှစ်တစ်ခုအကြာကာလဟူ၍ ညွှန်းဆိုပြ ရပေမည်။

**ဗိုလ်ဆော်ဦး ဆုတံဆိပ်ရ**

၁၉၅၄ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ ကာလကိုမူ ရွှေခေတ်ရောက်ဖို့ အစပျိုးသည့်ခေတ်ကာလဟု ဆိုရပေမည်။ ၁၉၅၄ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံ မနီလာ မြို့၌ ကျင်းပသည့် အာရှအားကစားပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်းသည် ရှုံးပွဲမရှိဘဲ တတိယ ဆုရရှိခဲ့ခြင်းက အစပြုသည်။ နိုင်ငံတကာဘောလုံး ပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်းသည် ပထမဆုံး ဗိုလ်ဆော်ဦး ဆုတံဆိပ်ရကာ နံပါတ်ချိတ်နိုင်ခဲ့ခြင်း ဖြစ်လေသည်။ ထို့နောက် ၁၉၆၁ ခုနှစ် အာရှလူငယ် ပြိုင်ပွဲတွင် ပူးတွဲပထမ(+အင်ဒိုနီးရှား)၊ ၁၉၆၁ ခုနှစ် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲတွင် ဒုတိယ ရရှိခဲ့လေသည်။

၁၉၆၃ ခုနှစ်မှစ၍ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းကြီးနှင့် မြန်မာလူငယ်လက်ရွေး စင်ဘောလုံးအသင်းတို့သည် ဒေသတွင်း အရှေ့ တောင်အာရှတွင်သာမက အာရှအဆင့်၌ပါ လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားလာခဲ့ သည်။ ဥရောပအဆင့် လက်ရွေးစင်အသင်းများ၊ ကလပ်အသင်းများနှင့်ပါ ခြေရည်တူ ယှဉ်ပြိုင် ကစားလာနိုင်ပြီး ရွှေခေတ်တစ်ခေတ်ကို စတင် ထူထောင်လာခဲ့သည်။

၁၉၆၃ ခုနှစ် အာရှလူငယ်ပြိုင်ပွဲတွင် ပူးတွဲ ပထမ (+တောင်ကိုရီးယား)၊ ၁၉၆၄ ခုနှစ်၌ အာရှ လူငယ်ပြိုင်ပွဲတွင် ပူးတွဲပထမ(+အစ္စရေး)၊ မာဒေး ကားပြိုင်ပွဲတွင် ပထမ၊ ၁၉၆၅ ခုနှစ်၌ အာရှလူငယ် ပြိုင်ပွဲတွင် ဒုတိယ၊ မာဒေးကားပြိုင်ပွဲတွင် ပထမ၊ အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲတွင် ပူးတွဲ ပထမ(+ထိုင်း)၊ ၁၉၆၆ ခုနှစ်၌ အာရှလူငယ်ပြိုင်ပွဲ တွင် ပူးတွဲပထမ(+အစ္စရေး)၊ မာဒေးကားပြိုင်ပွဲတွင် ဒုတိယ၊ အာရှအားကစားပြိုင်ပွဲတွင် ပထမ၊ ၁၉၆၇ ခုနှစ်၌ အာရှလူငယ်ပြိုင်ပွဲတွင် တတိယ၊ မာဒေး ကားပြိုင်ပွဲတွင် ပူးတွဲပထမ (+တောင်ကိုရီးယား)၊ အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲတွင် ပထမ၊ ၁၉၆၈ ခုနှစ်၌ အာရှလူငယ်ပြိုင်ပွဲတွင် ပထမ၊ မာဒေးကားပြိုင်ပွဲတွင် ဒုတိယ၊ အာရှဖလားပြိုင်ပွဲ တွင် ဒုတိယ၊ ၁၉၆၉ ခုနှစ်၌ အာရှလူငယ်ပြိုင်ပွဲတွင် ပူးတွဲပထမ (+ထိုင်း)၊ မာဒေးကားပြိုင်ပွဲတွင် တတိယ၊ အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲတွင်



မြန်မာအသင်းတိုက်စစ်မှူး ဗဟာဒူး မလေးရှားနောက်တန်းကို ကျော်ဖြတ်၍ ဂိုးသွင်းယူရန် ကြိုးစားနေစဉ်။

ပထမ၊ ၁၉၇၀ ပြည့်နှစ်၌ အာရှလူငယ်ပြိုင်ပွဲတွင် ပထမ၊ မာဒေးကားပြိုင်ပွဲတွင် ဒုတိယ၊ အာရှ အားကစားပြိုင်ပွဲတွင် ပူးတွဲပထမ (+တောင်ကိုရီး ယား)၊ ၁၉၇၁ ခုနှစ်၌ အာရှလူငယ်ပြိုင်ပွဲတွင် တတိယ၊ မာဒေးကားပြိုင်ပွဲတွင် ပထမ၊ အရှေ့ တောင်အာရှ ကျွန်းဆွယ်ပြိုင်ပွဲတွင် ပထမ၊ ကိုရီးယား သမ္မတဖလား (ပတ်ချုံဟီးဖလား) ပြိုင်ပွဲတွင် ပူးတွဲ ပထမ (+တောင်ကိုရီးယား)၊ ဂျကာတာနစ်ပတ်လည် ဖလားပြိုင်ပွဲတွင် ပူးတွဲပထမ (+တောင်ကိုရီးယား)၊ ၁၉၇၂ ခုနှစ်၌ အာရှဇုန် (၂) အိုလံပစ်ခြေစစ်ပွဲတွင် ပထမ၊ ကိုရီးယားသမ္မတ ဖလားပြိုင်ပွဲတွင် ပထမ၊ မြူးနစ်အိုလံပစ်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆု၊ ၁၉၇၃ ခုနှစ်၌ ဂျကာတာနစ်ပတ်လည် ဖလားပြိုင်ပွဲ တွင် ပထမ၊ မာဒေးကားပြိုင်ပွဲတွင် တတိယ၊ အရှေ့ တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲတွင် ပထမ၊ ကိုရီးယား သမ္မတဖလားပြိုင်ပွဲတွင် ပူးတွဲပထမ (+ခမာ)၊ ထိုင်းဘုရင့်ဖလားပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုများ ကို ဆွတ်ခူးရရှိခဲ့ပြီး မြန်မာ့ဘောလုံး ရွှေခေတ် တစ်ခေတ်ကို ထူထောင်ခဲ့ကြလေသည်။

မြန်မာဘောလုံးအသင်း၏ ငါးကြိမ်ဆက် အရှေ့တောင်အာရှကျွန်းဆွယ် ချန်ပီယံ (၁၉၆၅၊ ၁၉၆၇၊ ၁၉၆၉၊ ၁၉၇၁၊ ၁၉၇၃) စံချိန်ကို နောက်ပိုင်း ကာလများတွင် အိမ်နီးချင်းထိုင်းလက်ရွေးစင် ဘောလုံးအသင်းက ကျော်ဖြတ်စံချိန်ချိုးနိုင်ခဲ့ပါ သော်လည်း ၁၉၆၆ ခုနှစ် အာရှအားကစားပြိုင်ပွဲ ပထမ၊ ၁၉၇၀ အာရှအားကစားပြိုင်ပွဲ ပူးတွဲပထမ (+ တောင်ကိုရီးယား)၊ ၁၉၆၈ ခုနှစ် အာရှဖလားပြိုင်ပွဲ ဒုတိယနှင့် ၁၉၇၂ ခုနှစ် မြူးနစ်အိုလံပစ်ပြိုင်ပွဲ အသန့်ရှင်းဆုံးဆုတံဆိပ် စံချိန်တို့ကိုမူ ပြိုင်ဘက် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများမှ လက်ရွေးစင်အသင်းများသည် ယခုတိုင် အိပ်မက်ပင် မမက်နိုင်ခဲ့သေးချေ။

၁၉၆၆ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် ပဉ္စမအကြိမ်မြောက် အာရှအိုလံပစ် အားကစားပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်းသည် တောင်ကိုရီးယားကို တစ်ဂိုး- ဂိုးမရှိ၊ အိမ်ရှင် ထိုင်း နှင့် တစ်ဂိုးစီသရေ၊ အင်ဒိုနီးရှားနှင့် နှစ်ဂိုးစီသရေ၊ အီရန်ကို တစ်ဂိုး- ဂိုးမရှိ၊ စင်ကာပူကို နှစ်ဂိုး- ဂိုးမရှိ ဖြင့်နိုင်ပြီး ဖိုင်နယ်၌ အီရန်ကို တစ်ဂိုး- ဂိုးမရှိဖြင့် ထပ်မံအနိုင်ယူကာ ဗိုလ်ဆော်ဦး အာရှအိုလံပစ်ချန်ပီယံ ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

၁၉၆၈ ခုနှစ် မေလတွင် အီရန်နိုင်ငံ၌ ကျင်းပ သည့် စတုတ္ထအကြိမ်မြောက် အာရှဖလားဘောလုံး ပြိုင်ပွဲတွင်မူ မြန်မာဘောလုံးအသင်းသည် အိမ်ရှင် အသင်း၏ ညစ်ပတ်မှုကြောင့် မတရားရှုံးနိမ့်ခဲ့ရပြီး ဒုတိယဖြင့်သာ ကျေနပ်လိုက်ရသည်။

**ရေပန်းစားခဲ့**

သို့သော် ပွဲစဉ်အားလုံး၌ ဗဟာဒူး ခြေစွမ်းပြနိုင်၍ အီရန်နိုင်ငံ တီဟီရန်မြို့တော်၌ "ဆွတ်ဗဟာဒူး" ဟူသည့် အမည်သည် လူတိုင်းပါးစပ်ဖျား၌ ရေပန်း စားခဲ့သည်။ လမ်းသွားလျှင် "ဆွတ်ဗဟာဒူး ဘယ်သူ လဲ"ဟူ၍ မေးမြန်းကြသည်။ ဗဟာဒူးကို သိမြင်တွေ့ ရလျှင် အော်တိုဂိုင်း၍ရေးခိုင်းခြင်း၊ လက်မှတ်ထိုးခိုင်း ခြင်း၊ ဓာတ်ပုံအတူတွဲရိုက်ခြင်းများ ပြုလုပ်ကြပြီးလျှင် အိုင်စကရင်နှင့် အအေးများလည်း တိုက်ကျွေးကြ သည်။ အီရန်အာရှဖလားဘောလုံးပြိုင်ပွဲဝင် နိုင်ငံ အားလုံးမှ ဘောလုံးအဖွဲ့ဝင်များသည် ဗဟာဒူးကို လေးစားကြပြီး ဗဟာဒူးသာ အကောင်းဆုံးဟူ၍ မှတ်ချက်ချခဲ့ကြသည်။

ဗဟာဒူးသည် မြန်မာ့ဘောလုံးလောကတွင် သာမက အာရှဘောလုံးလောက၌ပါ စံပြကစား သမားတစ်ဦး ဖြစ်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် အာရှ လက်ရွေးစင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ဗဟာဒူး သည် ၁၉၅၃ ခုနှစ်မှ ၁၉၆၉ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံ့ကိုယ်စားပြု နိုင်ငံတကာပွဲပေါင်း ၁၅၂ ပွဲ ပါဝင် ကစားခဲ့သူ မြန်မာ့အားကစားလူရည်ချွန်တစ်ဦး ဖြစ်သည်။

ဗဟာဒူးနည်းတူ အာရှလက်ရွေးစင်ဂိုးသမား တင်အောင်သည်လည်း အထူးကျော်ကြားသည်။ ၁၉၇၀ ပြည့်နှစ် ဆဋ္ဌမအကြိမ်မြောက် အာရှအိုလံပစ် အားကစားပြိုင်ပွဲတွင်အာရှ၏အကောင်းဆုံးဂိုးသမား အဖြစ် အစွမ်းပြကစားခဲ့ပြီး မြန်မာဘောလုံးအသင်း အတွက် ဒုတိယမြောက် အာရှအိုလံပစ် ချန်ပီယံ ရွှေတံဆိပ်ဆုကို ရယူဆွတ်ခူးပေးခဲ့သည်။

ဂိုးတင်အောင်သည် ခေါင်းအေးအေးဖြင့် ကာကွယ်နိုင်မှု၊ ပြာလောင်လောကြီးမှုမရှိဘဲ ကာကွယ်နိုင်မှု၊ နေရာယူမှန်မှုတို့တွင် ကျော်ကြား သည်။ အာရှလက်ရွေးစင် ဘောလုံးအသင်းနှင့်အတူ ထိုစဉ်က အင်္ဂလန်ပထမတန်းကလပ်အသင်းများ ဖြစ်ကြသည့် လီဆက်စတာ၊ ဆောက်သမ်တန် အသင်းတို့နှင့် မလေးရှားနိုင်ငံ၌ ခြေစမ်းကစား ခဲ့စဉ်က လီဆက်စတာအသင်း မန်နေဂျာက "တင်အောင်သည် ဥရောပအဆင့်မီသူ ဖြစ်သည်။ အင်္ဂလန်ပထမတန်း၌လည်း ကစားနိုင်သူဖြစ်သည်။ အင်္ဂလန်သို့ လာလိုလျှင် မိမိတို့အသင်းမှခေါ်ယူလိုပါ သည်"ဟု မလေးရှား သတင်းစာမလေးမေးလ်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အင်္ဂလန်ဆောက်သမ်တန်အသင်း ရှေ့တန်း တိုက်စစ်မှူးတစ်ဦးလည်းဖြစ်သူ၊ ၁၉၆၆ ခုနှစ် အင်္ဂလန်ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ၏ ဂိုးသွင်းအများဆုံးဂိုးသွင်းဘုရင်လည်းဖြစ်သူ ဂျွန် ဒေးဗစ်ကလည်း "တင်အောင်သည် အလွန်ဂိုးသွင်း ရခက်သည့် ဂိုးသမား ဖြစ်သည်။ သူ့အကဲကို ခတ်မရနိုင်အောင် ကြုံတွေ့ခဲ့ရသည်"ဟု ထုတ်ဖော် ပြောဆိုခဲ့လေသည်။

အာရှလက်ရွေးစင် ခင်မောင်ထွန်း (ဂိုး)နှင့် နောက်တန်းခံစစ်မှူး မောင်မောင်တို့သည်လည်း မလေးရှားဘောလုံး ပရိသတ်များ၏ အသည်းစွဲ ဖြစ်ခဲ့လေသည်။

အေးမောင်ကြီး၊ အေးမောင်လေးတို့၏ အလယ်တန်းအတွဲကိုမူ နိုင်ငံခြားစာစောင်များက Fantastic Ball Control ဟူ၍ ချီးမွမ်းရေးသား ခဲ့ကြ၏။

ငါးကြိမ်ဆက် ကျွန်းဆွယ်ပြိုင်ပွဲ ချန်ပီယံ မြန်မာဘောလုံးအသင်းတွင် ဂိုး - တင်အောင်၊ နောက်တန်းခံစစ်မှူးများဖြစ်ကြသည့် မောင်မောင် တင်၊ မောင်မောင်မြင့်၊ ကျော်သောင်း၊ တင်ဟန်၊ အလယ်တန်းတွင် မျိုးဝင်းညွန့်၊ အေးမောင်ကြီး၊ အေးမောင်လေး၊ ရှေ့တန်းတိုက်စစ်မှူးများဖြစ်ကြ သည့် ဘပု၊ လှငွေး၊ ရဲညွန့်၊ တင်အောင်မိုးနှင့် ဝင်းမောင်တို့ အများဆုံးပါဝင်ကစားခဲ့ကြသည်။

**နိုင်ငံအလိုက်ပါ ဗိုလ်စွဲ**

မြန်မာနိုင်ငံက ဒုတိယအကြိမ် အိမ်ရှင်နိုင်ငံ အဖြစ် လက်ခံကျင်းပခဲ့သည့် ၁၉၆၉ ခုနှစ် ပဉ္စမ အကြိမ်မြောက် ကျွန်းဆွယ်ပြိုင်ပွဲတွင် မြန်မာ ဘောလုံးအသင်း၏ ချန်ပီယံရွှေတံဆိပ်ဆု အပါ အဝင် မြန်မာအားကစားအဖွဲ့သည် ရွှေ ၅၇ ခု၊ ငွေ ၄၆ ခု၊ ကြေး ၄၃ ခုတို့ဖြင့် နိုင်ငံအလိုက်ပါ ဗိုလ်စွဲ ခဲ့ရာ အောင်ပွဲရမြန်မာအားကစားအဖွဲ့ဝင်များအား တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်း နှင့် ဇနီးတို့က အစိုးရဧည့်ဂေဟာ၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြန်မာအားကစား မောင်မယ်များအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့သည်။ ရွှေတံဆိပ်ဆုရှင်များ ဖြစ်ကြ သည့် ဂျင်မီနှင့် မခင်ပုတို့ကလည်း ဆုရတံဆိပ် များကို ဗိုလ်ချုပ်ကြီးနေဝင်းအား အမှတ်တရ ပေးအပ်ခဲ့လေသည်။

ထိုကဲ့သို့ မြန်မာဘောလုံးအသင်းသည် ဒေသတွင်း အရှေ့တောင်အာရှကျွန်းဆွယ်နှင့် အာရှအဆင့်တွင် လျှမ်းလျှမ်းတောက် အောင်မြင် ကျော်ကြားကာ ရွှေခေတ်တစ်ခေတ်ကို ထူထောင်နိုင် ခဲ့သော်ငြား ရွှေခေတ်မြန်မာ့လက်ရွေးစင်ဘောလုံး သမားကြီးများအား နိုင်ငံတော်က ထိုခေတ်အခြေ အနေအရ ရေဒီယို၊ အပ်ချုပ်စက်၊ စက်ဘီး စသည့် အသုံးအဆောင်ပစ္စည်းများကိုသာ ဂုဏ်ပြုချီးမြှင့် နိုင်ခဲ့ပါသည်။

စာမျက်နှာ ၁၉ သို့ ❖

**၁၉၉၅-၉၆ ခုနှစ်ခန့်က အာရှလက်ရွေးစင် မြန်မာ့လက်ရွေးစင် ဂန္ထဝင် ဘောလုံးသမားကြီး ဗဟာဒူးသည် "ကိုယ်ကစားခဲ့တဲ့ပွဲကို ပြန်ပြီးတွေးနေရ မယ်၊ ရှုံးလာတဲ့ပွဲမှာ ငါဘာတွေ မှားခဲ့သလဲ။ ငါ့ကစားဖက်တွေ ဘာတွေ မှားသလဲ။ ဒါကိုတစ်မှိတ်မှိတ်တွေးပြီး ဝမ်းနည်းခံစားနေရမယ်။ အခုဘောလုံး သမားတွေကြည့်ရတာ ဘာမှခံစားမှုမရှိသလိုပဲ"ဟုပြော။**

**■ ကိုပါအမေရိကဖလားပြိုင်ပွဲမှ**

၂၀၂၂ ခုနှစ် ကိုပါအမေရိကဖလားပြိုင်ပွဲကို အရင်က အာဂျင်တီးနားနိုင်ငံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ပြုထားခဲ့တာ ဖြစ်ပေမယ့် လက်ရှိမှာ အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုသိသိသာသာ မြင့်တက်ခဲ့တာကြောင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ကနေ ဖယ်ရှားခဲ့တာဖြစ်တယ်လို့ တောင်အမေရိက ဘောလုံးအဖွဲ့ချုပ်က ပြောကြားခဲ့ပါတယ်။

လက်ရှိ ကိုပါအမေရိကဖလား ချန်ပီယံအသင်းဟာ ဘရာဇီးနိုင်ငံလက်ရွေးစင်အသင်းဖြစ်ပြီး အသင်းစုစုပေါင်း ၁၀ သင်းပါဝင်ယှဉ်ပြိုင်ကစားမည့် အဆိုပါ ကိုပါအမေရိကဖလားပြိုင်ပွဲကို ဇွန် ၁၄ ရက်မှာ စတင်ကျင်းပသွားမှာဖြစ်တယ်လို့လည်း တောင်အမေရိက ဘောလုံးအဖွဲ့ချုပ်က မေ ၃၁ ရက်မှာ အတည်ပြုပြောကြားခဲ့ပါတယ်။

ဘရာဇီးနိုင်ငံဟာလည်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်နေတဲ့ နိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၆၀၀၀၀ နီးပါးရှိကာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရတဲ့ ကမ္ဘာ့နိုင်ငံတွေထဲမှာ အမေရိကန်နိုင်ငံပြီးရင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုမှာ ဒုတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်နေတာ ဖြစ်ပါတယ်။

ဒါပေမယ့် အာဂျင်တီးနားနိုင်ငံဟာ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ဖို့ အခက်ကြုံနေရတာကြောင့် ကိုပါအမေရိကဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ကနေ ဖယ်ရှားခဲ့တာဖြစ်တယ်လို့ တောင်အမေရိကဘောလုံးအဖွဲ့ချုပ်က ပြောကြားထားပါတယ်။

**ငွေကြယ်**

**❖ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲမှ**

ယင်းပြိုင်ပွဲတွင် အားကစားနည်း ၄၀ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အိုလံပစ်အားကစားနည်းများအပြင် ဆီးဂိမ်းပြိုင်ပွဲတွင် ပုံမှန်ပါဝင်နေသည့် အားကစားနည်းများ၊ ရိုးရာအားကစားနည်းများလည်း ပါဝင်မည်ဖြစ်သည်။

ဗီယက်နမ်အိုလံပစ်ကော်မတီသည် အားကစားနည်း ၄၀ မှ ပြိုင်ပွဲအမျိုးအစား ၅၀၀ ကျော် ထည့်သွင်းကျင်းပရန် စီစဉ်ထားပြီး ပြိုင်ပွဲဝင်နိုင်ငံများက အားကစားနည်းအလိုက် တောင်းဆိုထားသည့် ပြိုင်ပွဲအမျိုးအစားများ ထည့်သွင်းကျင်းပပါက ပြိုင်ပွဲအမျိုးအစားအရေအတွက် ထပ်တိုးလာဖွယ်ရှိနေသည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် အားကစားနည်း ၄၀ ကို ထပ်တိုးတော့မည် မဟုတ်သော်လည်း အားကစားနည်းအလိုက် ထည့်သွင်းကျင်းပမည့် ပြိုင်ပွဲအမျိုးအစားများကိုမူ နှစ်လယ်နောက်ပိုင်းမှသာ အတည်ပြုမည်ဖြစ်ရာ အဆိုပါအချိန်မှသာ ပြိုင်ပွဲအမျိုးအစားများ အတည်ပြုနိုင်မည်ဖြစ်သည်။

သို့သော် လက်ရှိထုတ်ပြန်ထားသည့် ပြိုင်ပွဲအမျိုးအစား ၅၀၀ ကျော်မှာ ပါဝင်မည်ဖြစ်ပြီး ထပ်တိုးလာရန်သာရှိကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၁၈ မျိုး ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားပြီး လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။

**ကိုညီလေး**

■

ဆရာကြီး ကာတွန်းမောင်စိန်၏ နံရံပေါ်မှ ရုပ်ပြောင်များ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

စာတည်း




**❖ စာမျက်နှာ ၁၈ မှ**

သို့တစေ ရွှေခေတ်ဘောလုံးသမားကြီးများသည် နိုင်ငံချစ်စိတ်ကို အရင်းတည်ကာ ပြိုင်ပွဲမဆိုထားဘိ၊ ခြေစမ်းပွဲများတွင်ပါ အရိုးကျေကျေ အရေခန်းခန်း ဖွဲလုံ့လဝီရိယအပြည့်ဖြင့် အသည်းပေါက်မတတ် ကစားခဲ့ကြပါ၏။

၁၉၆၄ ခုနှစ် ဇန်နဝါရီလက ရန်ကုန်မြို့တွင် ခြေစမ်းပွဲလာရောက်ကစားခဲ့သည့် ချက်ကိုစလိုဗက်ကီးယားမှ ဒူကလာပရာဟာ ကလပ်အသင်းကြီးနှင့် ခြေစမ်းပွဲတတိယပွဲစဉ်တွင် ချက်နောက်ခံလူနှစ်ဦးကို လိမ်ခေါက်ပြီး ချက်ဂိုးစည်းအတွင်းသို့ ဘောလုံးဆွဲယူလာသော လှဌေးကို ချက်လက်ရွေးစင် ပလွတ်စ်စကားက ပြေးဝင်ပြီး အပိုင်ကန်ခဲ့ရာ လှဌေးသည် ပုံလျက်လဲကျသွားရာမှ ပြန်မထနိုင်တော့၍ ထမ်းစင်ဖြင့် ထမ်းထုတ်ခဲ့ရလေသည်။

လှဌေးသည် ချက်နောက်တန်းကို ထိုးဖောက်မွှေနှောက်ကစားနေသူဖြစ်၍ ယခုကဲ့သို့ လူချခံခဲ့ရခြင်းဖြစ်သည်။ ထိုဒူးဒဏ်ရာကြောင့် လှဌေးသည် ၁၉၆၄ ခုနှစ်တစ်နှစ်လုံး အနားယူခဲ့ရလေသည်။

**တိုင်းပြည်နှင့် လူမျိုးအတွက် အနာခံ၍ ဝင်ကစားပေးခဲ့**

၁၉၇၁ ခုနှစ် ဆဋ္ဌမအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတွင် တင်အောင်မိုးသည် ခြေထောက်ဒဏ်ရာ ရရှိနေသည့်ကြားမှ ထိုင်းနှင့် အကြိုဗိုလ်လုပွဲတွင် ၁၅ မိနစ်ခန့် ဝင်ကစားပေးခဲ့သည်။ ဗိုလ်လုပွဲတွင်မူ မကစားနိုင်တော့။ ရန်ကုန်ရောက်မှ ဓာတ်မှန်ရိုက်ကြည့်ရာ ခြေထောက်ကျိုးနေသည်ကို သိရသည်။ ထိုင်းနှင့် အကြိုဗိုလ်လုပွဲပွဲစဉ်တွင် ခြေကျိုးနေသည့်ကြားက တိုင်းပြည်နှင့် လူမျိုးအတွက် အနာခံ၍ ဝင်ကစားပေးခဲ့ခြင်း ဖြစ်လေသည်။

**ထိုကဲ့သို့ တိုင်းချစ်ပြည်ချစ်စိတ်အပြည့်ဖြင့် မြန်မာဘောလုံး ရွှေခေတ်တစ်ခေတ်ကို ထုဆစ်ပေးခဲ့ကြပါသော ရွှေခေတ်မြန်မာ့လက်ရွေးစင် ဘောလုံးသမားကြီးများ၏ ဘဝနေဝင်ဆည်းဆာအချိန်ကို စေ့ငုလေ့လာကြည့်လျှင်မူ ၂၀၀၉ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲမှတစ်ဆင့် ပေါက်ဖွားလာခဲ့သော ပစ္စုပ္ပန်မြန်မာဘောလုံးသမားတို့၏ဘဝသို့နှယ် ရွှေရောင်မတောက်ပခဲ့ကြပါ။ အချို့ဆိုလျှင် ဆင်းရဲချို့တဲ့စွာ ဘဝကို နိဂုံးကမ္ပတ်ချုပ်ငြိမ်းသွားခဲ့ကြရရှာသည်။**

> **ရွှေခေတ်မြန်မာဘောလုံးအသင်းနှင့် လက်ရွေးစင်ဘောလုံးသမားများ၊ တာဝန်ရှိသူများသည် နိုင်ငံတော်သီချင်းကို အသက်နှင့်ထပ်တူ အလေးအမြတ်ပြုတန်ဖိုးထားခဲ့ကြ။**

သူတို့၏ချမ်းသာမှုသည် နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်များသာ ဖြစ်လေသည်။ သူတို့ ကျင်လည်ရာဘဝသည် ဘောလုံးလောကသာ ဖြစ်လေသည်။ သူတို့သည် ဘဝကို ဘောလုံးအားကစား၌သာ နှစ်မြှုပ်ထားကြသည်။ သေသည့်တိုင် ဘောလုံးအားကစားကို မြတ်မြတ်နိုးနိုး ဖက်တွယ်ထားခဲ့ကြလေ၏။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအပေါ်လည်း သံယောဇဉ်ကြီးကြသည်။

၁၉၉၅-၉၆ ခုနှစ်ခန့်က အာရှလက်ရွေးစင် မြန်မာ့လက်ရွေးစင် ဂန္ထဝင်ဘောလုံးသမားကြီး ဗဟာဒူးသည် "ကိုယ်ကစားခဲ့တဲ့ပွဲကို ပြန်ပြီးတွေးနေရမယ်၊ ရှုံးလာတဲ့ပွဲမှာ ငါဘာတွေမှားခဲ့သလဲ။ ငါ့ကစားဖက်တွေ ဘာတွေမှားသလဲ။ ဒါကို တစိမ့်စိမ့်တွေးပြီး ဝမ်းနည်းခံစားနေရမယ်။ အခုဘောလုံးသမားတွေ ကြည့်ရတာ ဘာမှခံစားမှု မရှိသလိုပဲ" ဟု ပြောသည်။

အာရှလက်ရွေးစင် မြန်မာ့လက်ရွေးစင် နောက်တန်းခံစစ်မှူး မောင်မောင်ကမူ "ဘောလုံးအသင်းတစ်သင်းဟာ ပြိုင်ပွဲဝင် စိတ်ဓာတ်အပြည့်ရှိဖို့လိုတယ်။ အဲဒါကိုမှ အချင်းချင်းရဲဘော်စိတ်ထားပြီး ကူညီဖေးမကစားမှုနဲ့ ပေါင်းစပ်လိုက်ရင် အောင်ပွဲရဖို့ အခြေအနေကောင်းတွေ ဖြစ်ပေါ်လာမယ်"ဟု ဆိုခဲ့ဖူးသည်။

သို့သော် ... သို့သော် ... မနေ့တစ်နေ့က အိမ်ရှင်ဂျပန်လက်ရွေးစင်အသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲကစားခဲ့သည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဂျပန်အသင်းကို ၁၀ ဂိုးပြတ် မရှုမလှ အရှက်တကွဲအကျိုးနည်း ရှုံးနိမ့်ခဲ့ရုံမက မြန်မာနိုင်ငံတော်သီချင်းကိုပင် မဆိုကြတော့ပါလား။

**ပြန်ပြောင်းသတိရ**

ထိုသောအခါ ကျွန်တော်တို့သည် မြန်မာ့ဘောလုံးရွှေခေတ်တွင် နိုင်ငံချစ်စိတ်တစ်ခုတည်းဖြင့် ရိုးသားကြိုးစားစွာ နိုင်ငံ့ဂုဏ်မြင့်တင်ပေးခဲ့ကြပါသော မြန်မာ့လက်ရွေးစင် ရွှေခေတ်ဘောလုံးသမားကြီးများကို ပြန်ပြောင်းသတိရလာမိသည်။

**တစ်ဆက်တည်းမှာပင် ရွှေခေတ်ကာလအတွင်း**က အဝတ်လဲခန်းတွင် ဟိန်းနေအောင် မြန်မာ့လက်ရွေးစင်ဘောလုံးသမားများ သံပြိုင်သီဆိုလေ့ရှိသည့် "ကမ္ဘာမှာ ဗမာသည် ထင်ရှားလို့သာလာပြီ၊ တို့ဗမာရဲ့ အားကစားသည် ထိပ်တန်းသို့ ရောက်ပြီ။ အနိုင်မခံ၊ အရှုံးမပေး၊ ဒို့အင်အားရှိသရွေ့ ... ဒို့ကြိုးစားကြသည်။ အောင်ရမည်၊ အောင်ရမည်၊ ဒို့ဗမာတွေ အဆင့်ဆင့်အောင်ရမည်" ဆိုသော "အောင်ရမည်"သီချင်းနှင့် ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးရရှိသည့်အခါတိုင်း ပြိုင်ပွဲကျင်းပရေးကော်မတီက ဂုဏ်ပြုတီးမှုတ်ထုတ်လွှင့်ပေးပါသော နိုင်ငံတော်သီချင်းကို လွမ်းဆွတ်တမ်းတလာမိသည်။

ရွှေခေတ်မြန်မာ ဘောလုံးအသင်းနှင့် လက်ရွေးစင်ဘောလုံးသမားများ၊ တာဝန်ရှိသူများသည် နိုင်ငံတော်သီချင်းကို အသက်နှင့်ထပ်တူ အလေးအမြတ်ပြုတန်ဖိုးထားခဲ့ကြပါသည်။

၁၉၇၁ ခုနှစ် မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ်မြောက် ကျွန်းဆွယ်ပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်းသည် အိမ်ရှင်မလေးရှားအသင်းကို အနိုင်ရဗိုလ်စွဲခဲ့၍ ပိတ်ပွဲအစီအစဉ်အရ ကိုယ့်အမျိုးသားနိုင်ငံတော်သီချင်း တီးမှုတ်ထုတ်လွှင့်ပေးမှုအပေါ် အထူးမျှော်လင့်စောင့်ဆိုင်းနေခဲ့ပါသော်လည်း ဆုပေးပွဲကျင်းပရေးကော်မတီက မေ့သွား၍ဟုဆိုကာ မတီးမှုတ်ခဲ့၍ မြန်မာဘောလုံးသမားများ အတော်မကျေမနပ်ဖြစ်ခဲ့ကြသည်။

ထိုစဉ်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဌမ်ရှိန်ကို မလေးရှားနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဟာရွန်က တောင်းပန်လေမှ မြန်မာဘောလုံးသမားများသည် စိတ်ပြေကြရလေသည်။

ပစ္စုပ္ပန်တွင် နေရစ်တော့ ရွှေခေတ်ဟုသာ ဝမ်းနည်းစကား ဆိုရပါတော့မည်။ ။

ကိုးကား- မောင်ရဲဝင်း၏ မြန်မာ့အားကစား လူရည်ချွန်များ၊
လေဟုန်ခွင်း၍ အောင်ပွဲဆင်။

## ဓမ္မာစရိယစာမေးပွဲ ပထမနေ့ ကျင်းပ

နေပြည်တော် ဇွန် ၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၁ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ (ပထမနေ့)တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၉ ဌာနတို့၌ စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၅၅၉၄ ပါးအနက် ၉၂၈၈ ပါး ဖြေဆိုကြသဖြင့် ၅၉ ဒသမ ၅၆ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကမ္ဘောဇသာဒီနန်းတော် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ပဲခူး ဇွန် ၁

ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် မေ ၃၁ ရက် နံနက်ပိုင်းက ကမ္ဘောဇသာဒီနန်းတော် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်ရာဝင်းအတွင်းရှိ မြေနန်းပြာသာဒ်ဆောင်နှင့် ဘမရာသနပလ္လင်တော်ဆောင်သို့ သွားရောက်ခဲ့ပြီး နန်းတော်ကုန်း ပြန်လည်တူးဖော်စဉ် ရရှိခဲ့သည့် ကျွန်းတိုင်များ၊ မှတ်တမ်းဓာတ်ပုံများ ပြသထားရှိမှုနှင့် ထပ်မံအဆင့်မြှင့်တင်ဆောင်ရွက်မည့် အခြေအနေများကို ပဲခူးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဇော်က လိုက်လံရှင်းလင်းတင်ပြခဲ့ရာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကမ္ဘောဇသာဒီနန်းတော်ကြီးသည် ၁၆ ရာစုရှိ မြန်မာ့အင်ပါယာ၏ ခံ့ညားထည်ဝါမှုကို ဖော်ပြနေသော ပြယုဂ်ဖြစ်၍ ရေရှည်တည်တံ့စေရေး၊ နောင်မျိုးဆက်သစ်များထိတိုင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေးတို့အတွက် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ ထိန်းသိမ်းစောင့်ရှောက်ရာတွင်လည်း ရှေးမူလက်ရာမပျက် ထိန်းသိမ်းရန် အလွန်အရေးကြီးကြောင်း တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပြီး ကမ္ဘောဇသာဒီနန်းတော်ရာဝင်းအတွင်း Historical Park အဖြစ် အများပြည်သူ စိတ်လက်အပန်းဖြေနိုင်စေရေး အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။



ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ဟံသာဝတီကျုံးဟောင်း၊ ကျုံးပတ်လမ်းနှင့် မြို့ရိုးတူးဖော်ပြီးစီးမှုနေရာများတွင် အများပြည်သူ လမ်းလျှောက်အပန်းဖြေနိုင်စေရေး စီစဉ်ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

## မေ ၃၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၂၂ ဦး တွေ့ရှိ

### COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၁-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၃၁-၅-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁-၆-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၀၁၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁၂၂)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၆၂၃,၄၂၉)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၇၅၁)ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၂၁)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း(၁၃၂,၃၆၀)ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၃၂၈) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၈) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၂၄) ခု | (၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၄၆) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၈) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၀၂) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၆၀) ခု | (၆၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၂၀) ခု | (၃၇) ဦး |
| စုစုပေါင်း | (၂,၀၁၆) ခု | (၁၂၂) ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၁၁၃၁၄၆ | ၂၇၈၆၃၈၄၀ | ၆၀၉၇၆၇ |
| ၂။ | အိန္ဒိယ | ၂၈၁၇၅၀၄၄ | ၂၅၉၄၇၆၂၉ | ၃၃၁၉၀၉ |
| ၃။ | ဘရာဇီး | ၁၆၅၄၇၆၇၄ | ၁၄၉၆၄၆၃၁ | ၄၆၂၉၆၆ |
| ၄။ | ပြင်သစ် | ၅၆၆၇၃၂၄ | ၅၃၃၃၅၉၇ | ၁၀၉၅၂၈ |
| ၅။ | တူရကီ | ၅၂၄၉၄၀၄ | ၅၁၁၄၆၂၄ | ၄၇၅၂၇ |
| ၆။ | ရုရှား | ၅၀၈၁၄၁၇ | ၄၆၉၃၅၇၉ | ၁၂၁၈၇၃ |
| ၇။ | ဗြိတိန် | ၄၄၈၇၃၃၉ | ၄၂၈၉၄၈၆ | ၁၂၇၇၈၂ |
| ၈။ | အီတလီ | ၄၂၁၇၈၂၁ | ၃၈၅၈၀၁၉ | ၁၂၆၁၂၈ |
| ၉။ | အာဂျင်တီးနား | ၃၇၈၁၇၈၄ | ၃၃၅၀၆၀၂ | ၇၈၀၉၃ |
| ၁၀။ | ဂျာမနီ | ၃၆၈၉၉၁၈ | ၃၄၉၈၄၀၀ | ၈၉၁၄၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၈၂၆၅၂၇ | ၁၆၇၄၄၇၉ | ၅၀၇၂၃ |
| ၂။ | ဖိလစ်ပိုင် | ၁၂၃၅၄၆၇ | ၁၁၆၁၂၅၂ | ၂၁၀၁၂ |
| ၃။ | မလေးရှား | ၅၇၉၄၆၂ | ၄၉၆၁၂၁ | ၂၈၆၇ |
| ၄။ | ထိုင်း | ၁၆၂၀၂၂ | ၁၁၇၃၅ | ၁၀၆၉ |
| ၅။ | မြန်မာ | ၁၄၃၇၅၁ | ၁၃၂၃၆၀ | ၃၂၁၇ |
| ၆။ | စင်ကာပူ | ၆၂၀၆၉ | ၆၁၄၅၉ | ၃၃ |
| ၇။ | ကမ္ဘောဒီးယား | ၃၀၇၁၀ | ၂၃၃၈၉ | ၂၂၀ |
| ၈။ | ဗီယက်နမ် | ၇၅၇၂ | ၃၀၄၃ | ၄၇ |
| ၉။ | လာအို | ၁၉၁၂ | ၁၅၄၃ | ၃ |
| ၁၀။ | ဘရူနိုင်း | ၂၄၂ | ၂၂၈ | ၃ |

# ဒေါင်းယာဉ်ပျံ ဘုံနန်းဘေးမှာ စာရေးလို့ထားချင်တယ်

နွမ်ဂျာသိုင်း

(၃၁-၅-၂၀၂၁ မှအဆက်)

- ၂ -

"မမဆွေမသိလို့မေးရဦးမယ်။ သက်သက် အဲဒါတွေ ဘာဖြစ်လို့ဖတ်တာလဲဟင်။ မပျင်းဘူးလား..."

အဝေးကကြည့်လျှင် ဘာမှသိမည်မဟုတ်သော်လည်း အကြောင်းသိလည်းဖြစ်၊ သူတို့နေရာ နှစ်ယောက်ခန်းလေးထဲဝင်၍ နေ့စဉ်နေ့တိုင်း စောင့်ကြည့်ဖြစ်လည်းဖြစ်လျှင် သူတို့နှစ်ယောက်မှာ ရယ်စရာတွေ အတော်များများ တွေ့ရသည်။

ခင်မြင့်ဆွေကလည်း သူ့ဟာနှင့်သူတော့ အတော်လေးလှသည်ဟု ပြောနိုင်သည်။ သို့သော် ဗဟုသုတ အရာတော့ အတော်လေး "အ" သည်ဟု ပြောနိုင်သည်။ စိတ်ကောင်း နှလုံးကောင်းအခံဖြင့် အတက်နိုင်ပုံလေး ပေါင်းသောအခါ၊ ခင်မြင့်ဆွေမှာ တစ်ခါတစ်ခါ ရယ်စရာကောင်းသည်။ နှစ်ယောက်ပုံစံကလည်း တစ်ယောက်နှင့်တစ်ယောက် ပြောင်းပြန်တွေဖြစ်နေကြသည်။

အတူနေစကလည်း သက်သက် ဖတ်သောစာအုပ်များကိုကြည့်ပြီး တအံ့တသြတွေ လုပ်နေသဖြင့် သက်သက်ကရယ်ပြီး

"မမဆွေ ဖတ်နေမကျလို့ပါ။ ဖတ်နေကျသွားရင် ဘယ်ပျင်းတော့မလဲ။ သက်သက်က ဒီစာအုပ်မျိုးတွေကို ငယ်ငယ်ကတည်းက ဖတ်ကျင့်ရလာတာ မမဆွေရဲ့"

သက်သက် စားပွဲမှာ အင်္ဂလိပ်၊ မြန်မာစာအုပ် တော်တော်များများ ရှိသည်။ သည်အရွယ်တွင် ဖတ်နေကျ ဝတ္ထုတွေ၊ ရုပ်ပြတွေ မဟုတ်။ ဗဟုသုတဆိုင်ရာ စာအုပ်များကနေ အတွေးအခေါ်ဆိုင်ရာ အသိပညာဆိုင်ရာ စာအုပ်များနှင့် ထင်ရှားသော ဝတ္ထုခန့်များအပါအဝင် စာတမ်း၊ ကျမ်း၊ အလတ်စားအထိပင် ပါဝင်သည်။

သက်သက် အပြောကြောင့် ခင်မြင့်ဆွေ မျက်လုံးပြူးပြရင်း

"မမဆွေတော့ အဲဒါတွေ ဖတ်ရရင် ပျင်းတာနဲ့သေမှာပဲ။ နားလည်မှာလည်း မဟုတ်ဘူး"

"ဒါကတော့ ဝါသနာပေါ့ မမဆွေရယ်။ တချို့ကိစ္စကျတော့ မမဆွေက အများကြီး ပိုနားလည်တာပဲ မဟုတ်လား။ အဲဒါမျိုးကျတော့ သက်သက်က နားမလည်ပြန်ဘူး"

"ဘယ်ဟာမျိုးလဲ "

"ကိုအံ့ခိုင်ကြီးနဲ့ အင်းလျားမှာ သွားထိုင်တာမျိုးပေါ့"

"ဟယ်... ဒီကောင်မလေး"

ခင်မြင့်ဆွေကြီး ရှက်သွား၍ သက်သက်ကို လှမ်းရိုက်သည်။ ပြီးမှ တစ်ခုခု ဆက်စပ်တွေးမိသွားဟန်ဖြင့်

"အဲ.. ကိုအံ့ခိုင်ဆိုလို့၊ ကိုအံ့ခိုင်ကြီးကလည်း သက်သက်လို စာတွေဘာတွေ ဖတ်တယ်တော့။ သူကချိန်းတွေ့ရင် အဲဒါမျိုးတွေ သိပ်ပြောချင်တယ်။ ဟိုနေ့ကလည်း တစ်ခါ စကားစတယ် "

သက်သက် ကြို၍ ရယ်ချင်စိတ်ကို ပြုံးရုံသာပြုံး၍ ထိန်းရင်း "ဘာလဲ မမဆွေ"

"ဘာလဲ သူက မမဆွေ မေးတာပါ။ ဘယ်သူဆိုလဲ ရေးတဲ့ ဘာစာအုပ်လဲ မသိဘူး။ အဲဒါ ဖတ်ဖူးလားတဲ့"

"အင်း မမဆွေကတော့ အတော့်ကို တိတိကျကျ မှတ်ထားတာပဲ။ ထားပါတော့ မမဆွေက ဘာပြန်ပြောလဲ"

"မမဆွေကတော့ ထုံးစံအတိုင်းပဲပေါ့။ အဲဒီစာအုပ်ကို မြင်တောင်မမြင်ဖူးဘူးလို့။ အဲဒီမှာ ပုဂ္ဂိုလ်ကြီးစိတ်ခတ်ကျသွားတယ်။ ဖတ်ကြည့်ပါလား၊ ယူလာပေးမယ်တဲ့။ ဩော် ယူ မှတ်မိပြီ။ ဂျာနယ်တော် မမကြီးရေးတဲ့ ရှင်မ ဆိုလားပဲ"

ခင်မြင့်ဆွေစကားကြောင့် သက်သက် ခွက်ထိုးခွက်လန် ရယ်သည်။ ခင်မြင့်ဆွေ ရှက်ကိုးရှက်ကန်းဖြင့်

"ဘာရယ်တာလဲ"

"ဂျာနယ်ကျော်မမလေးရေးတဲ့ သူမပါ မမဆွေရယ်။ အဲဒီစာအုပ်က ဖတ်သင့်တာပေါ့။ သိပ်ကောင်းတဲ့ စာအုပ်ပဲ"

ခင်မြင့်ဆွေ ရယ်၍

"လုပ်မနေနဲ့ သက်သက်။ အဲဒီတုန်းကတည်းက အပြတ်ပြောလိုက်ပြီးသား။ ကိုအံ့ခိုင် ကျွန်မကို အလုပ်ပိုအောင် ဟိုစာအုပ် ဒီစာအုပ်တွေတော့ လာဖတ်မခိုင်းနဲ့။ စာအုပ်ပေးချင်ရင်တော့ပေး။ အဆောင်ကို စက္ကူဝယ်တဲ့ ကုလားလာရင်ရောင်းစားပစ်ဖို့ လို့။ ဟုတ်တယ်လေ...၊ ရည်းစားနဲ့ ချိန်းတွေ့တာ ဟိုစာအုပ် ဖတ်ခိုင်း၊ ဒီစာအုပ် ဖတ်ခိုင်းနဲ့ သုတေသနဆွေးနွေးပွဲ လာတက်နေရတာ ကျနေတာပဲ။ နောက်တစ်ခါ ဒီထက်ဆိုးမယ်။ ရှင်ဒီလောက်စာအုပ်တွေကြိုက်ရင် ကျွန်မနဲ့ချိန်းတိုင်း စာအုပ်ဗီရိုတစ်လုံး 'မ' လာခဲ့။ ပြီးရင် အဲဒီဗီရိုကြီးကိုပဲ ဖက်နမ်းနေလို့ "

သက်သက် ရယ်သည်။

ဘာပဲပြောပြော ခင်မြင့်ဆွေကိုတော့ သက်သက် ခင်လည်းခင်၊ ချစ်လည်း ချစ်သည်။

X X X X X

"သောက်ကောင်စုတ်တွေ အဆောင်က ကျောင်းသူတွေကိုများ စော်စော်ကားကားနဲ့ လာသိက္ခာချနေတယ်။ အိမ်အောက်က လာဟောင်တဲ့ ခွေးကို လုပ်သလို ရေနွေးပူနဲ့ ပက်လွှတ်ပစ်လိုက်ချင်တယ်။

တစ်ညလည်း သက်သက်က မပြီးသေးသော ကျောင်းစာများလုပ်နေ၍ ပတ်ဝန်းကျင်ကို သတိလစ်သွားခိုက်၊ ဝုန်းခနဲထရပ်ပြီး စိတ်ဆိုးမာန်ဆိုး ပြောလိုက်သော ခင်မြင့်ဆွေ စကားကြောင့် သက်သက် ပြူးတူးပျာတာ လှည့်ကြည့်သည်။

"ဘာဖြစ်လို့လဲ မမဆွေ"

"နားထောင်ကြည့်လေ။ ဟိုမှာ အောက်ကနေ အော်နေကြတာ အသံပြဲကြီးနဲ့။ တို့ကပဲ မွဲတေနေသလို ဘာလိုလိုလုပ်ပြီး သူတို့က အကျောကြီးနဲ့"

သည်တော့ သက်သက် အပြင်ကအသံကိုအာရုံပြုသည်။ အဆောင်ရှေ့ကနေ ထုံးစံအတိုင်း သီချင်းလာဆိုနေကြသော ကျောင်းသားများ၏ အသံ။ အသံက အသံကောင်း၊ ပြီးတော့ သီချင်းကလည်း သီချင်းကောင်း။

"ဆင်းရဲခြင်း လွတ်ကင်းအောင် လမ်းပြဆောင်ပါမည် x x x ရတနာခုနစ်သွယ် x x x တကယ်ပင် စုံညီ တို့အမျိုးသားတိုင်းပြည် မွဲတဲ့လူ လှူဒါန်းနိုင်မည် x x x ကျောင်းဆောက်ကာ ဘုရားပါတည် ဘိုးဘိုးအောင်နဲ့"

သက်သက် မျက်မှောင်ကြုတ်၍

"ဟာ... အဲဒါ နဂါးနီသီချင်းပဲ မမဆွေရဲ့။ ကောင်းလိုက်တာ..."

"အို.. ဘယ်က ကောင်းရမှာလဲ။ ဆင်းရဲခြင်း လွတ်ကင်းအောင် သူက လမ်းပြဆောင်ပေးမယ်ဆိုတော့ ဘာလဲ တို့ကငတ်နေလို့လား....."

သက်သက် မထိန်းနိုင်ဘဲ တဟားဟား ရယ်သည်။ ရယ်ရင်းကနေ

"အင်း... မမဆွေ ပြောလည်း ပြောစရာပဲ။ အဆောင်မှာ ဘာကိစ္စ ဒီကောင်တွေက ဒီသီချင်းကို ဆိုရတာလဲ မပြောတတ်ဘူး။ အဲဒါ လွတ်လပ်ရေးမရခင်ခေတ်က နိုင်ငံရေးသီချင်း မမဆွေရဲ့။ အင်္ဂလိပ်လက်အောက်မှာ မြန်မာတွေ ဆင်းရဲနေတာကို သူတို့နဂါးနီအသင်းကြီးက လွတ်လပ်ချမ်းသာအောင် လုပ်ပေးမယ်လို့ စည်းရုံးပြီးဆိုတာ..."

"အေးလေ ဟုတ်ပါတယ်။ ဒါပေမယ့် အဲဒါ တို့နဲ့ဘာဆိုင်လို့လဲ။ လွတ်လပ်ရေးက ရပြီးတာပဲ ပဝေသဏီ ကြာလှပြီ။ သက်သက်ကြည့်လေ။ ဆိုနေတာလည်း နားထောင်ကြည့်ဦး"

"ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဘေးရန်ကာဆီးမည် x x x လူမွဲတွေလည်း မနေ့ခေတ်မီ သူဌေးဖြစ်တော့မည်"

"သောက်ကောင်တွေ အဆောင်က တို့ကျောင်းသူတွေက ဖျားနေတာလည်း မဟုတ်၊ မွဲနေတာလည်း မဟုတ်ဘဲနဲ့။ သူတို့လုပ်ပေးမှ သူဌေးဖြစ်ရတော့မလို ဘာလိုလို "

နေရာမှား၍ အသုံးမတည့်လျှင် အဖိုးတန်သော အရာတစ်ခု ပျက်စီးသွားနိုင်ကြောင်း တွေးမိရင်း ခင်မြင့်ဆွေကို ကြည့်၍ သက်သက်ရယ်၏။

X X X X X

တခြားသူငယ်ချင်းတွေနှင့်လည်း သက်သက် သည်လိုပဲ ပျော်လိုက်၊ စကားများလိုက်၊ ရယ်လိုက်နှင့်သာ တက္ကသိုလ်ကျောင်းသူဘဝကို ကုန်လွန်စေခဲ့သည်။

မှတ်မိသလောက် ကျောင်းသက်တစ်လျှောက်လုံးမှာ စိတ်ညစ်စရာ ကြီးကြီးကျယ်ကျယ် ပြဿနာဟူ၍ သက်သက် သိပ်မကြုံတွေ့လိုက်ရ။ ကြုံတွေ့စရာအကြောင်းကလည်း သိပ်မရှိ။

> "သက်သက်စားပွဲမှာ အင်္ဂလိပ်၊ မြန်မာစာအုပ် တော်တော်များများရှိသည်။
> သည်အရွယ်တွင် ဖတ်နေကျဝတ္ထုတွေ၊ ရုပ်ပြတွေမဟုတ်။
> ဗဟုသုတဆိုင်ရာစာအုပ်များကနေ အတွေးအခေါ်ဆိုင်ရာ
> အသိပညာဆိုင်ရာစာအုပ်များနှင့် ထင်ရှားသောဝတ္ထုခန့်များအပါအဝင်
> စာတမ်း၊ ကျမ်း၊ အလတ်စားအထိပင်ပါဝင်...
> "ဂျာနယ်ကျော်မမလေးရေးတဲ့ သူမပါ မမဆွေရယ်။
> အဲဒီစာအုပ်က ဖတ်သင့်တာပေါ့။
> သိပ်ကောင်းတဲ့ စာအုပ်ပဲ""

အိမ်နှင့်ပတ်သက်လျှင်လည်း အိမ်မှာမို့ သက်သက် ပြဿနာကင်းသည်။ မိဘတွေကလည်း ခပ်အေးအေး။ မိဘတွေ သူ့လုပ်ငန်းနှင့်သူ အဆင်ပြေလျက် မပူမပင် မကြောင့်မကြရ။ သက်သက်အစ်ကို ကိုကိုကြီးကလည်း ရန်ကုန်မှာ အိမ်ထောင်ကျလျက် သူ့ဟာနှင့်သူ အတော်လေး အဆင်ပြေနေပြီ။ သက်သက်၏ မောင်ငယ်က ခုမှ ဆယ်တန်း။ နောင်နှစ်မှ တက္ကသိုလ်တက်ရမှာ ဖြစ်သည်။

သက်သက်က စီးပွားရေးတက္ကသိုလ်ရသည်မို့ ရန်ကုန်မှာ ကျောင်းလာတက်ရသည်။ အစ်ကိုကြီးအိမ်က စမ်းချောင်းဘက်မှာရှိသော်လည်း အဆောင်မှာသာနေသည်။ အစ်ကိုကြီးကလည်း နဂိုကတည်းက လူအေး။ အခုလည်း အိမ်ထောင်ကျ၊ အရာရှိဖြစ်။ သူ့မိသားစုနှင့်သူ အသင့်အတင့် အဆင်ပြေလျက် ဘဝအေးချမ်းနေသူမို့ သက်သက် လုပ်ချင်ရာလုပ်၊ ဘာမှသိပ်မပြော။

နှစ်ပတ်တစ်ခါ၊ တစ်လတစ်ခါလောက်လာပြီး ဘာလိုသလဲမေး။ ဘာလေး ညာလေး ဝယ်လာ။ အိမ်ကပို့ပေးသော ပိုက်ဆံအပြင် အစ်ကိုကြီးကလည်း တစ်လလျှင်တစ်ရာ၊ တစ်ရာ့ငါးဆယ် မုန့်ဖိုးထပ်ပေးနှင့်မို့ သက်သက် ဖိမ်ကျနေခဲ့သည်။ ယောက်မကလည်း အဖိုးတန်ယောက်မ။ ခပ်အေးအေး ခပ်ပျော့ပျော့ဖြစ်သည်။ ယောက်မကိုယ်တိုင်က မဝတ်စားသော်လည်း အဝတ်အစားအသစ်အဆန်းလေးများ ပေါ်ပြီဆို သက်သက်ဆီ တစ်ထည်တစ်စစီတော့ ရောက်လာစမြဲ။ အရေးပေါ် ငွေကြေးအသုံးလိုလျှင် ဖုန်းဖြင့် လှမ်းမှာလိုက်ရုံသာ။

တက္ကသိုလ်မှာ သက်သက် ဘာမှလိုလေသေးမရှိ။ ကျောင်းတက်လိုက်၊ ပျင်းလျှင် အဆောင်ပြန်အိပ်လိုက်။ စိတ်ကူးရလျှင်ရသလို မြို့ထဲ ရုပ်ရှင်ကြည့်။ စားချင်တာတွေ လျှောက်စား။ ပတ်ချင်သည့် ဈေးပတ်။ ဝယ်ချင်တာဝယ်။ ဘယ်သွားသွား ဘာလုပ်လုပ် လိုက်ရှုပ်၊ လိုက်ချုပ်ချယ်မည့် ကိုကို၊ မောင်မောင်၊ အချစ်တွေ အချက်တွေလည်း မရှိ။

သက်သက်တို့ လွတ်လွတ်လပ်လပ်ဘဝလေးကို သိပ်ကျေနပ်သည်။

ထို့ကြောင့် ယောကျ်ားလေး သူငယ်ချင်းများ ရှိသော်လည်း သူငယ်ချင်းလိုနေသော သူငယ်ချင်းများကိုသာ သက်သက်ခင်သည်။ သူငယ်ချင်းဘဝက အူကြောင်အူကြောင်လုပ်လာလျှင် ချက်ချင်းသွား။ သက်သက် စကားကိုမပြောတော့။

ကျောင်းမှာ တွဲသော အုပ်စုထဲမှ ရွှေမိကဆို သက်သက်ကို သိပ်သဘောကျသည်။ မကြာခဏ အောက်ပါအတိုင်း ပြောလေ့ရှိ၏။

"အေးဟယ်... နင့်ကို ကြည့်ရတာ သိပ်စိတ်ချမ်းသာတာပဲ မိသက်ရယ်။ ဒီလိုနေရတာ ဒီလောက်ပျော်စရာကောင်းလျက်သားနဲ့ မနေနိုင် မထိုင်နိုင် သွား ... သွား ... ရည်းစားထားတဲ့ အဲဒီကောင်မတွေကို ကြိမ်တစ်လုံးနဲ့ ငါ လိုက်ရိုက်ချင်လိုက်တာ"ဟု။

X X X X X

(ဆက်လက်ဖော်ပြပါမည်)

(ဆရာနွမ်ဂျာသိုင်း၏ "ဒေါင်းယာဉ်ပျံ ဘုံနန်းဘေးမှာ စာရေးလို့ထားချင်တယ် " စာအုပ်အား စာရေးသူ၏မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ **စာတည်း**

# ဂန့်ဂေါမြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မော်တော်ယာဉ်တစ်စီးအား မီးရှို့ကာ ယာဉ်ပေါ်တွင် လိုက်ပါလာသူများကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် အမျိုးသား သုံးဦးနှင့် အမျိုးသမီး နှစ်ဦးသေဆုံးကာ အမျိုးသမီး တစ်ဦးဒဏ်ရာရ

**နေပြည်တော် ဇွန် ၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မော်တော်ယာဉ်တစ်စီးအား မီးရှို့ကာ ယာဉ်ပေါ်တွင် လိုက်ပါလာသူများကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် အမျိုးသား သုံးဦးနှင့် အမျိုးသမီး နှစ်ဦး သေဆုံးကာ အမျိုးသမီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၃၁ ရက် ညနေပိုင်းတွင် ဂန့်ဂေါမြို့နယ် မြောက်ခင်ရန်း ကျေးရွာ ရပ်/ကျေးစာရေး ကိုကျော်မျိုးနိုင်၊ ဟံသာဝတီကျေးရွာ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးသာလူ၊ မြောက်ခင်ရန်းကျေးရွာ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးစိန်ဦး၊ မခင်မျိုးတင့်၊ မြောက်ခင်ရန်း တိုက်နယ်ဆေးရုံ သန့်ရှင်းရေးဝန်ထမ်း မသီတာဝင်းနှင့် သူနာပြုဆရာမ မသဲမာထွေးတို့



ခြောက်ဦးသည် ဂန့်ဂေါမြို့၌ လစာများထုတ်ယူပြီး ADVAN မော်တော်ယာဉ်ဖြင့် မြောက်ခင်ရန်းကျေးရွာသို့ ပြန်လည်ထွက်ခွာလာခဲ့ကြောင်း၊ ည ၆ နာရီ ၁၅ မိနစ်တွင် ဂန့်ဂေါမြို့နယ် ဂန့်ဂေါ-ကလေးကားလမ်း မိုင်တိုင်အမှတ်(၃၂)အနီး ရဲလှကျေးရွာနှင့် မွေ့လယ်ကျေးရွာကြားအရောက်တွင် တူမီးသေနတ်ကိုင်ဆောင်ထားသည့် အကြမ်းဖက်သောင်းကျန်းသူအင်အား ၈၀ ခန့်က သစ်ကိုင်းများဖြင့် လမ်းအား ပိတ်ဆို့တားဆီးပြီး ယာဉ်ပေါ်ပါလာသူ ခြောက်ဦးကို ယာဉ်ပေါ်မှ ဆင်းခိုင်း၍ တူမီးသေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်သတ်ဖြတ်ကာ လစာငွေများ သိမ်းယူပြီး လူများနှင့် မော်တော်ယာဉ်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်သတ်ဖြတ်မီးရှို့မှုကြောင့် ကိုကျော်မျိုးနိုင်၊ ဦးသာလူ၊ ဦးစိန်ဦး၊ မခင်မျိုးတင့်နှင့် မသီတာဝင်းတို့သည် မီးလောင်ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး မသဲမာထွေးမှာ သေနတ်ထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါအကြမ်းဖက်သူများ၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် မသဲမာထွေးကို ယနေ့ နံနက်ပိုင်းတွင် ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ မော်တော်ယာဉ်အား မီးရှို့၍ ယာဉ်ပေါ်တွင် လိုက်ပါလာသူများကို သေနတ်ဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား




# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့၌ လူသတ်မှု၊ အဆောက်အအုံ မီးရှို့ဖျက်ဆီးမှုနှင့် ပစ္စည်းခိုးယူမှုတို့ကို ကျူးလွန်ခဲ့သူများအား ပြစ်ဒဏ် အသီးသီးချမှတ်

**နေပြည်တော် ဇွန် ၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမှတ်(၈)ရပ်ကွက် အောင်ရတနာလမ်းနေ ဦးသန်းဦး(ခ) ဦးမြင့်ငွေးနှင့် ဦးမြသန်း(ခ)စွန်ရဲတို့ကို မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဇော်ဇော်အောင်(ခ)အရိုး(ဘ)ဦးကြည်လွင် အပါအဝင် ဆူပူအကြမ်းဖက်သူ ၂၁ ဦးတို့က ဝိုင်းဝန်းခြိမ်းခြောက်ဖမ်းဆီး၍ ဦးသန်းဦး (ခ) ဦးမြင့်ငွေးကို တံတားဖြူထိပ်ရှိ ဓာတ်တိုင်တွင် လည်းကောင်း၊ ဦးမြသန်း(ခ) စွန်ရဲအား တံတားဖြူထိပ် ကုက္ကိုပင်တွင် လည်းကောင်း ကြိုးဖြင့်တုပ်နှောင်ထားပြီး ဝိုင်းဝန်းရိုက်နှက်၍ ဓာတ်ဆီဖျန်း မီးရှို့သတ်ခဲ့ကြခြင်းဖြင့် လူသတ်မှုကို ကျူးလွန် အားပေးကူညီမှုပြုခဲ့ကြသည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ – ၃၀၂(၂)/၁၁၄ အရ ၎င်းတို့ကို မေ ၃၁ ရက်တွင် "အလုပ်နှင့်ထောင်ဒဏ်(၂၀)နှစ်" အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။



(ဝဲမှယာ) တရားခံ ဇော်ဇော်အောင်(ခ)အရိုး၊ ဇေယျာလင်း(ခ)ညီညီဝင်း(ခ) နားတို၊ သိန်းငွေ၊ ခိုင်စိုးဝင်း(ခ)ခိုင်ကြီး၊ စည်သူဝင်း၊ ကျော်မြင့်(ခ)အာစမစ်၊ ဝင်းလှိုင်ဝင်း(ခ)အရိုးနှင့် ဝင်းသီတာမြင့်(ခ)ဝင်းသီတာ။



(ဝဲမှယာ) တရားခံ အာကာကျော်(ခ)အာကာ၊ ဟိန်းလင်းကျော်(ခ)သားငယ်၊ သူရမြင့်ဆွေ(ခ)သားသူ၊ ထွန်းနိုင်လင်းနှင့် ကျော်စွာလင်း(ခ)ကျော်စွာ။



တရားခံ
ဝင်းနိုင်(ခ)
အောင်ဗလ

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများ အနက် ကြံကြီး(ခ)ကျော်မိုးထက်၊ ဇော်မိုးထက်၊ အရှည်ကြီး(ခ)ဝတုတ်၊ ဖိုးသကြန်၊ ဟန်ဦး၊ နွယ်ထွန်း၊ မင်းမင်း(ခ)ကိုမင်း၊ ထွန်းထွန်းအောင်(ခ)ဂျပန်ကြီး(ခ)ဘိုထွန်း(ခ)ဝင်းနိုင်၊ တင်ထိုက်(ခ)မောင်ထိုက်၊ လင်းလင်း(ခ)ဘယ်လေး၊ သီဟ၊ ငွေငွေဦးနှင့် အေးမော်တို့သည် ထွက်ပြေး လွတ်မြောက်နေသဖြင့် ၎င်းတို့နှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၈၇/ ၈၈ အရ ဖမ်းဝရမ်း ထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဝါးတစ်ရာစက်မှုဇုန် အမှတ်(၁၄၈/၁၅၃) ဝန်ဆောင်မှုလမ်းရှိ GTIG Easter အထည်ချုပ်စက်ရုံနှင့် အမှတ် (၄၉/၁၄၇)၊ ဝန်ဆောင်မှုလမ်းရှိ GTIG Hubo အထည်ချုပ်စက်ရုံတို့ကို မတ် ၁၄ ရက်တွင် အာကာကျော်(ခ) အာကာ(ဘ)ဦးကျော်ခိုင် အပါအဝင် ဆူပူအကြမ်းဖက်သူ ရှစ်ဦးတို့က မီးရှို့ဖျက်ဆီးခဲ့မှုနှင့် ရွှေပြည်သာမြို့နယ် ရောဝတီပတ်လမ်းရှိ အမှတ်(၆)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအား မတ် ၁၀ ရက်တွင် မီးရှို့ဖျက်ဆီးမှု ပြုခဲ့ခြင်းတို့အတွက် ၎င်းတို့ကို စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ – ၄၃၆/၃၄ နှင့် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေပုဒ်မ-၆(၁)တို့အရ ၎င်းအား မေ ၃၁ ရက်တွင် "အလုပ်နှင့်ထောင်ဒဏ် (၂၀) နှစ်" အမိန့်ချမှတ်ခဲ့သည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများ အနက် အောင်ကိုထက်(ခ)မိန္တဲ့၊ သီရိမြင့်ဆွေနှင့် သီဟနိုင်တို့သည် ထွက်ပြေး လွတ်မြောက်နေသဖြင့် ၎င်းတို့နှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၈၇/ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့သည်။

အလားတူ မတ် ၁၄ ရက်တွင် ဝင်းနိုင်(ခ)အောင်ဗလ(ဘ)ဦးမောင်ထူး အပါအဝင် ဆူပူအကြမ်းဖက်သူ ခုနစ်ဦးတို့သည် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၈)ရပ်ကွက် ဒေါ်ဖွားရှင်လမ်းရှိ SOLAMODA (Myanmar Sun View) အထည်ချုပ်စက်ရုံအတွင်းသို့ ဝင်၍ ဓာတ်ဆီပုလင်း/ဓာတ်ဆီပုံးများ ဖျန်းပက်ကာ စက်ရုံအား မီးရှို့ဖျက်ဆီးပြီးနောက် အဆိုပါ စက်ရုံအတွင်းမှ နိုင်ငံခြားငွေ စက္ကူရောရာများထည့်ထားသည့် နှစ်ပေ ပတ်လည်ခန့်ရှိ မီးခံသေတ္တာ တစ်လုံးအား ခိုးယူခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ-၄၃၆ နှင့် ရာဇသတ်ကြီးပုဒ်မ-၃၈၀ တို့အရ ၎င်းအား မေ ၃၁ ရက်တွင် "အလုပ်နှင့် ထောင်ဒဏ် (၂၀) နှစ်" အမိန့်ချမှတ်ခဲ့သည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများ အနက် မြတ်စိုးသူ၊ မြင့်ဦး၊ မောင်ထွေး၊ ကုလား၊ ကြယ်စီနှင့် ချစ်ကိုတို့သည် ထွက်ပြေးလွတ်မြောက်နေသဖြင့် ၎င်းတို့နှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၈၇/ ၈၈ အရ ဖမ်းဝရမ်း ထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အနုပညာ

## တာဇံမင်းသား ဂျိုးလာရာ ကွယ်လွန်

တစ်ချိန်က တောတွင်းသား တာဇံနေရာမှာ ပါဝင်သရုပ်ဆောင်ခဲ့သူ မင်းသားကြီး ဂျိုးလာရာဟာ လေယာဉ်ပျက်ကျမှုကြောင့် လတ်တလောမှာ ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

သရုပ်ဆောင်တစ်ဦးဖြစ်ပြီး Tarzan: The Epic Adventures ရုပ်သံဇာတ်လမ်းတွဲနဲ့ ကျော်ကြားခဲ့တဲ့ ဂျိုးလာရာလိုက်ပါလာတဲ့ လေယာဉ်ဟာ တန်နက်ဆီပြည်နယ် စမာရာမြို့အနီးမှာ ပျက်ကျခဲ့ပြီး သူနဲ့အတူ ဇနီးဖြစ်သူ ဂွမ်လာရာလည်း သေဆုံးသွားခဲ့ကြောင်း သိရပါတယ်။



## iTunes တေးဂီတဇယားတွေကို ဦးဆောင်နေတဲ့ ဂျွိုင်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Red Velvet ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျွိုင်းဟာ လတ်တလောမှာ ထုတ်လွှင့်ခဲ့တဲ့ သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်နဲ့ ကမ္ဘာတစ်ဝန်းက iTunes တေးဂီတဇယားတွေမှာ နံပါတ်တစ် နေရာရယူထားနိုင်ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျွိုင်းရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်ဟာ Hello လို့အမည်ရပြီး ၁၉၉၀ ပြည့်နှစ်နဲ့ ၂၀၀၀ ပြည့်နှစ်တွေအတွင်း ကျော်ကြားခဲ့ကြတဲ့ တေးသီချင်းတွေကို ပြန်လည်စုစည်းကာ ဆန်းသစ်သီဆိုထားတာဖြစ်ပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်ဟာ လတ်တလောမှာ iTunes ရဲ့ ထိပ်တန်းတေးအယ်လ်ဘမ်စာရင်းမှာ ကမ္ဘာတစ်ဝန်းက နိုင်ငံနဲ့ ဒေသပေါင်း ၂၆ ခုမှာ နံပါတ်တစ်နေရာ ရနေတာကို တွေ့ရပါတယ်။

## ဆန်းရယ်ဂျင်နဲ့ တွဲဖက်ကာ ဇာတ်လမ်းတွဲရုပ်ရှင်သစ်မှာ ပါဝင်သရုပ်ဆောင်မယ့် ယွန်ဝူးဂျင်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ဆန်းရယ်ဂျင်ဟာ အချစ်ဇာတ်လမ်းမျိုးတွေနဲ့ အတော်လေးအောင်မြင်တဲ့ မင်းသမီးတစ်ဦး ဖြစ်ပါတယ်။ သူဟာ မကြာမီမှာ အချစ်ဇာတ်လမ်းတွဲတစ်ခုနဲ့ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရာ ရှိနေပြီး ဆန်းရယ်ဂျင်နဲ့ တွဲဖက်ကာ မင်းသားယွန်ဝူးဂျင် ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဇွန် ၁ ရက်မှာ ထွက်ပေါ်လာခဲ့တဲ့ သတင်းတွေအရ JTBC ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲရုပ်ရှင်မှာ ဆန်းရယ်ဂျင်နဲ့အပြိုင် အဓိကအမျိုးသားဇာတ်ဆောင်အဖြစ် ယွန်ဝူးဂျန် ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း သိရပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲကို Thirty-Nine လို့ ယာယီအမည်ပေးထားပြီး အသက်လေးဆယ်အရွယ်အပိုင်းအခြားရှိတဲ့ အမျိုးသမီးတစ်ဦးအဖြစ် ဆန်းရယ်ဂျင်က ပါဝင်သွားမှာဖြစ်ပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲမှာ အသက် ၄၀ ဝန်းကျင် သူငယ်ချင်းသုံးဦးအကြောင်းကို ပုံဖော်ထားတာလည်း ဖြစ်ပါတယ်။ ဆန်းရယ်ဂျင်ဟာ ချမ်းသာတဲ့ မိသားစုမှ ဖြစ်ပြီး အရေပြားအထူးကုဆရာဝန်တစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာ အသက် ၄၀ ပြည့်ခါနီးမှာ ချစ်သူနဲ့ အဆင်မပြေဖြစ်ကာ လက်ထပ်မယ့်အစီအစဉ်တွေကိုလည်း ပြောင်းလဲခဲ့တာ ဖြစ်ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲမှာ ယွန်ဝူးဂျင် ပါဝင်သွားမယ့် ဇာတ်ကောင်စရိုက်နဲ့ပတ်သက်ပြီး အသေးစိတ် ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသေးဘူးလို့လည်း သိရပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲမှာ အခြားသော ဇာတ်ဆောင်တွေအဖြစ် ဂျွန်မီဒိုနဲ့ အာဆိုဟီးတို့လည်း ပါဝင်ထားကြကြောင်း သိရပါတယ်။

**အေးပြည့်- စုစည်းသည်**

---

### လေလံတင်ရောင်းချရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မောင်ကျန်သီးလမ်း၊ အမှတ် (၈၂/၈၄)ရှိ Mr. Yang Yong Mo(ကိုရီးယားလူမျိုး) ပိုင်ဆိုင်သော Kim So Young Co.,Ltd စက်ရုံရှိ အလုပ်သမားများ၏ လုပ်ခလစာ၊ လုပ်သက်နစ်နာကြေး၊ လုပ်သက်ခွင့်လက်ကျန်၊ နို့တစ်ကြေးများအား ပေးချေခြင်းမရှိဘဲ ပြည်ပသို့ထွက်ပြေးသွားပါသဖြင့် Mr.Yang Yong Mo ပိုင် အောက်ပါပစ္စည်းများကို လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ပစ္စည်းစာရင်း**

| စဉ် | ပစ္စည်းအမျိုးအစား | အမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (က) | စက်ပစ္စည်းမျိုးစုံ | ၃၄ မျိုး | ၂၃၇ |
| (ခ) | လျှပ်စစ်နှင့်ဆက်စပ်ပစ္စည်းများ | ၄ မျိုး | ၆၃၉ Set |
| (ဂ) | ချုပ်ပြီးအထည် | ၂ မျိုး | ၃၀၀၀ |
| (ဃ) | Table & Seat | ၃ မျိုး | ၃၈ Set |
| (င) | အခြားအသုံးအဆောင်ပစ္စည်းများ | ၄၀ မျိုး | ၆၁၁ |

**မှတ်ချက်။** ။အမှတ်(၈၂/၈၄)၊ မောင်ကျန်သီးလမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်တွင် ပစ္စည်းများတည်ရှိပါသည်။

လေလံတင်ရောင်းချမည့်ရက်မှာ ၉-၆-၂၀၂၂ ရက်ဖြစ်ပြီး လေလံမတင်မီ ၂-၆-၂၀၂၂ ရက်မှ ၇-၆-၂၀၂၂ ရက်ထိ ပစ္စည်းများအား ရုံးချိန်အတွင်း ကြည့်ရှုနိုင်ပါသည်။

အသေးစိတ်အချက်အလက်များကို ကြော်ငြာပါသည့်ရက်မှစတင်၍ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန (တိုင်းဒေသကြီးရုံး) လှိုင်သာယာမြို့နယ်၊ ရုံးရှေ့မှတ်တိုင်အနီး၊ ဖုန်း ၀၁-၃၆၄၅၄၇၂ နှင့် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ လှိုင်သာယာ(မြို့နယ်ရုံး) ဖုန်း-၀၉-၇၈၆၈၄၈၈၅၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

**အလုပ်ပိုင်ရှင်ပစ္စည်းများအား လေလံတင်ရောင်းချရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ဦးကြီးခမ်းရပ်ကွက်၊ မြေတိုင်းအခေါ် အကွက်အမှတ်-၃၊ အကွက်အမည်-ဦးကြီးခမ်းတောင်၊ ဦးပိုင်အမှတ်-F-၁၉၊ ဧရိယာ(၀.၁၀၄)ဧက၊ မြေအမျိုးအစား-နှစ်(၃၀)ဂရန်မြေအား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဂရန်အမှုတွဲအမှတ်-၁၄၂/ ၂၀၀၃-၂၀၀၄ အရ မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နန်းစံခမ်း[၁၃/တကန(နိုင်)၀၁၀၃၀၂]မှ မိမိတစ်ဦးတည်းအမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုး သက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဟိန်းစိုး** — **အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၃)**

**ဦးသန်းဦး** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### ဝန်ထမ်းအလိုရှိသည်။

အိမ်အကူ မ(၁)ဦး
ကလေးထိန်း (၁)ဦး
နေစားငြိမ်း ၁၆၀၀၀၀ကျပ်
အသက်(၄၀)ဝန်းကျင်
နယ်မှလာသူဦးစားပေးမည်
09 974396398
09 421134766

### အမည်ပြောင်း

ဦးသန်းစိုး-ဒေါ်သည်းနှစ်တို့၏သား မောင်ဘုန်းမြင့်စိုးအား ယနေ့မှစ၍ မောင်ဘုန်းမြင့်မြတ်စိုးဟု ပြောင်းလဲခေါ်ပါရန်။

### ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၅-၂၀၂၂ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၂၆)၊ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း ကြော်ငြာတွင် မြေအမည်ပေါက် **ဦးဇော်မျိုးဝင်း**အစား **ဦးမျိုးဇော်ဝင်း**ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

**ဦးမျိုးသန့်**
**တရားလွှတ်တော်ရှေ့နေ**

### သားအဖြစ်မှ စွန့်လွှတ်ခြင်း

နွားထိုးကြီးမြို့နယ်၊ ကန်ရွာနေ ဦးဇော်ထွန်း၏ သားဖြစ်သူ မောင်စည်သူအောင် [၉/နထက(နိုင်)၁၇၈၄၆၀]သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော လူမှုရေး၊ ငွေရေးကြေးရေး အရှုပ်အရှင်းများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ထွန်း**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၅၃၄/က) ဟုခေါ်တွင်သော အကျယ်အဝန်း ဧရိယာ ပေ(၂၀x၆၀)အကျယ်ရှိ ဦးရာဂျီဂိုး(လ်)လား အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးရာဂျီဂိုး(လ်)လား (ခ) ဦးရာဂျီဂိုး(လ်)ပါး (SAMA-101104)က ရောင်းချရာ မလင်းလင်းထွေး[၁၂/ရပသ(နိုင်)၀၆၆၂၃၄]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စောနှင်းအေး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၁၂) (၂၇-၆-၂၀၀၉)**
**အမှတ်(၂၄/ခ)၊ ဗိုလ်မင်းရောင်လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၇၇၉၆၉၂၇၀၄၊ ၀၉-၄၄၃၀၉၁၈၄၈**

### ဒေါ်ယဉ်ယဉ်နိုင်[၁၂/အလန(နိုင်)၀၂၂၂၆၆]နှင့် အများသိသာပါရန်

ဒေါ်ယဉ်ယဉ်နိုင်သည် အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ တိုက်အမှတ်-၈၀၊ အခန်းအမှတ်-ပထမထပ်(B) နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အသိသက်သေများရှေ့တွင် ဒေါ်သင်းသင်းမြင့်အား ကာလပေါက်ဈေးဖြင့် ရောင်းချခဲ့ရာ ဒေါ်သင်းသင်းမြင့်က လက်ရောက်ယူ လက်ရှိထားခဲ့ပါသည်။ ၎င်းနောက် ဒေါ်ယဉ်ယဉ်နိုင်မှပင် ၎င်း၏တပည့်များအား ဆက်လက်ငှားရမ်းပေးရန်တိုက်တွန်း၍ ငှားရမ်းခဲ့ပြီးနောက် ဒေါ်ယဉ်ယဉ်နိုင်မှာ အမှုအခင်းများ ဖြစ်ပွားနေကြောင်း ကြားသိရပါသည်။ ဒေါ်ယဉ်ယဉ်နိုင်အနေဖြင့် ရောင်းချထားသောတိုက်ခန်းနှင့်စပ်လျဉ်း၍ (၁၅)ရက်အတွင်း ဖြေရှင်းပေးပါရန်နှင့် ဖြေရှင်းရန်ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ ဒေါ်သင်းသင်းမြင့်အနေဖြင့် ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်သင်းသင်းမြင့်**
**[၁၂/ဆကခ(နိုင်)၀၀၉၈၄၂]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မင်းထွဋ်**
**အထက်တန်းရှေ့နေ**
**(စဉ်-၅၀၅၇၈/ ၂၈-၁၂-၂၀၁၈)**
**အမှတ်(၁၂၄)၊ ၁၈-လမ်း၊ လသာမြို့နယ်။**










**အိုဇုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၂၇)ကြိမ်မြောက် ကျပ်၁၀၀၀၀တန်ထီပေါက်စဉ် ၂၀၂၂ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့ [illegible]

## အထူးဆုကြီး ကျပ်သိန်း (၅၀၀၀)ဆု

ဆ – ၇၁၃၄၄၁၈

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀)ဆု

ထ – ၃၃၉၇၉၅

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

ဍ – ၂၉၂၇၄၂ ခ – ၅၄၈၉၀၇
ထ – ၃၁၃၈၁၅ ဈ – ၆၆၉၁၁၇
ထ – ၃၄၄၃၀၇ င – ၇၉၆၄၆၈
ဋ – ၅၁၈၇၄၄ ဒ – ၉၂၅၀၂

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

ဓ – ၂၂၄၉၂၈ ဂ – ၄၈၅၂၄၀
တ – ၂၄၈၅၃၇ ဃ – ၆၈၄၂၁၄
ခ – ၄၀၁၈၅၆ တ – ၈၄၂၇၀၄
ဓ – ၄၅၁၂၁၈ န – ၈၆၇၁၂၂

[illegible] ကျပ် သိန်း(၂၀၀)ဆု ၁ ဆု
ဗ – ၉၈၇၁၂၇၁

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

ပ – ၁၂၅၁၀၀ ဓ – ၁၇၆၀၀၈
န – ၁၈၆၈၈၈ ဈ – ၅၀၅၃၀၆
စ – ၂၀၂၆၃၃ ဍ – ၇၁၃၈၄၆
ဃ – ၃၀၃၉၄၅ ည – ၈၃၀၅၀၀
ပ – ၃၂၈၆၂ င – ၉၆၅၀၂၉

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ဍ – ၂၆၇၀၆၄ ထ – ၆၆၄၃၀၈
ဂ – ၃၂၁၂၆၆ စ – ၈၀၂၁၃၄
ဠ – ၀၃၅၅၇၅ ခ – ၈၀၇၁၃၈
ဍ – ၅၅၈၀၁၃ ဋ – ၈၅၁၈၀၃
ဝ – ၆၀၀၅၂၇ စ – ၉၈၄၃၀၈

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

ခ – ၁၁၀၄၄၀၃ ထ – ၄၆၅၅၅၀ တ – ၇၅၅၈၀၅
ဍ – ၇၅၁၅၅၅ ည – ၅၇၁၅၅၄ ဈ – ၈၂၅၈၀၀
ဆ – ၁၀၈၅၅၂ ဂ – ၅၅၅၈၁၂ စ – ၉၉၈၆၄၇
ဂ – ၄၂၁၅၉၄ ထ – ၅၆၄၃၂၄

[illegible] ကျပ် သိန်း(၂၀)ဆု ၁ ဆု
စ – ၁၂၈၅၁၂

### ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀)ဆုများ

ဂ – ၁၀၀၁၅၆ စ – ၃၂၀၂၅၉ ဆ – ၇၅၅၅၀၈
င – ၁၁၄၃၁၅ ခ – ၄၀၂၅၀၁ င – ၈၁၅၁၁၂
ဒ – ၁၅၂၅၅၇ တ – ၅၈၆၂၄၆ စ – ၈၅၇၆၆၂
ဈ – ၁၅၇၂၅၅ ထ – ၇၁၅၅၅၅ ဂ – ၉၅၁၅၅၅
တ – ၂၁၉၁၅၃

[illegible] ကျပ် (၁၀)သိန်း ၁ ဆု
ထ – ၅၇၂၁၃၈

### [illegible] ကျပ်(၃)သိန်းဆုများ

ဂ – ၂၃၀၇၂
ထ – ၅၉၇၃၇
ဃ – ၈၈၇၃၇
[illegible] ကျပ်(၃)သိန်း

### [illegible] ကျပ်(၂)သိန်းဆု

စ – ၅၅၅၃

[illegible] ကျပ်(၂)သိန်း

### [illegible] ကျပ်(၁)သိန်းဆုများ

တ – ၁၁၄
ထ – ၁၇၃

[illegible] ကျပ်(၁)သိန်း

### [illegible] ကျပ်(၅)သောင်းဆု

[illegible] ၁ ဆု
ဂ – ၉၂
[illegible]

## ဘဏ္ဍာသိမ်းရမည့်ကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သောဆုမဲများ

### အထူးဆုကြီး ကျပ်သိန်း(၁၀၀၀)ဆု

[illegible]
စ – ၉၂၃၃၇၇

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆု

[illegible]
ခ – ၁၈၂၅၇၅

### [illegible] ကျပ်(၃)သိန်းဆုများ

ဋ – ၃၂၃၃၀ [illegible]
ဋ – ၈၄၄၁၀၇ ကျပ်(၃)သိန်း

### [illegible] ကျပ်(၂)သိန်းဆုများ

[illegible] ဍ – ၅၃၇၀
[illegible] ဒ – ၆၁၀၅၆

### [illegible] ကျပ်(၁)သိန်းဆုများ

ဓ – ၀၂၅ ဂ – ၀၇၇ [illegible]

### ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀)ဆုများ

ပ – ၁၁၃၅၀၃ န – ၅၅၈၈၅၀၆ ဆ – ၆၅၈၈၀၆၇ ထ – ၇၁၃၄၈၇၄

[illegible] ကျပ် သိန်း(၁၀)ဆု ၁ ဆု
ဍ – ၈၅၅၀၈၀

[illegible]

ဆောင်ဘာလေ သိန်းဆုထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

## ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဇိနယျာဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြရန်နှိုးဆော်ခြင်း

















## ဝမ်းနည်းကြေကွဲခြင်း
## ဦးဇော်မင်းသိမ်း
**စာတည်းမှူးချုပ်(ငြိမ်း)၊ ကြေးမုံသတင်းစာတိုက်**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ ပေါ်ဆန်းမွှေး(၁)လမ်း၊ တိုက်(၁၀/၆)နေ ဒေါ်မူမူသန်း၏ခင်ပွန်း ဦးဇော်မင်းသိမ်းသည် ၁-၆-၂၀၂၂(အင်္ဂါနေ့) နံနက် ၄:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးမျိုးသန့်ဆွေ (စာရေးဆရာ မင်းမြတ်ဆောင်)
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ အောင်ရတနာ(၁၃)လမ်း၊ အမှတ်(၃၇၂)နေ [စာရေးဆရာကြီး ဦးမင်းဆွေ(ခါး)-ဒေါ်သောင်းတင်]တို့၏ သား၊ (ဦးကုလားကြီး-ဒေါ်ဝင်းကြည်)တို့၏ သားသမက်၊ ဦးသန်းနိုင်(ခ) စာရေးဆရာ အောင်မော်၏ ညီ၊ မခင်ဆွေသက်၊ ကိုရဲမင်းဟန်-မအေးမြတ်သူတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ ဒေါ်မြင့်မြင့်သန်း(သ/မ အသင်း)၏ ချစ်လှစွာသောခင်ပွန်း၊ မြေးတစ်ယောက်၏အဘိုးသည် ၃၁-၅-၂၀၂၂ (တနင်္လာနေ့) ညနေ ၆:၃၀ နာရီတွင် ၉၆-ပါး သောရောဂါဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါ၍ ၂-၆-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်း အမျှပေးဝေမည်ဖြစ်ပါ၍ ၆-၆-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ အောင်ရတနာ (၁၃)လမ်း၊ အမှတ် (၃၇၂) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
## ဒေါ်ကျင်ဝေ
**မန်နေဂျာ၊ ဘဏ္ဍာရေးဌာန၊ ဟိုတယ်/ခရီး(ငြိမ်း)**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွှန့်(၅)လမ်း၊ အမှတ်(၃၅)နေ(ဦးဘွန်ကျန်-ဒေါ်စိန်ညို)တို့၏သမီး၊ (ဦးမြဘူး)၏ချစ်လှစွာသောဇနီး၊ Capt. မြတ်သူအောင်-ဒေါ်မြင့်မြင့်ဦး၊ Capt. မိုးသူအောင်-ဒေါ်ခင်မာလာညွန့်တို့၏ ချစ်လှစွာသောမိခင်၊ မောင်မင်းခန့်သူ၊ မောင်ချစ်ခန့်သူ၊ မောင်သန့်ရဲရင်ဟိန်း၊ မအိရှင်းသန့်တို့၏အဘွား ဒေါ်ကျင်ဝေသည် ၁-၆-၂၀၂၂ (အင်္ဂါနေ့) နံနက် ၉:၄၀ နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူမိခင်ကြီး အားရည်စူး၍ ဘုရားအမှူးပြုသော သံဃာတော်အရှင်မြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆပ်ကပ်လှူဒါန်းအမျှအတန်း ပေးဝေမည်ဖြစ်ပါသောကြောင့် ၇-၆-၂၀၂၂ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစိန်ဝင်း(ခ)ဦးကဲနက်
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၄)ရပ်ကွက်၊ အမှတ်(၁၆၅)၊ ကျောက်စိမ်း(၃)လမ်းနေ [ဦးဂျီအေဘရောက်(ခ်)-ဒေါ်အဲလိဇဘက်]တို့၏သား၊ (ဦးထွန်းရှိန်)-ဒေါ်လော်နာ၊ ဦးခရစ္စတီး-နော်ဒေးလီ၊ (ဦးဂျယ်ရီ)၊ (ဦးဘလှိုင်)-ဒေါ်ကယ်ရယ်လှိုင်၊ ဦးဝေဌေး-ဒေါ်စန်းစန်းမြင့်၊ (ဦးသိန်းဝင်း)-ဒေါ်ဘက်နဒင်း၊ ဦးကျော်လင်း-ဒေါ်ဖလောရင့်၊ ဦးယုံစိန်-ဒေါ်တဲမာ၊ ဒေါ်ပေရယ်တို့၏မောင်၊ ဦးအဲနက်(စ်)-ဒေါ်သစ်သစ်မွန်တို့၏ အစ်ကို၊ ကိုသက်ငွေအေး-မအက်စတာ၊ ကိုကယ်နီ(ခ)ဘူးဘူး၊ မမေဘဲ(လ်)၊ မောင်စတီဗင်တို့၏ ဖခင်၊ Dianne(ခ)မြတ်စု၏အဘိုး၊ တူ၊ တူမ ၃၃ယောက်တို့၏ဦးလေး၊ ဒေါ်သီတာ၏ ချစ်လှစွာသော ခင်ပွန်း ဦးစိန်ဝင်း(ခ)ဦးကဲနက်သည် ၂၄-၅-၂၀၂၂(တနင်္လာနေ့) နံနက် ၉:၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလပ်ကို ၂၆-၅-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်ပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်း၍ ဂူသွင်းသင်္ဂြိုဟ်ပြီး အောက်မေ့ဘွယ်ဝတ်ပြုကိုးကွယ်ခြင်းကို ၃၁-၅-၂၀၂၂(တနင်္လာနေ့)တွင် အထက်ပါနေအိမ်၌ ပြုလုပ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများ အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အများသိစေရန်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ၄၃-လမ်း၊ အမှတ်(၄၂)၊ ၆-လွှာနေ ဦးတင်မိုးထွန်း[၉/ပဘန(နိုင်)၂၁၉၅၁၈]သည် ရန်ကုန်မြို့စာချုပ် စာတမ်းများမှတ်ပုံတင်ရုံး၊ လုပ်ငန်းအမည်အမှတ်အသား မှတ်ပုံတင်အမှတ်(၄/၈၁၈၄/၂၀၂၀)ဖြင့် မှတ်ပုံတင်သွင်းထားခဲ့ပြီးဖြစ်ပါသည်။

## ရွှေဂဲလေး PARROT
## စားသောက်ဖွယ်အမျိုးမျိုး

ယခုအခါ ၎င်းကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် စားသောက်ဖွယ်ရာအမျိုးမျိုးနှင့် အရောင်းဆိုင်များကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖွင့်လှစ်ရောင်းချလျက်ရှိပါသည်။

အဆိုပါ လုပ်ငန်းအမည်အမှတ်အသားအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အသုံးပြုပါက မိမိ၏ လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်တို့အတွက် တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုဆိုင်ရာဥပဒေအရလည်းကောင်း၊ တရားမဥပဒေအရလည်းကောင်း တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တားမြစ်သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP:09-5017044**

## ဦးဇော်မင်းသိမ်း
**စာတည်းမှူးချုပ်(ငြိမ်း)၊ ကြေးမုံသတင်းစာတိုက်**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏပေါ်ဆန်းမွှေး(၁)လမ်း၊ တိုက်(၁၀/၆)နေ (ဦးသိန်းဟန်-ဒေါ်ခင်တည်)တို့၏ သားကြီး၊ (ဦးလှကို)-ဒေါ်ညိုညိုသိန်းတို့၏ မောင်၊ ဦးဇော်ဝင်းသိန်း-ဒေါ်ကေသီဦး၊ ဦးကိုကို-ဒေါ်ချိုချိုသိန်း၊ ဦးအောင်ဇော်သိန်း-ဒေါ်မာမာအေးတို့၏ အစ်ကို၊ ဒေါ်မူမူသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမြင့်နေအောင်-မမေသက်၊ မညိမ်းအေးဇော်၊ ကိုစိုးလင်းထက်-မခက်ငုံဇော်တို့၏ ကျေးဇူးရှင်ဖခင်၊ မောင်ချမ်းလင်းဆက်၊ မောင်လူဘုန်းသစ်၊ မအိမ့်ခြူးသံသာတို့၏အဘိုး ဦးဇော်မင်းသိမ်းသည် ၁-၆-၂၀၂၂ (အင်္ဂါနေ့) နံနက် ၄:၁၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဇော်မင်းသိမ်း
**စာတည်းမှူးချုပ်(ငြိမ်း)၊ ကြေးမုံသတင်းစာတိုက်**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ ပေါ်ဆန်းမွှေး (၁)လမ်း၊ တိုက် (၁၀/၆)နေ ဒေါ်မူမူသန်း၏ ချစ်လှစွာသောခင်ပွန်း ဦးဇော်မင်းသိမ်းသည် ၁-၆-၂၀၂၂ (အင်္ဂါနေ့) နံနက် ၄:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း**

## ဦးဝင်းကိုကို
**(Tommy ၊ နှင်းဝေဝေလက်ဖက်ခြောက်)**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ [ဦးကျင်ဝမ်-ဒေါ်စောလှိုင် (နဂါးဖန်မြေမှန်မြေ)]တို့၏သား၊ (ဦးတင်ရွှေ-ဒေါ်အုန်းကြည်)တို့၏ သားသမက်၊ [ဒေါ်ခင်ဝင်း (တွဲဖက်ပါမောက္ခ-ငြိမ်း၊ ဒဿနိကဗေဒဌာန)၏ခင်ပွန်း၊ ဦးအောင်မင်းဦး၊ ဦးနောင်နောင်ဝင်းကို၊ ဦးညီညီဝင်းကိုတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်ကောင်းမြတ်သူ၊ မောင်သုတတို့၏ချစ်လှစွာသော ဘိုးဘိုး၊ ဒေါ်နှင်းဦး၊ (ဦးမြတ်ကြွယ်)၊ ဦးသိန်းဇော်၊ (ဒေါ်လွင်လွင်မြင့်)တို့၏ချစ်လှစွာသော ညီ/မောင်၊ ဒေါ်စိုးစိုးဝင်း၊ (ဒေါ်ခင်အေးမော်)၊ ဒေါ်သင်းသင်းဆွေ၊ ဒေါ်ခင်စိုးမိုးတို့၏ချစ်လှစွာသော အစ်ကိုကြီး၊ တူ၊တူမ ခြောက်ယောက်တို့၏ ချစ်လှစွာသော ဘကြီးသည် ၃၁-၅-၂၀၂၂ (တနင်္လာနေ့) ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ထိန်ပင်သုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းစန်းလှ
**(ရေလဲလေးရွာ၊ သုံးဆယ်မြို့)**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ခွန်နီလမ်းနေ (ဦးဌေးဝင်း)၏ဇနီး၊ ဒေါ်မာမာချိုဦး-ဦးမျိုးမင်းဦး၊ ဦးထွန်းကျော်မိုး-ဒေါ်လှိုင်လှိုင်မော်၊ ဦးကျော်စိုးမိုး-ဒေါ်ယဉ်သီတာသွင်တို့၏မိခင်၊ ဒေါ်ခင်ဌေးကြည်၏ အဒေါ်/မိခင်၊ မြေးလေးယောက်တို့၏ အဘွား ဒေါ်စန်းစန်းလှသည် ၁-၆-၂၀၂၂(အင်္ဂါနေ့) နံနက် ၄:၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၂၂(တနင်္လာနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုဝေမိုးအောင်
**အသက် (၃၀)**
**Wireless Engineer (Huawei Technology Co.,Ltd)**

တောင်ဥက္ကလာပမြို့နယ်၊ ရတနာလမ်း၊ ရတနာအိမ်ရာ၊ တိုက် (B-3)၊ အခန်း (၈၀၃)နေ ဦးမြင့်သောင်း-ဒေါ်သန်းရွှေ၊ (ဦးလောရှင်း)-ဒေါ်ရင်ကျိန်းတို့၏ မြေး၊ (ဦးမောင်မောင်ဆွေသောင်း-ဒေါ်ဆွေဆွေရီ)တို့၏ တစ်ဦးတည်းသောသား၊ ဦးခင်မောင်ဝင်း (အထွေထွေမန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း)-ဒေါ်ဌေးဌေးဝင်းတို့၏သားသမက်၊ ဒေါ်တင်မာမြင့်သောင်း၊ ဦးသန်းထူး-ဒေါ်မြင့်မြင့်ရီ၊ ဒေါ်နုနုရီ၊ Mr. Frank Davis- ဒေါ်ထွေးထွေးရီ၊ Mr. Bill Waynor-ဒေါ်ညွန့်ညွန့်ရီ၊ ဦးတင်ထွန်းအောင်- Ms. Linn Tran တို့၏တူ၊ ဦးပြည့်ဖြိုး-ဒေါက်တာပြေသန်းထူးတို့၏မောင်၊ ကိုပေါဦးမောင်-မကျော့ကေခိုင်၊ မခင်ရတနာတိုးခိုင်၊ ကိုဇေယျာဇော်တို့၏ ညီ၊ မောင်/အစ်ကို၊ မခင်စန္ဒာဖြိုးခိုင် (Grand Guardian Tokio Marine General Insurance Co., Ltd)၏ ချစ်လှစွာသောခင်ပွန်း ကိုဝေမိုးအောင်သည် ၁-၆-၂၀၂၂ ရက် နံနက် ၂:၃၅ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၃-၆-၂၀၂၂ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန် သူအားရည်စူး၍ ၇-၆-၂၀၂၂ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကိုဝေမိုးအောင်
**အသက်(၃၀)**
**Wireless Engineer (Huawei Technology Co.,Ltd.)**

မြန်မာ့အာမခံလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်း-ဒေါ်ဌေးဌေးဝင်းတို့၏သားသမက် ကိုဝေမိုးအောင်သည် ၁-၆-၂၀၂၂ ရက် နံနက် ၂:၃၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း/ဝန်ထမ်းများ**
**မြန်မာ့အာမခံလုပ်ငန်း**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်တင်တင်
**ဘချိုအင်ဆန်းသင်္ကန်းပရိက္ခရာဆိုင်**
**အသက် (၁၀၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နေ(ဦးမြမောင်-ဒေါ်နှင်းမေ)တို့၏သမီး၊ (ဦးဘချို-ဒေါ်အေးခင်)တို့၏သမီးချွေးမ၊ ဦးကျော်ဆွေ-[ဒေါ်စမ်းစမ်းမြင့်(ခ)ဒေါ်တိုး]၊ ဦးမြင့်သန်း-ဒေါ်မြင့်မြင့်ဝင်း၊ ဦးကျော်စိုး-ဒေါ်ပြုံးပြုံး၊ ဦးထွန်းထွန်း-ဒေါ်ညိုညိုတို့၏ မွေးသမိခင်ကျေးဇူး ရှင်၊ မြေး(၁၂) ယောက်၊ မြစ်(၈)ယောက်တို့၏ အဘွား၊ ခရမ်းမြို့၊ အမှတ်(၂)ရပ်ကွက်၊ ကမ်းနားလမ်း၊ အိမ်အမှတ်(၄)နေ (ဦးတင်အုန်း)၏ဇနီးဖြစ်သူ ဒေါ်တင်တင်သည် ၁-၆-၂၀၂၂(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ဘဝတစ်ပါးသို့ကွယ်လွန်ကူးပြောင်းသွားပါသဖြင့် ၃-၆-၂၀၂၂(ကြာသပတေးနေ့) မွန်းတည့် ၁၂:၀၀ နာရီအချိန်တွင် ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းစသောလှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို သုသာန်သို့ပို့ဆောင်၍ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၂၂(တနင်္လာနေ့) နံနက် ၇ နာရီအချိန်တွင် ရက်လည်ဆွမ်းသွတ်တရားတော်နာယူမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ကျန်ရစ်သူမိသားစုမှ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလှဝင်း
**အသက် (၇၇) နှစ်**
**မန်နေဂျာ(ငြိမ်း)၊ ကုန်သွယ်လယ်ယာရုံးချုပ်**

ဝါးခယ်မမြို့နေ (ဦးတင်ဦး-ဒေါ်တင်ခိုင်)တို့၏သား၊ (ဦးကျင်ဗုက်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊(၄၁)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၇၈)နေ ဒေါ်ကြည်ဝင်း(အမက-၁၀၊ ရန်ကင်း၊ ငြိမ်း)၏ခင်ပွန်း၊ (မခင်သီတာဦး)၊ ဒေါက်တာအိခိုင်ဝင်း (ပါမောက္ခ/ဌာနမှူး၊ သတ္တဗေဒဌာန၊ တောင်ကုတ်တက္ကသိုလ်)၊ ဒေါ်ခင်မေဖြိုးဝင်းတို့၏ ချစ်လှစွာသောဖခင်ကြီး ဦးလှဝင်းသည် ၃၀-၅-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၉:၁၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးမောင်မောင်သာထွန်း
**1st Engineer Hackney College Blue Star Ship Management Ltd, UK**
**အသက် (၆၆)နှစ်**

(ဦးသာထွန်း-ဒေါ်ကြူးရင်)တို့၏ တစ်ဦးတည်းသောသား၊ (ဦးကြည်ဝင်း-ဒေါ်မြမြ)တို့၏ သားသမက်၊ မြောက်ဒဂုံမြို့နယ်၊ (၃၂)ရပ်ကွက်၊ အမှတ် (၁၄၀)၊ လက်ဝဲသုန္ဒရလမ်းနေ ဒေါ်မီမီခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မဉ္ဇူသာထွန်း (FTA ရွှေသံလွင်)၏ဖခင်၊ (ဦးဗညားမွန်)-ဒေါ်သွင်သွင်ဝေ၊ ဒေါ်သဇင်သာထွန်း-(ဒုတိယဗိုလ်မှူးကြီးအောင်ချစ်)၊ ဒေါ်ဆွေဆွေသာထွန်း - ဦးအောင်ဘကြူး၊ ဒေါ်ချယ်ရီသာထွန်း၊ ဒေါက်တာစုစုသာထွန်းတို့၏ မောင်/အစ်ကို ဦးမောင်မောင်သာထွန်းသည် ၃၁-၅-၂၀၂၂ရက် ညနေ ၄:၀၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂-၆-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် နောက်ဆုံးသောဝတ်ပြုခြင်းကို ရေဝေးသုသာန်၌ ပြုလုပ်ပြီး မွန်းလွဲ ၂:၃၀ နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## မောင်သန်းဇော်ထက်
**အသက်(၁၈)နှစ်**
**အ.ထ.က(၁)ရန်ကင်းကျောင်းသားဟောင်း**

နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ၊ အမှတ် (၂၁၁၄)၊ ပုဂံလမ်းနှင့် ကျွန်းလှလမ်းထောင့်၊ ရာဇသင်္ဂဟအိမ်ရာ(၂)၊ ဥတ္တရသီရိမြို့နယ်နှင့် ရန်ကုန်မြို့၊ အမှတ် (၁၆/အေ-၂)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဦးစိုးသိန်း-ဒေါ်ခင်ချိုအုန်းတို့၏သား၊ ဦးကောင်းထက်စိုး-ဒေါ်တင်မျိုးဝင်း(ခ)ခိုင်မာ၊ ဦးနေဖြိုးဇင်-ဒေါ်သီသီအောင်၊ မောင်အောင်အောင်တို့၏ညီ၊ မလင်းလက်သီရိခေတ်၊ မဝင်းလဲ့သီရိမေ၊ မသက်နှိုင်းအိန္ဒြေတို့၏ ဦးလေး မောင်သန်းဇော်ထက်သည် ၂၉-၅-၂၀၂၂ (စနေနေ့) ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၂၂(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် နေပြည်တော် ကွေ့ကြီးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ခုတင်(၁၀၀၀)ဆေးရုံမှ ကွေ့ကြီးသုသာန်သို့ မွန်းလွဲ ၂:၃၀ နာရီတွင် ကားများထွက်ပါမည်။]

ကျန်ရစ်သူမိသားစု



# အထူးစီးပွားရေးဇုန်များ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာမှသာ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာကြမည်ဖြစ်

နေပြည်တော် ဇွန် ၁

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၁) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၁) တွင် အမှာစကားပြောကြားစဉ်။

## ၂၀၂၁-၂၀၂၂ ခုနှစ် ပညာသင်နှစ်အတွက် နေပြည်တော်ရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြား



နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ ကျောင်းတက်လာမှုမြင်ကွင်းကို တွေ့ရစဉ်။

နေပြည်တော် ဇွန် ၁

ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ခေတ္တပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ယနေ့နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ပြီး သက်ဆိုင်ရာအတန်းအလိုက် သင်ခန်းစာများ သင်ကြားပို့ချပေးလျက်ရှိသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❒




## ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်စုစုပေါင်း ၅၀၀ ကျော် ချီးမြှင့်မည်

နေပြည်တော် ဇွန် ၁

နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်စုစုပေါင်း ၅၀၀ ကျော် ချီးမြှင့်သွားမည်ဖြစ်သည်။ စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❖

## ကိုပါအမေရိကဖလားပြိုင်ပွဲကို ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

ဘရာဇီး ဇွန် ၁

တောင်အမေရိကဘောလုံးအဖွဲ့ချုပ်က ၂၀၂၁ ခုနှစ် ကိုပါအမေရိကဖလားပြိုင်ပွဲမစတင်မီ သီတင်းနှစ်ပတ်အလိုမှာ အာဂျင်တီးနားနိုင်ငံကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ကနေ ဖယ်ရှားခဲ့ပြီးနောက် ကိုပါအမေရိကဖလားပြိုင်ပွဲကို ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမှာဖြစ်တယ်လို့ သိရပါတယ်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ■

ကြေးမုံ ယနေ့ ဖတ်စရာ

၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာအဆင့်ကျောင်းများ စတင်ဖွင့်လှစ်၊ ကျောင်းအပ်နှံမှုများကို ကျောင်းဖွင့်ချိန်ကာလအတွင်း ဆက်လက်လက်ခံသွားမည် စာမျက်နှာ » ၁၂

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နိုင်ငံတစ်ဝန်း အသွားအလာကန့်သတ်မှု ဒုတိယအကြိမ် ချမှတ် စာမျက်နှာ » ၁၃

### အချပ်ပို ၁၆ မျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက် မန္တလေးတိုင်းဒေသကြီး (ပြည်ထောင်စုနယ်မြေမပါ) မြို့နယ် ၂၈ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခြင်း အချပ်ပို ၁၆ မျက်နှာ ဖော်ပြပါရှိပါသည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

# မန္တလေးတိုင်းဒေသကြီး (ပြည်ထောင်စုနယ်မြေမပါ) မြို့နယ် ၂၈ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေး

## ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး (ပြည်ထောင်စုနယ်မြေမပါ) မြို့နယ် ၂၈ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။ စစ်ဆေးတွေ့ရှိချက်များအရ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ယခင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် NLD ပါတီတို့သည် ယင်းပါတီတစ်ခုတည်းကသာ ရွေးကောက်ပွဲတွင် အနိုင်ရရှိရေးနှင့် နိုင်ငံတော်အာဏာကို ရယူနိုင်ရေးအတွက် ဥပဒေများကို ကျော်လွန်ဖောက်ဖျက်ကာ ကြိုတင်ကြံစည် ဆောင်ရွက်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

၂။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီး (ပြည်ထောင်စုနယ်မြေမပါ) မြို့နယ် ၂၈ မြို့နယ်၌ မဲရုံပေါင်း ၅၄၄၇ ရုံ၊ မဲဆန္ဒရှင် စုစုပေါင်း ၄၉၄၁၄၇၁ ဦး ရှိသည့်အနက် ၃၈၇၀၃၃၄ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှုရာခိုင်နှုန်း ၇၈.၃၂ ရာခိုင်နှုန်းရှိခဲ့ပြီး အောက်ဖော်ပြပါ နိုင်ငံရေးပါတီ ၁၉ ပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်-

- (က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊
- (ခ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊
- (ဂ) ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ၊
- (ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊
- (င) ပြည်သူ့ရှေ့ဆောင်ပါတီ၊
- (စ) အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊
- (ဆ) အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ၊
- (ဇ) လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊
- (ဈ) ပြည်သူ့ပါတီ၊
- (ည) အမျိုးသားတိုးတက်ရေးပါတီ၊
- (ဋ) အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ၊
- (ဌ) လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
- (ဍ) တအာင်း(ပလောင်)အမျိုးသားပါတီ၊
- (ဎ) ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊
- (ဏ) အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ၊
- (တ) ဝံသာနုဒီမိုကရက်တစ်ပါတီ၊
- (ထ) အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ၊
- (ဒ) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊
- (ဓ) ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊
- (န) တစ်သီးပုဂ္ဂလ။

၃။ စစ်ဆေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး(ပြည်ထောင်စုနယ်မြေမပါ) မြို့နယ် ၂၈ မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၄၉၄၁၄၇၁ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၄၂၈၇၆၀၉ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ် မရှိသူ များမှာ ၃၈၈၂၈၂ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၃၈၀၉၀ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၅၁၆၇၇၆ ဦး ဖြစ်သည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ မြို့နယ် ၂၈ မြို့နယ်တွင် မဲရုံပေါင်း ၅၄၄၇ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၄၆၇၈၈၄ ဖြစ်ပြီး မဲပေးအသုံးပြု ခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၇၉၂၃၄၇ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၆၇၅၅၃၇ ၊ မြေပြင် လက်ကျန် ၁၅၀၇၇၇၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၂၂၁၅၄၆ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၅၃၇၈၇ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်း ပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။

၆။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများနှင့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင် စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | မဲရုံပေါင်း | မြို့နယ်ကော်မရှင်စာရင်း | လဝကစာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့်မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | ရမည်းသင်း | ၂၄၇ | ၁၉၈၄၃၈ | ၁၈၂၇၂၆ | ၁၅၉၆၄ | ၃၀၆၇ | ၂၉၃၇၆ |
| ၂ | ပျော်ဘွယ် | ၂၉၅ | ၂၁၆၆၉၁ | ၁၇၅၇၂၇ | ၂၂၂၃ | ၁၈၆၆ | ၂၆၀၀၄ |
| ၃ | သာစည် | ၂၄၉ | ၁၅၆၆၇၁ | ၁၃၁၆၈၂ | ၁၄၁၁၉ | ၁၀၂၄ | ၁၆၃၆၀ |
| ၄ | ပုသိမ်ကြီး | ၁၃၉ | ၁၉၀၆၀၂ | ၁၇၆၃၀၅ | ၁၈၅၃၇ | ၇၉၄ | ၁၄၇၇၂ |

အချုပ်ပို ၂ သို့







ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အမိန့်ညွှန်ကြားချက် (၁/၂၀၁၄)နှင့် (၁၇၃/၂၀၂၀) တို့ကို ဖောက်ဖျက်၍ ပျော်ဘွယ်မြို့နယ်၊ ကျီရွာအုပ်စုတွင် ဘာသာရေးအဆောက်အအုံအား မဲဆွယ်စည်းရုံးရာ၌ အသုံးပြုခြင်း၊ ဘာသာရေးကို အကြောင်းပြု၍ ထောက်ခံဆန္ဒမဲပေးရန် တရားမဲ့ပြုကျင့်မှုကျူးလွန်ခြင်း။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

အချပ်ပို ၁ မှ

| စဉ် | မြို့နယ် | မဲရုံပေါင်း | မြို့နယ်ကော်မရှင်စာရင်း | လဝက စာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၅ | အမရပူရ | ၁၃၇ | ၁၈၁၆၆၄ | ၁၆၃၅၁၇ | ၁၅၃၃၁ | ၉၀၄ | ၁၆၁၉၆ |
| ၆ | ချမ်းမြသာစည် | ၈၄ | ၂၀၉၂၀၈ | ၂၁၄၀၈၅ | ၁၃၈၀၆ | ၈၀၁ | ၁၃၃၁၄ |
| ၇ | အောင်မြေသာစံ | ၉၂ | ၁၈၆၃၂၃ | ၁၈၅၇၀၆ | ၈၃၆၈ | ၈၄၆ | ၁၅၁၂၆ |
| ၈ | ပြည်ကြီးတံခွန် | ၇၁ | ၂၀၄၄၀၃ | ၁၆၅၄၁၇ | ၁၆၉၄၅ | ၂၂၄၈ | ၂၄၀၅၆ |
| ၉ | ချမ်းအေးသာစံ | ၇၂ | ၁၃၀၄၂၉ | ၁၄၁၇၈၅ | ၂၁၆၆ | ၂၇၄ | ၇၄၉၄ |
| ၁၀ | ကျောက်ဆည် | ၂၂၀ | ၁၉၈၀၇၄ | ၁၈၃၆၀၁ | ၁၄၀၂၈ | ၁၂၂၉ | ၁၉၈၄၈ |
| ၁၁ | မြစ်သား | ၂၀၀ | ၁၅၈၄၉၃ | ၁၅၅၀၅၈ | ၁၅၆၁၈ | ၁၂၄၆ | ၁၇၆၁၀ |
| ၁၂ | တံတားဦး | ၂၀၄ | ၁၁၅၂၃၂ | ၁၀၄၈၂၂ | ၁၀၀၄၁ | ၆၇၂ | ၁၁၅၃၂ |
| ၁၃ | စဉ့်ကိုင် | ၁၄၂ | ၁၁၈၄၇၉ | ၁၀၃၇၁၆ | ၉၅၉၁ | ၅၈၄ | ၁၀၆၅၈ |
| ၁၄ | ကျောက်ပန်းတောင်း | ၃၇၉ | ၂၃၇၃၀၃ | ၁၈၁၇၁၁ | ၁၀၂၃၀ | ၂၁၃၅ | ၂၉၇၇၀ |
| ၁၅ | မလှိုင် | ၂၁၀ | ၁၂၂၁၉၁ | ၉၇၀၇၂ | ၇၃၇၃ | ၉၆၀ | ၁၄၁၂၀ |
| ၁၆ | ပြင်ဦးလွင် | ၂၀၀ | ၁၉၇၀၀၆ | ၁၈၁၄၃၇ | ၁၇၇၂၁ | ၁၄၄၅ | ၁၈၂၅၄ |
| ၁၇ | စဉ့်ကူး | ၁၀၆ | ၁၁၇၀၂၂ | ၁၀၀၈၆၆ | ၁၇၄၆၈ | ၄၁၇ | ၉၁၅၄ |
| ၁၈ | သပိတ်ကျင်း | ၁၀၁ | ၁၁၃၆၆၉ | ၁၀၀၄၄၈ | ၂၉၄၁၆ | ၇၃၆ | ၉၁၃၂ |
| ၁၉ | ငါန်းဇွန် | ၁၄၂ | ၁၁၁၇၀၇ | ၈၁၁၆၃ | ၈၃၀၆ | ၆၈၉ | ၁၁၅၇၂ |
| ၂၀ | မြင်းခြံ | ၂၇၆ | ၂၃၅၃၅၉ | ၁၉၄၂၉၇ | ၁၃၄၂၃ | ၂၄၇၅ | ၂၉၉၂၆ |
| ၂၁ | တောင်သာ | ၃၂၂ | ၁၉၅၂၁၁ | ၁၅၀၁၈၅ | ၈၃၅၉ | ၂၄၆၃ | ၂၆၇၀၂ |
| ၂၂ | ညောင်ဦး | ၂၃၆ | ၂၀၆၀၄၈ | ၁၆၉၁၅၁ | ၆၆၆၇ | ၉၁၅ | ၁၇၉၈၄ |
| ၂၃ | မတ္တရာ | ၂၆၆ | ၂၀၃၇၃၈ | ၁၆၉၂၂၆ | ၂၁၂၃၇ | ၂၂၆၂ | ၂၆၃၇၂ |
| ၂၄ | မိုးကုတ် | ၁၄၄ | ၁၄၇၁၂၁ | ၁၁၁၁၇၄ | ၂၁၇၆၅ | ၁၆၈၅ | ၁၆၅၈၀ |
| ၂၅ | ဝမ်းတွင်း | ၃၁၈ | ၁၉၅၅၄၈ | ၁၆၀၇၈၂ | ၁၆၁၉၂ | ၁၈၀၂ | ၂၃၂၁၄ |
| ၂၆ | မိတ္ထီလာ | ၂၉၁ | ၂၅၉၀၃၀ | ၂၀၄၀၆၀ | ၁၈၇၄၄ | ၂၄၇၅ | ၃၁၄၇၄ |
| ၂၇ | မဟာအောင်မြေ | ၈၄ | ၁၇၂၇၄၁ | ၁၇၈၀၄၄ | ၇၅၇၈ | ၃၁၄ | ၉၇၉၆ |
| ၂၈ | နွားထိုးကြီး | ၂၂၀ | ၁၆၃၀၇၀ | ၁၂၃၈၄၆ | ၇၀၆၆ | ၁၇၆၂ | ၂၀၃၈၀ |
| | စုစုပေါင်း | ၅၄၄၇ | ၄၉၄၁၄၇၁ | ၄၂၈၇၆၀၉ | ၃၈၈၂၈၂ | ၃၈၀၉၀ | ၅၁၆၇၇၆ |

မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ပျော်ဘွယ် | ၂၉၅ | ၂၅၀၅၃၈ | ၁၇၇၅၂၃ | ၇၃၀၁၅ | ၇၀၁၁၇ | ၇၀၂၃ | ၄၁၂၅ |
| ၂ | မိတ္ထီလာ | ၂၉၁ | ၂၈၆၅၂၄ | ၂၀၄၃၅၈ | ၈၂၁၆၆ | ၇၀၅၁၁ | ၁၂၆၁၂ | ၉၅၇ |
| ၃ | မဟာအောင်မြေ | ၈၄ | ၁၇၅၇၉၆ | ၁၂၇၃၆၀ | ၄၈၄၃၆ | ၄၇၄၄၇ | ၈၇၀၅ | ၇၇၁၆ |
| ၄ | ပုသိမ်ကြီး | ၁၃၉ | ၂၀၁၈၃၈ | ၁၄၅၅၅၉ | ၅၆၂၇၉ | ၄၉၅၈၀ | ၈၂၃၉ | ၁၅၄၀ |
| ၅ | အမရပူရ | ၁၃၇ | ၁၉၄၃၀၈ | ၁၅၂၄၇၄ | ၄၁၈၃၄ | ၃၉၇၅၃ | ၂၀၈၁ | |
| ၆ | ချမ်းမြသာစည် | ၈၄ | ၂၂၂၀၅၀ | ၁၄၉၃၄၃ | ၇၂၇၀၇ | ၇၀၇၂၆ | ၉၄၇၄ | ၇၄၉၃ |
| ၇ | အောင်မြေသာစံ | ၉၂ | ၁၉၆၅၈၈ | ၁၃၆၉၉၆ | ၅၉၅၉၂ | ၄၉၅၀၉ | ၁၄၃၄၀ | ၄၂၅၇ |
| ၈ | ပြည်ကြီးတံခွန် | ၇၁ | ၂၀၄၃၀၅ | ၁၃၀၇၉၈ | ၇၃၅၀၇ | ၆၄၉၉၁ | ၉၂၄၂ | ၇၂၆ |
| ၉ | ချမ်းအေးသာစံ | ၇၂ | ၁၄၉၁၂၇ | ၉၉၃၃၂ | ၄၉၇၉၅ | ၄၄၃၁၆ | ၅၆၈၆ | ၂၀၇ |
| ၁၀ | ကျောက်ဆည် | ၂၂၀ | ၂၂၄၁၀၂ | ၁၆၈၇၁၂ | ၅၅၃၉၀ | ၅၃၉၆၁ | ၂၅၀၁ | ၁၀၇၂ |
| ၁၁ | မြစ်သား | ၂၀၀ | ၁၈၁၃၂၃ | ၁၃၃၄၄၅ | ၄၇၈၇၈ | ၄၄၇၃၀ | ၃၂၉၀ | ၁၄၂ |
| ၁၂ | တံတားဦး | ၂၀၄ | ၁၃၄၇၅၂ | ၉၆၂၆၇ | ၃၈၄၈၅ | ၃၃၄၈၉ | ၅၁၀၉ | ၁၁၃ |
| ၁၃ | စဉ့်ကိုင် | ၁၄၂ | ၁၃၃၂၀၈ | ၁၀၃၇၃၄ | ၂၉၄၇၄ | ၂၇၉၃၄ | ၂၆၉၁ | ၁၁၅၁ |
| ၁၄ | ကျောက်ပန်းတောင်း | ၃၇၉ | ၂၅၇၈၉၃ | ၁၇၁၃၇၈ | ၈၆၅၁၅ | ၇၂၁၀၆ | ၁၆၀၈၈ | ၁၆၇၉ |
| ၁၅ | မလှိုင် | ၂၁၀ | ၁၃၈၉၇၉ | ၉၇၂၀၈ | ၄၁၇၇၁ | ၃၉၅၂၉ | ၃၇၃၈ | ၁၄၉၆ |
| ၁၆ | ရမည်းသင်း | ၂၄၇ | ၂၂၆၁၅၅ | ၁၅၆၃၄၈ | ၆၉၈၀၇ | ၆၅၂၀၂ | ၆၃၂၁ | ၁၇၁၆ |
| ၁၇ | ပြင်ဦးလွင် | ၂၀၀ | ၂၀၅၈၈၃ | ၁၃၉၆၉၅ | ၆၆၁၈၈ | ၅၇၀၄၇ | ၁၁၂၆၈ | ၂၁၂၇ |
| ၁၈ | စဉ့်ကူး | ၁၀၆ | ၁၃၀၇၀၀ | ၉၁၈၃၄ | ၃၈၈၆၆ | ၂၉၁၇၀ | ၉၉၄၆ | ၂၅၀ |
| ၁၉ | သပိတ်ကျင်း | ၁၀၁ | ၁၁၈၉၉၅ | ၈၁၁၁၅ | ၃၇၈၈၀ | ၃၀၅၇၂ | ၇၆၇၈ | ၃၇၀ |
| ၂၀ | ငါန်းဇွန် | ၁၄၂ | ၁၂၇၈၅၀ | ၈၅၂၆၅ | ၄၂၅၈၅ | ၃၅၁၁၇ | ၈၃၆၈ | ၉၀၀ |
| ၂၁ | မြင်းခြံ | ၂၇၆ | ၂၆၁၁၃၈ | ၁၇၇၀၃၆ | ၈၄၁၀၂ | ၇၃၀၆၄ | ၁၃၉၇၁ | ၂၉၃၃ |
| ၂၂ | တောင်သာ | ၃၂၂ | ၂၂၄၁၈၈ | ၁၃၃၃၁၇ | ၉၀၈၇၁ | ၈၁၁၂၃ | ၁၂၇၈၈ | ၃၀၄၀ |
| ၂၃ | ညောင်ဦး | ၂၃၆ | ၂၃၂၉၆၃ | ၁၆၀၂၈၁ | ၇၂၆၈၂ | ၆၆၀၈၉ | ၁၀၃၁၂ | ၃၇၁၉ |
| ၂၄ | မတ္တရာ | ၂၆၆ | ၂၂၇၁၇၁ | ၁၆၂၂၃၂ | ၆၄၉၃၉ | ၆၁၉၉၃ | ၃၅၆၈ | ၆၂၂ |
| ၂၅ | မိုးကုတ် | ၁၄၄ | ၁၆၃၈၅၃ | ၉၀၆၉၀ | ၇၃၁၆၃ | ၆၄၄၉၇ | ၉၃၁၂ | ၆၄၆ |
| ၂၆ | ဝမ်းတွင်း | ၃၁၈ | ၂၂၈၃၅၂ | ၁၆၃၃၀၉ | ၆၅၀၄၃ | ၅၈၁၆၈ | ၁၀၈၈၉ | ၄၀၁၄ |
| ၂၇ | သာစည် | ၂၄၉ | ၁၈၁၃၃၆ | ၁၂၉၁၈၅ | ၅၂၁၅၁ | ၄၉၄၆၈ | ၂၈၆၂ | ၁၇၉ |
| ၂၈ | နွားထိုးကြီး | ၂၂၀ | ၁၈၇၉၆၉ | ၁၂၇၅၅၃ | ၆၀၄၁၆ | ၅၇၅၆၉ | ၃၄၄၄ | ၅၉၇ |
| | စုစုပေါင်း | ၅၄၄၇ | ၅၄၆၇၈၈၄ | ၃၇၉၂၃၄၇ | ၁၆၇၅၅၃၇ | ၁၅၀၇၇၇၈ | ၂၂၁၅၄၆ | ၅၃၇၈၇ |

❖ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ မြို့နယ် ၂၈ မြို့နယ်တွင် မဲရုံပေါင်း ၅၄၄၇ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၅၄၆၇၈၈၄ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၇၉၂၃၄၇၊ ကျန်ရှိရမည့် အရေအတွက်မှာ ၁၆၇၅၅၃၇၊ မြေပြင်လက်ကျန် ၁၅၀၇၇၇၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရ

❖ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၂၂၁၅၄၆ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၅၃၇၈၇ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရ

အချပ်ပို ၃ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အမိန့်ညွှန်ကြားချက် (၁/၂၀၁၄)နှင့် (၁၇၃/၂၀၂၀) တို့ကို ဖောက်ဖျက်၍ ပျော်ဘွယ်မြို့နယ်၊ ကျီရွာအုပ်စုတွင် ဘာသာရေးအဆောက်အအုံအား မဲဆွယ်စည်းရုံးရာ၌ အသုံးပြုခြင်း၊ ဘာသာရေးကို အကြောင်းပြု၍ ထောက်ခံဆန္ဒမဲပေးရန် တရားမဲ့ပြုကျင့်မှုကျူးလွန်ခြင်း။

အချုပ်ပို ၂ မှ

၇။ မန္တလေးတိုင်းဒေသကြီး(ပြည်ထောင်စုနယ်မြေမပါ) မြို့နယ် ၂၈ မြို့နယ်၏ စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

( က ) **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆(က)အရ** ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသာ မဲစာရင်းတွင် ပါဝင်ခွင့်ရှိပါသည်။ မန္တလေးတိုင်းဒေသကြီး၏ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၃၈၈၂၈၂ ဦး၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၃၈၀၉၀ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၅၁၆၇၇၆ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မန္တလေးတိုင်းဒေသကြီး၌ မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

( ခ ) မဲရုံပေါင်း ၅၄၄၇ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၅၄၆၇၈၈၄ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၇၉၂၃၄၇ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၁၆၇၅၅၃၇ ၊ မြေပြင်လက်ကျန် ၁၅၀၇၇၇၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၂၂၁၅၄၆၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက် ၅၃၇၈၇ ဖြစ်သည်။ မြို့နယ်များတွင် မဲရုံများအလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်း ပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲရုံများသို့ မဲလက်မှတ်များ သတ်မှတ်အရေအတွက်ဖြင့် ထုတ်ပေးခဲ့ခြင်းဖြစ်ရာ အပိုတွေ့ရှိမှုများနှင့် မဲလက်မှတ်ပျောက်ဆုံးခြင်းများသည် တရားမဝင် ဆောင်ရွက်မှုများကြောင့် ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

( ဂ ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အဆိုပါ မြို့နယ် ၂၈ မြို့နယ်၌ ပြည်သူ့လွှတ်တော် အတွက် ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၃၈၇၀၃၃၄ ဦး၊ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ၃၇၉၂၃၄၇ စောင်ဖြစ်၍ မဲလက်မှတ်သုံးစွဲမှုတွင် ၇၇၉၈၇ စောင် လျော့နည်းအသုံးပြုထားကြောင်း တွေ့ရှိရသည်။

(ဃ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီး မြို့နယ်၂၈ မြို့နယ်၌ ပြည်သူ့လွှတ်တော်အတွက် မဲပေးသူဦးရေမှာ ၃၈၇၀၃၃၄ ဦး ဖြစ်ပြီး မဲရုံမဲပေးသူ ၃၁၅၈၀၅၃ ဦး၊ ကြိုတင်မဲပေးသူ ၇၁၂၂၈၁ ဦး ဖြစ်သဖြင့် မဲရုံမဲပေးသူ ၈၁.၆ ရာခိုင်နှုန်း၊ ကြိုတင်မဲပေးသူ ၁၈.၄ ရာခိုင်နှုန်း ဖြစ်သည်။

( င ) မဲစာရင်းပုံစံ(၁)များကိုစိစစ်ခဲ့ရာ မဲဆန္ဒရှင်အမည်သာပါရှိပြီး အသက်၊ နိုင်ငံသား စိစစ်ရေးကတ်အမှတ်၊ အဘအမည်၊ အမိအမည် စသည့်အချက်များ မပါရှိသူများနှင့် အချက်အလက်ပြည့်စုံစွာ မပါရှိသူများကို မဲစာရင်းတွင် ထည့်သွင်း၍ ဆန္ဒမဲပေးခွင့်ပြုထားကြောင်း တွေ့ရှိရပါသည်။

( စ ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံအချို့သည် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ရွေးကောက်ပွဲကျင်းပပြီး နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန်ဆန္ဒမဲလက်မှတ်များကို သီးခြားပြန်လည်အပ်နှံထားရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

(ဆ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ကောက်ခံရာတွင် ကြိုတင်ဆန္ဒမဲလက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီအပ်နှံရန် ပျက်ကွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ဇ ) ကြိုတင်မဲများ၏ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှု မရှိဘဲ မဲပေးသုံးစွဲထားမှုများ စိစစ်တွေ့ရှိရသည်။

( ဈ ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် အစုလိုက် အပြုံလိုက်ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ည) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ဋ ) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

၈။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အောက်ပါအတိုင်း ဥပဒေနှင့်ညီညွတ်မှုမရှိသောဆောင်ရွက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်-

(က) မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူရာတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိက ဆောင်ရွက်ခဲ့သည်။ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကောက်ယူရာတွင် NLD အစိုးရက ခန့်အပ်ထားသည့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာများတွင် NLD ပါတီ၏ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြောင်း စိစစ်သိရှိရသည်။ ယင်းသို့ စာရင်းများကောက်ယူရာတွင် ရပ်ကွက်/ ကျေးရွာအတွင်း အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံသားစိစစ်ရေးကတ် ရှိ/ မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေး ပိုင်ခွင့်ရှိသူ ဟုတ်/ မဟုတ် စိစစ်နိုင်ခြင်း မရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက် အပြုံလိုက် ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅(ဂ)တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်းမရှိစေရ"** ဟု ပြဋ္ဌာန်းထားသော်လည်း မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့် ညီညွတ်ခြင်း မရှိသော မှားယွင်းမှုများကိုတွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၉(ခ)အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်း တွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်**ဟု ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့်သွင်းမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ခ ) အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့မတိုင်မီ ၂၉-၁၀-၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီအောင်နိုင်ရေးအဖွဲ့များ ပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့် မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်း မပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်

အချုပ်ပို ၄ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

- ❑ **မဲစာရင်းများ အရေအတွက်များပြားစွာ မဲရုံတိုင်း၌ မှားယွင်းမှုများ ဖြစ်ပေါ်ရခြင်းသည် မတော်တဆဖြစ်ပေါ်ခဲ့သော မှားယွင်းမှုမျိုးမဟုတ်ဘဲ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းကြောင့်သာဖြစ်ကြောင်း စိစစ်တွေ့ရှိရ**
- ❑ **မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများဖွဲ့စည်းခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်းစသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် ယခင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်အနေဖြင့် ဝင်ရောက်စွက်ဖက်၍ မလျော်ဩဇာအသုံးပြုဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည့်အပြင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့်လည်း တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရ**

အချပ်ပို ၃ မှ

ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၈-၁၀-၂၀၂၀ ရက်နေ့နှင့် ညွှန်ကြားချက်ကို ၁၁-၁၀-၂၀၂၀ ရက်နေ့တို့တွင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာဆောင်ရွက် ခဲ့သည်။ ယင်းညွှန်ကြားချက်များကြောင့် မဲစာရင်းများ ထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဂ) မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉-၈-၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ်စိစစ်မှု မပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခွင့် ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းတွင်ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြု ခဲ့သည့် ဆန္ဒပြု အမှန်ခြစ်တံဆိပ်တုံးများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် UEC တံဆိပ် မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်းသည် မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့သဖြင့် မဲရလဒ်များ မှန်ကန်မှုတမှု မရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဃ) ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၁၇-၁၁-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၃၂/၂၀၁၇) ဖြင့် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် ၆ ဦး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ ၁၀ ဦး၊ စုစုပေါင်း ၁၆ ဦးဖြင့် ဖွဲ့စည်းခဲ့ရာ ယခင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် NLD ပါတီ ဗဟိုကော်မတီဝင်များက သဘောတူညီမှုမရှိဘဲ ကန့်ကွက်ခဲ့ကြသဖြင့် ၄-၁၂-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ်(၃၃/၂၀၁၇)ဖြင့် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို ပြင်ဆင်ဖွဲ့စည်းပေးခဲ့ကြောင်း တွေ့ရှိရသည်။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၁၈- ၁၂- ၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ်(၄၄/ ၂၀၁၇)နှင့် (၄၅/ ၂၀၁၇) တို့ဖြင့် ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ထိုသို့ ဖွဲ့စည်းရာတွင်လည်း ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ယခင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည့်အပြင် ဖွဲ့စည်းခန့်အပ်တာဝန်ပေးပြီးဖြစ်သည့် မြို့နယ်များအနက်မှ မတ္တရာမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ မလှိုင်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ သာစည်မြို့နယ်နှင့် မြင်းခြံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ကို ၂၂-၁၂-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ်(၅၄/၂၀၁၇)ဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း တွေ့ရှိရသည်။ ထို့ပြင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအတွက် အဖွဲ့ဝင်များ ရွေးချယ်ရာတွင်လည်း NLD ပါတီမှ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များက ဝင်ရောက်စွက်ဖက် ဆောင်ရွက်မှုများရှိခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

(င) ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းခန့်အပ်တာဝန်ပေးရာတွင် NLD ပါတီနှင့် ယခင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဝင်ရောက်စွက်ဖက်မှုများ ရှိခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများတွင် ခန့်အပ်ထားသည့် ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ လစ်လပ်ပါကလည်း သက်ဆိုင်ရာ မြို့နယ်၏ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များမှ စုပေါင်း ရွေးချယ်စေပြီး ယခင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ သဘောတူညီချက်ရရှိမှသာ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အစားထိုးခန့်အပ်ကြောင်း စိစစ်တွေ့ရှိရသည်။

(စ) မဲစာရင်းများကောက်ယူရာတွင် မန္တလေးတိုင်းဒေသကြီး NLD ပါတီမှ ပြင်ဦးလွင်မြို့နယ်၏မဲစာရင်းကိစ္စ တင်ပြချက်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ယခင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး ၏ တင်ပြညှိနှိုင်းချက်အရဆိုကာ မဲစာရင်းတွင် ထည့်သွင်းပေးရန်အတွက် လည်းကောင်း၊ အမရပူရမြို့နယ်အတွင်းရှိ ကျေးရွာများမှ မဲစာရင်းတွင် မပါဝင်သူများ မဲပေးခွင့်ရရှိရေး ဆောင်ရွက်ပေးရန်အတွက်လည်းကောင်း ယခင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးတို့ လက်မှတ်ရေးထိုး၍ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြားခဲ့ခြင်းတို့သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိဘဲ အုပ်ချုပ်ရေးအာဏာကို အသုံးပြု၍ ဝင်ရောက်စွက်ဖက်ကာ မလျော်ဩဇာ ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဆ) ယခင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်သည် South-East Asia Gas Pipeline Company Limited (Great Ocean Branch) နှင့် South East Asia Crude Oil Pipeline Company Limited (Great Ocean Branch) တို့မှ မြန်မာနိုင်ငံသားဝန်ထမ်းများအား ယင်းတို့၏ရုံးခန်းများမှနေ၍ ကြိုတင်မဲပေးခွင့် ပြုပါရန် တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ပေးရန် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ညွှန်ကြားခဲ့ခြင်းဖြင့် ကြိုတင်မဲပေးခြင်းဆိုင်ရာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ဝင်ရောက်စွက်ဖက် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

(ဇ) မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် NLD ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးခြင်းဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကိစ္စရပ်များ၊ ကြိုတင်မဲပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီများသို့ ဝင်ရောက်စွက်ဖက် ညွှန်ကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

၉။ အထက်ပါ မဲစာရင်းများ အရေအတွက်များပြားစွာ မဲရုံတိုင်း၌ မှားယွင်းမှုများ ဖြစ်ပေါ်ရခြင်းသည် မတော်တဆဖြစ်ပေါ်ခဲ့သော မှားယွင်းမှုမျိုးမဟုတ်ဘဲ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းကြောင့်သာဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ထို့ပြင် မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများဖွဲ့စည်းခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်း စသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် ယခင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်အနေဖြင့် ဝင်ရောက်စွက်ဖက်၍ မလျော်ဩဇာအသုံးပြု ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည့်အပြင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

၁၀။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး(ပြည်ထောင်စုနယ်မြေမပါ) မြို့နယ် ၂၈ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ရာတွင် NLD ပါတီသည် ရွေးကောက်ပွဲတွင် ယင်းတို့ ပါတီတစ်ခုတည်းသာ အနိုင်ရရှိပြီး အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ပြိုင်ဘက်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်/ တားမြစ်ချက်ကို အလွဲသုံး၍လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို အလွဲသုံး၍လည်းကောင်း ကန့်သတ်ထိန်းချုပ်ခဲ့ပြီး နိုင်ငံတော်အာဏာကို မတရားရယူနိုင်ရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။ အထက်ပါ စိစစ်ချက်များအရ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေများနှင့် ညီညွတ်မှု မရှိသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုမရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ပြင်ဆင်ဖွဲ့စည်းပေးရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့သည့်စာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
မန္တလေးမြို့

စာအမှတ်၊ ၁ / ၂ - ၁ / ၅ ဦး ၆ (၂၄၃ )
ရက် စွဲ ၊ ၂၀၁၇ ခုနှစ် ၊ ဒီဇင်ဘာလ ၂၀ ရက်

သို့
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

အကြောင်းအရာ။ ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် တာဝန်ပေးအပ်ရန် လျာထားအမည်စာရင်းများအား ပြင်ဆင်ပေးပို့ခြင်း

ရည် ညွှန်း ချက် ။ မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ၁၆-၁၂-၂၀၁၇ ရက်စွဲပါ စာအမှတ် ၊ ၀၀၂ / ၁ - ၂ / တကရ(၄၁၂)

ရည်ညွှန်းပါစာဖြင့် ပေးပို့ထားသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် အသစ်ပြန်လည်ဖွဲ့စည်းရန်အတွက် ဥက္ကဋ္ဌ/အဖွဲ့ဝင် လျာထားအမည်စာရင်းများအနက် မတ္တရာ၊ သပိတ်ကျင်း၊ မိတ္ထီလာ ၊ မလှိုင်၊ သာစည်နှင့် မြင်းခြံမြို့နယ်များ၏ အမည်စာရင်းအား လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရန် ပြင်ဆင်ပေးပို့အပ်ပါသည်။

ပူးတွဲ - ဇယား ၆ ရွက်

20/12/17
ဒေါက်တာဇော်မြင့်မောင်
ဝန်ကြီးချုပ်

မိတ္တူကို
မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
လက်ခံစာတွဲ

လျှို့ဝှက်

### မတ္တရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် လျာထားအမည်စာရင်း

| စဉ် | အမည် | လျာထားတာဝန် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | မွေးသက္ကရာဇ်/အသက် | ပညာအရည်အချင်း | လူမျိုး/ဘာသာ | နေရပ်လိပ်စာနှင့်ဆက်သွယ်ရမည့်ဖုန်းနံပါတ် | ဆောင်ရွက်ခဲ့ဖူးသောအလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဦးသန်းထွန်း | ဥက္ကဋ္ဌ | ၈/ပခက(နိုင်) ၁၃၅၇၄၅ | ၂၄-၈-၁၉၅၆ (၆၁)နှစ် | B.Sc (Math) | ဗမာ/ ဗုဒ္ဓ | အမှတ်(၅)၊ ဘုရင့်နောင်(မ) ၃လမ်း၊ ၀၉-၇၇၆၈၆၉၅၄ | မြို့နယ်ရဲတပ်ဖွဲ့မှူး (ငြိမ်း) | |
| ၂ | ဦးခင်မောင်ဌေး | အဖွဲ့ဝင်(၁) | ၉/မတရ(နိုင်) ၀၁၃၇၉၉ | ၁၂-၉-၁၉၅၃ (၆၄)နှစ် | B.Sc (Phy) | ဗမာ/ ဗုဒ္ဓ | အမှတ်( ၂)၊ ဗိုလ်တေဇရပ်၊ ၀၉-၂၀၂၃၇၅၆ | မြို့နယ်ဦးစီးမှူး၊ သမ(ငြိမ်း) | |
| ၃ | ဦးမြစိန် | အဖွဲ့ဝင်(၂) | ၉/မတရ(နိုင်) ၀၀၂၈၃၇ | ၂၂-၁၂-၁၉၅၅ (၆၂)နှစ် | B.Ed | ဗမာ/ ဗုဒ္ဓ | မြို့လယ်ရပ်၊ အမှတ်(၃) ၀၉-၇၉၆၉၁၄၉၀၅ | အထပြ (ငြိမ်း) | |
| ၄ | ဦးတင်လှ | အဖွဲ့ဝင်(၃) | ၉/မတရ(နိုင်) ၀၀၃၀၆၈ | ၈-၃-၁၉၅၂ (၆၆)နှစ် | B.A (Eco) | ဗမာ/ ဗုဒ္ဓ | မြို့လယ်ရပ်၊ အမှတ်(၃) ၀၉-၃၃၂၈၃၁၂၄ | ကထိက (ငြိမ်း) | |
| ၅ | ဒေါ်ကျင်ဝင်း | အဖွဲ့ဝင်(၄) | ၉/မတရ(နိုင်) ၀၅၃၃၈၁ | ၂၂-၃-၁၉၅၈ (၅၉)နှစ် | B.A,B.Ed | ဗမာ/ ဗုဒ္ဓ | စကျင်ရွာ၊ ၀၉-၄၄၄၀၁၃၇၄၅ | ဒုမြို့နယ်ပညာရေးမှူး (ငြိမ်း) | |
| ၆ | ဦးခင်မောင်လေး | အဖွဲ့ဝင်(၅) | ၉/မတရ(နိုင်) ၀၀၈၆၄၇ | ၄-၁-၁၉၆၃ (၅၅)နှစ် | B.A (Geog) | ဗမာ/ ဗုဒ္ဓ | အမှတ်(၂)ရပ်ကွက် ဘူတာ(မ) | ကုန်သွယ်စီမံ(ဂျာ) (ငြိမ်း) | |

### သပိတ်ကျင်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် လျာထားအမည်စာရင်း

| စဉ် | အမည် | လျာထားတာဝန် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | မွေးသက္ကရာဇ်/အသက် | ပညာအရည်အချင်း | လူမျိုး/ဘာသာ | နေရပ်လိပ်စာနှင့်ဆက်သွယ်ရမည့်ဖုန်းနံပါတ် | ဆောင်ရွက်ခဲ့ဖူးသောအလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဦးလှမြတ်စိုး | ဥက္ကဋ္ဌ | ၉/သပက(နိုင်) ၀၁၃၀၁၈ | ၂၉-၈-၁၉၅၇ (၆၀)နှစ် | B.Sc (Phy) | ဗမာ/ ဗုဒ္ဓ | ရွှေဥယျာဉ် ၀၉-၄၂၇၅၇၃၃၆၉ | မန်နေဂျာ မြို့နယ်သမအသင်း | |
| ၂ | ဒေါ်မူမူစန်း | အဖွဲ့ဝင်(၁) | ၉/သပက(နိုင်) ၀၁၇၉၆၇ | ၅-၆-၁၉၆၇ (၅၀)နှစ် | B.A (Geog) | ဗမာ/ ဗုဒ္ဓ | ဆိပ်ကမ်းရပ် ၀၈၆-၃၀၀၃၁ | အရောင်းအဝယ် | |
| ၃ | ဦးစိန်ကျော် | အဖွဲ့ဝင်(၂) | ၉/သပက(နိုင်) ၀၀၆၇၄၇ | ၅-၇-၁၉၅၄ (၆၃)နှစ် | အပတ(ခ) | ဗမာ/ ဗုဒ္ဓ | ဆိပ်ကမ်းရပ် ၀၉-၄၅၅၆၆၀၆၆၉ | ရုံးအုပ်ကြီး (ငြိမ်း) | |
| ၄ | ဦးအုန်းကြွေ | အဖွဲ့ဝင်(၃) | ၉/သပက(နိုင်) ၀၁၀၁၄၉ | ၁၀-၁၀-၁၉၆၂ (၅၆)နှစ် | အပတ (အောင်) | ဗမာ/ ဗုဒ္ဓ | ကြာညှပ်ကျေးရွာ ၀၉-၉၆၀၁၈၄၃၇၁ | မူအုပ်(ငြိမ်း) | |
| ၅ | ဦးသိန်းဝင်း | အဖွဲ့ဝင်(၄) | ၉/သပက(နိုင်) ၀၁၂၇၇၂ | ၃-၆-၁၉၆၇ (၅၀)နှစ် | အပတ (အောင်) | ဗမာ/ ဗုဒ္ဓ | ကဘဲ့ရပ် ၀၉-၄၄၀၄၂၈၂၅၁ | အရောင်းအဝယ် | |
| ၆ | ဦးမောင်စိုး | အဖွဲ့ဝင်(၅) | ၉/သပက(နိုင်) ၀၁၈၉၂၄ | ၂၂-၁၂-၁၉၆၃ (၅၄)နှစ် | B.A (Myan) | ဗမာ/ ဗုဒ္ဓ | တွင်းငယ်ရွာ ၀၉-၄၄၀၆၆၈၀၄၆ | ကျောင်းဆရာ | |

အချပ်ပို ၆ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

အချပ်ပို ၅ မှ

မိတ္ထီလာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် လျာထားအမည်စာရင်း

| စဉ် | အမည် | လျာထားတာဝန် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | မွေးသက္ကရာဇ်/အသက် | ပညာအရည်အချင်း | လူမျိုး/ဘာသာ | နေရပ်လိပ်စာနှင့်ဆက်သွယ်ရမည့်ဖုန်းနံပါတ် | ဆောင်ရွက်ခဲ့ဖူးသောအလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဦးဇော်ဝင်း | ဥက္ကဋ္ဌ | ၉/မထလ(နိုင်) ၀၆၇၃၃၉ | ၁၃-၄-၁၉၆၂ (၅၅)နှစ် | B.Sc (Math) | ဗမာ/ ဗုဒ္ဓ | နန်းတော်ကုန်းရပ်ကွက် ၀၉-၄၃၀၄၄၀၉၅ | ရပ်ကွက်အုပ်ချုပ်ရေးမှူးတာဝန် ရွေးကောက်ပွဲလုပ်ငန်းစဉ်များဆောင်ရွက် | |
| ၂ | ဦးမြင့်သိန်းထွန်း | အဖွဲ့ဝင်(၁) | ၉/မထလ(နိုင်) ၀၁၁၁၅၂ | ၂၄-၁၂-၁၉၆၈ (၄၉)နှစ် | B.Sc (I.C) | ဗမာ/ ဗုဒ္ဓ | ရန်မျိုးအောင်ရပ် ၀၉-၂၂၀၀၀၃၈ | - | |
| ၃ | ဦးမော်ဆွေထူး | အဖွဲ့ဝင်(၂) | ၁/မကန(နိုင်) ၀၅၁၆၆၃ | ၇-၆-၁၉၇၀ (၄၇)နှစ် | B.A (Myan) | ဗမာ/ ဗုဒ္ဓ | အမှတ်(၁၂၅)၊ ခွာညိုလမ်းသွယ် ၀၉-၉၆၀၁၇၄၄၄၈ | - | |
| ၄ | ဦးကိုကိုမောင် | အဖွဲ့ဝင်(၃) | ၉/မထလ(နိုင်) ၁၅၆၀၈၃ | ၁၃-၅-၁၉၆၆ (၅၂)နှစ် | B.Sc (Math) | ဗမာ/ ဗုဒ္ဓ | မြို့မ(၄)ရပ်ကွက် ၀၉-၄၃၁၇၆၉၅၅ | ဖောင်တော်ဦးဘုရားတွဲဖက်အတွင်းရေးမှူး | |
| ၅ | ဦးဇော်ဦး | အဖွဲ့ဝင်(၄) | ၉/မလန(နိုင်) ၀၇၉၄၅၀ | ၁၀-၂-၁၉၆၆ (၅၁)နှစ် | B.Ag(Q) | ဗမာ/ ဗုဒ္ဓ | ၀၉-၂၂၀၀၅၄၆၄ | ကုန်သည် | |
| ၆ | ဒေါ်ဝင်းမာ | အဖွဲ့ဝင်(၅) | ၉/မထလ(နိုင်) ၀၁၅၂၄၀ | ၂၉-၈-၁၉၅၁ (၆၂)နှစ် | B.A (Hist) | ဗမာ/ ဗုဒ္ဓ | ၀၉-၄၂၈၃၂၉၅ | မူအုပ်(ငြိမ်း) | |

မလှိုင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် လျာထားအမည်စာရင်း

| စဉ် | အမည် | လျာထားတာဝန် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | မွေးသက္ကရာဇ်/အသက် | ပညာအရည်အချင်း | လူမျိုး/ဘာသာ | နေရပ်လိပ်စာနှင့်ဆက်သွယ်ရမည့်ဖုန်းနံပါတ် | ဆောင်ရွက်ခဲ့ဖူးသောအလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဦးမောင်မောင်တင် | ဥက္ကဋ္ဌ | ၉/မလန(နိုင်) ၀၈၆၃၇၉ | ၁၄-၁၁-၁၉၅၁ (၆၆)နှစ် | B.Sc(Geol) | ဗမာ/ ဗုဒ္ဓ | အမှတ်(၄)ရပ်ကွက် ၀၉-၉၇၁၃၈၉၃၅၀ | ကုန်သည် | |
| ၂ | ဒေါ်ခင်စန်းမေ | အဖွဲ့ဝင်(၁) | ၉/မလန(နိုင်) ၀၈၆၃၈၀ | ၂၄-၃-၁၉၅၅ (၆၃)နှစ် | B.Com | ဗမာ/ ဗုဒ္ဓ | မုံပင်လေးရပ် ၀၉-၇၉၈၃၈၂၄၃ | မြို့နယ်စာရင်းစစ်အရာရှိ(ငြိမ်း) | |
| ၃ | ဒေါက်တာဒေါ်ပြုံး | အဖွဲ့ဝင်(၂) | ၉/မလန(နိုင်) ၀၀၆၉၅၃ | ၁၃-၆-၁၉၅၆ (၆၂)နှစ် | Ph.D | ဗမာ/ ဗုဒ္ဓ | အမှတ်(၄)ရပ်ကွက် ရပ်ကွက်ကြီး(၄) ၀၉-၄၀၀၄၃၈၁၄၈ | ပါမောက္ခ(ငြိမ်း) | |
| ၄ | ဦးဝင်းမောင် | အဖွဲ့ဝင်(၃) | ၉/မလန(နိုင်) ၀၄၄၀၂၀ | ၅-၁-၁၉၅၁ (၆၆)နှစ် | ဝိဇ္ဇာဘွဲ့ (သမိုင်း) | ဗမာ/ ဗုဒ္ဓ | ပန်းအိုင် | သမဝါယမ(ငြိမ်း) | |
| ၅ | ဦးသာချို | အဖွဲ့ဝင်(၄) | ၉/မလန(နိုင်) ၀၆၃၇၄၇ | ၂-၃-၁၉၅၂ (၆၅)နှစ် | B.Ecom | ဗမာ/ ဗုဒ္ဓ | အမှတ်(၂)ရပ်ကွက် ၀၉-၂၅၆၀၄၂၆၂ | အခွန်ဦးစီးမှူး (ငြိမ်း) | |
| ၆ | ဦးဇော်မျိုးအောင် | အဖွဲ့ဝင်(၅) | ၉/မလန(နိုင်) ၀၀၀၁၀၅ | ၂၅-၂-၁၉၅၆ (၆၂)နှစ် | B.Sc(Zol) | ဗမာ/ ဗုဒ္ဓ | အမှတ်(၁)ရပ်ကွက် ၀၉-၉၇၄၂၁၅၆၁၂ | ကုန်သည် | |

သာစည်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် လျာထားအမည်စာရင်း

| စဉ် | အမည် | လျာထားတာဝန် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | မွေးသက္ကရာဇ်/အသက် | ပညာအရည်အချင်း | လူမျိုး/ဘာသာ | နေရပ်လိပ်စာနှင့်ဆက်သွယ်ရမည့်ဖုန်းနံပါတ် | ဆောင်ရွက်ခဲ့ဖူးသောအလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဦးဝင်းမြင့်ဦး | ဥက္ကဋ္ဌ | ၉/သစန(နိုင်) ၀၀၅၀၆၁ | ၃၀-၁၂-၁၉၅၄ (၆၃)နှစ် | B.Sc,B.Ed | ဗမာ/ ဗုဒ္ဓ | အမှတ်(၄)၊ ထိန်ကန်ရပ်ကွက် ၀၉-၇၉၆၇၆၂၁၀၂ | တိုင်းဦးစီးအရာရှိ (စစ်ဆေး)(ငြိမ်း) တိုင်းပညာ | |
| ၂ | ဦးထိန်မင်း | အဖွဲ့ဝင်(၁) | ၉/သစန(နိုင်) ၀၁၁၇၅၅ | ၇-၄-၁၉၅၂ (၆၅)နှစ် | B.A,B.Ed | ဗမာ/ ဗုဒ္ဓ | အမှတ်(၇)ရပ်ကွက် ၀၉-၂၅၆၂၆၄၇၃၄ | မြို့နယ်ပညာရေးမှူး (ငြိမ်း)၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင် ၂၀၁၅ | |
| ၃ | ဦးကျော်ကျော် | အဖွဲ့ဝင်(၂) | ၉/သစန(နိုင်) ၀၁၂၅၆၁ | ၁၅-၄-၁၉၄၉ (၆၈)နှစ် | LLB,B.Ed | ဗမာ/ ဗုဒ္ဓ | အမှတ်(၅)ရပ်ကွက် ၀၉-၄၀၂၆၈၉၉၅၀ | အထပြ(ငြိမ်း) | |
| ၄ | ဦးရဲမြင့် | အဖွဲ့ဝင်(၃) | ၉/သစန(နိုင်) ၀၇၁၇၃၀ | ၂၄-၈-၁၉၆၈ (၄၉)နှစ် | B.A(Myan) AGTI(MP) | ဗမာ/ ဗုဒ္ဓ | အမှတ်(၁)ရပ်ကွက် ငါးဆူတိုးချဲ့ ၀၉-၇၈၇၅၇၄၉၂၆ | ဒုဦးစီးမှူး(ငြိမ်း) စက်မှုလယ်ယာ | |
| ၅ | ဒေါ်နုနု | အဖွဲ့ဝင်(၄) | ၉/သစန(နိုင်) ၀၆၁၈၂၉ | ၄-၄-၁၉၆၀ (၅၇)နှစ် | B.Sc (Chem) | ဗမာ/ ဗုဒ္ဓ | အမှတ်(၅)ရပ်ကွက် ၀၉-၇၉၃၉၆၉၀၆၈ | အလပြ(ငြိမ်း) | |
| ၆ | ဦးမြင့်သူဝင်း | အဖွဲ့ဝင်(၅) | ၉/ပဘန(နိုင်) ၀၀၃၁၉၀ | ၇-၂-၁၉၆၃ (၅၄)နှစ် | B.Sc(Math) | ဗမာ/ ဗုဒ္ဓ | အမှတ်(၁)ရပ်ကွက် ၀၉-၄၀၂၇၄၆၆၂၉ | ကုန်သည် | |

အချပ်ပို ၇ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

အချပ်ပို ၆ မှ

မြင်းခြံမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် လျာထားအမည်စာရင်း

